# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


### ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၂ ရက်၊ စနေနေ့။ Saturday 26 May 2018 ၄၂၉၈


# ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို ရှာဖွေရာတွင် ခွန်အားနှင့် သတ္တိများ မွေးမြူနိုင်ရေး အားပေးတိုက်တွန်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဘာသာပေါင်းစုံကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာနှင့်ပြည်တွင်းမှ Religions for Peace (RfP)နှင့် အခြားဘာသာပေါင်းစုံအဖွဲ့များမှ အဖွဲ့ဝင် ၁၈ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



ထိုသို့တွေ့ဆုံစဉ် ကိုယ်စားလှယ်အဖွဲ့ဝင်များက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ အပြန်အလှန်ချိတ်ဆက်မှု၊ ငြိမ်းချမ်းသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ပညာရေးကဏ္ဍ၏ အရေးပါမှုတို့ကို ဖော်ညွှန်းလျက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ အမြင်သဘောထားနှင့် ဆောင်ရွက်ချက်များကို တင်ပြခဲ့ပြီး ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် ၎င်းတို့၏ ကတိကဝတ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လူတိုင်းသည် ငြိမ်းချမ်းရေးနှင့် မေတ္တာတရားကို လိုလားကြသကဲ့သို့ မေတ္တာထားခြင်းကိုလည်း ခံယူလိုကြကြောင်း၊ ဘာသာတရားအားလုံးသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် မေတ္တာတရား ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က လူသားများအနေဖြင့် မကောင်းသည့်အမြင်ကို ရှောင်ရှား၍ ကောင်းမွန်သည့် သဘောထားအမြင်ကိုသာ အလေးပေးသင့်ကြောင်း၊ တစ်ပါးသူအပေါ် မေတ္တာထားနိုင်မှသာ မိမိတို့လည်း မေတ္တာ ပြန်လည်ရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးနှင့် အနာဂတ်လူ့အဖွဲ့အစည်း အတွက် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို ရှာဖွေရာတွင် ခွန်အားနှင့်သတ္တိများ မွေးမြူနိုင်ရေးအတွက် လူသားများကို အားပေးတိုက်တွန်းရန် ကိုယ်စားလှယ်အဖွဲ့အား မေတ္တာရပ်ခံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတောင်ပိုင်းသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပြီးဖြစ်

**နေပြည်တော် မေ ၂၅**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**


ကလေးသူငယ်ဖြစ်စေ၊ အရွယ်ရောက်ပြီးသူဖြစ်စေ မုဒိမ်းပြုကျင့် သတ်ဖြတ်ခံရမှုပေါ်ပေါက်ပါက သေဒဏ်ကို မလွဲမသွေချမှတ်ရမည်ဖြစ် — စာမျက်နှာ - ၅

သစ်တောဥပဒေကြမ်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး — စာမျက်နှာ - ၆

မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနု နေအိမ်ပြခန်းဖွင့်လှစ် — စာမျက်နှာ - ၁၇





ကြေးမုံ

# အိမ်နီးချင်းကောင်းပီသစွာဖြင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များ၏ နောက်ဆက်တွဲအကျိုးဆက်ဖြစ်သည့် ထွက်ပြေးတိမ်းရှောင်သွားသူများအရေးကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရတို့က ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် ထိုအရေးကို ဖြေရှင်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံသဘောတူစာချုပ်ကို ဖောက်ဖျက်စေသော ပြုလုပ်မှုများ၊ ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများကြောင့် နှစ်နိုင်ငံနယ်စပ်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသော သဘောဖြစ်စေပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များ ဖောက်ဖျက်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်က မေလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ နယ်နိမိတ်မိုင်တိုင် (၃၄)နှင့်(၃၅)အကြား နယ်စပ်လုံခြုံရေးရာကိစ္စများအား ဆွေးနွေး၍ သတိထောက်လှာ ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် တပ်ရင်းမှူးများအဆင့် တွေ့ဆုံဆွေးနွေးပွဲကို မေလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူးက ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် တာဝန်ရှိသူများအား နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မဖြစ်ပေါ်သင့်သောကိစ္စများကို ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။ ထိုတွေ့ဆုံပွဲမတိုင်မီ မေလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက မြန်မာဘက်ခြမ်း (တောင်ပြို-ဝဲ ဝင်/ထွက်)တံတားအနီးရှိ ရှင်းလင်းဆောင်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူးက အဆိုပါကိစ္စများကို အသိပေးပြောကြားခဲ့ပြီးဖြစ်သည်။

မေလ ၁၆ ရက် တွေ့ဆုံဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် တပ်ရင်းမှူးက နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်သူများအား ၎င်းတို့ထောက်ပံ့ပေးခြင်းမရှိကြောင်း၊ အဆောက်အအုံနှင့်ပတ်သက်၍ နယ်စပ်ရေးရာကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရှိပါကြောင်း၊ သို့ရာတွင် နေရပ်စွန့်ခွာသူများမှာ ကမ္ဘာ့အဖွဲ့အစည်းများမှ ထောက်ပံ့ပေးမှုကြောင့် ရပ်တည်၍ရနေခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ မေလ ၂၃ ရက်နေ့ တွေ့ဆုံဆွေးနွေးပွဲတွင်မူ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မပြုလုပ်သင့်သောကိစ္စများကို ရှင်းလင်းပြောကြားခြင်းမရှိဘဲ ၎င်းတို့၏ လိုလားချက်များကိုသာ ပြောကြားခဲ့သည်ကို တွေ့ရသည်။

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လုပ်ဆောင်မှုများသည် ကုလသမဂ္ဂစည်းမျဉ်းအရ မလုပ်ဆောင်သင့်သောကိစ္စများသာ ဖြစ်သည်။ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး လူမနေထိုင်ရန် သတ်မှတ်ထားသည့်နေရာတွင် လူဦးရေတိုးပွားလာမှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လျစ်လျူရှုပြီး ထောက်ခံအားပေးသည့် သဘောဆောင်နေသည်။ ထို့ကြောင့် အသံချဲ့စက်ဖြင့် သတိပေးတားမြစ်မှုများ မြန်မာနိုင်ငံမှ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကုလသမဂ္ဂစည်းမျဉ်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ပါက ထိုသို့လုပ်ဆောင်ရန် လိုမည်မဟုတ်ချေ။ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့်ဇုန်အတွင်း၌ တဲအသစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းများအား ရပ်ဆိုင်းသင့်ပြီး ရိက္ခာလာရောက်ပေးပို့နေမှုများနှင့် လုံခြုံရေးလိုက်ပါကူညီပေးနေမှုများရှိနေရာ ရှေ့စကား၊ နောက်စကားမညီသဖြင့် ကန့်ကွက်ရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံနေထိုင်ပြီး ကုလသမဂ္ဂက ပြဋ္ဌာန်းထားသော စည်းမျဉ်းများ၊ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ဆောက်ရွက်မည်ဆိုပါက နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်ပြီး နှစ်နိုင်ငံနယ်စပ် တည်ငြိမ်အေးချမ်းရေးအတွက် ရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းနိုင်ပါကြောင်း။ ။

# ကိုရီးယားကုန်စည်ပြပွဲ ပြခန်းပေါင်း ၁၂၀ တွင် ပစ္စည်းအမျိုးအစားစုံ ပြသ



**နေပြည်တော် မေ ၂၅**

“2018 Korea-EXPO” ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ယမန်နေ့က ပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ကိုရီးယား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၇၅ ခုနှစ်က စတင်ခဲ့ပြီး ယနေ့အချိန်အထိ ၄၃ နှစ်ရှိပြီဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ပြီး အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ယနေ့ပြပွဲမှတစ်ဆင့် နှစ်နိုင်ငံထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပိုမိုဈေးကွက်ဖော်ဆောင်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံ အပြန်အလှန်အလားအလာရှိသော ပို့ကုန်ကုန်စည်များ ရှာဖွေဖော်ထုတ်ပေးနိုင်မည့် အခွင့်အလမ်းများရရှိမည် ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုနှင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန် ဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် မြန်မာနိုင်ငံတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းများ အနေဖြင့် လာရောက် ရင်းနှီးမြှုပ်နှံရန် အသင့်တော်ဆုံး အချိန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပို့ကုန်များ အရည်အသွေး ထိန်းသိမ်းနိုင်ရန်နှင့် ကုန်ကျစရိတ် လျှော့ချယှဉ်ပြိုင်နိုင်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံတကာအဆင့်မီ Logistic Hub များ လိုအပ်လျက်ရှိရာ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့်ကိုရီးယားသမ္မတနိုင်ငံ HUBS MK Co.,Ltd တို့ ပူးပေါင်း၍ Logistic Hub များ တည်ဆောက်ရေး စီမံကိန်းအတွက် သဘောတူညီချက် မှတ်တမ်းကို နေပြည်တော်တွင် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့နောက် ကုန်စည်ပြပွဲမှုခ်ဦးအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ “2018 Korea-EXPO” ကို မေ ၂၄ ရက်မှ ၂၇ ရက်အထိ ပြသမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၂၀ တွင် ကိုရီးယားနိုင်ငံထုတ် အဆင့်မြင့်အရည်အသွေးကောင်း လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများအား အမျိုးအစားစုံလင်စွာဖြင့် ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၄၅၀၀ | - | ၉၃၄၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၄၅၀၀ | - | ၉၃၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၀ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၂၀ ကျပ်၊ | ၉၉၀/၁၀၁၅ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၇၀ ကျပ်၊ | ၉၅၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၂၅ ကျပ်၊ | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၅၀/၈၆၂ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၆၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၃၁၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၆၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၇.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၄၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကျောင်းအပ်ကြပါစို့

❖ တို့ဥယျာဉ်နန်း
ရောင်စုံပန်းဖြင့်
ပွင့်လန်းစေဖို့
စိုက်ပျိုးစို့။

❖ တို့နိုင်ငံနန်း
ပညာပန်းဖြင့်
ပွင့်လန်းစေဖို့
ကျောင်းအပ်စို့။

❖ တို့နိုင်ငံနန်း
ပညာစွမ်းဖြင့်
အေးချမ်းစေဖို့
တည်ဆောက်စို့။

❖ တို့နိုင်ငံသား
ပညာအားဖြင့်
တိုးပွားစေကြောင်း
လူတော်ကောင်းဖို့
ကျောင်းနေအရွယ်ကလေးတိုင်း
ကျောင်းအပ်ကြပါစို့။ ။

**စိုးအောင်(ပညာရေး)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၁၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၀၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တပညာလင်္ကာရနှင့် သံဃာတော် ကိုးပါး၊ နေပြည်တော် တပ်ကုန်းမြို့ ကျောင်းသစ်ကျောင်းတိုက်မှ သံဃာတော် ကိုးပါး ပေါင်း သံဃာတော် ၁၉ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံး ဝန်ထမ်းများ၊ တပ်နယ်ဝတ်အသင်း အင်အား ၂၀၀ စုစုပေါင်း အင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မေ ၂၉ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါကြောင်း သတင်းရရှိသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်မည့် ဘက်စုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းဆောင်ရွက်ရေးနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) တို့ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် သက်ဆိုင်သော ကျောင်းဆောက်လုပ်ရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့တို့မှ Executive Director များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director, Mr. Yuji Mori နှင့် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ Executive Director ဦးတင်လေးတို့က နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director, Mr. Yuji Mori တို့က ဘက်စုံဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director, Mr. Yuji Mori၊ စေတနာအဖွဲ့မှ Executive Director ဦးတင်လေးတို့က ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် သက်ဆိုင်သော ကျောင်းဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး နားလည်မှုစာချွန်လွှာအား အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယခု လက်မှတ်ရေးထိုးသည့် စီမံကိန်းအနေဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တစ်နှစ်တာကာလအတွင်း ငွေကျပ် ၂၅ ဘီလီယံဖြင့် ဘက်စုံဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စေတနာအဖွဲ့နှင့် လက်မှတ်ရေးထိုးသည့် စီမံကိန်းအနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စာသင်ကျောင်း ၁၂၀ ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်း ၅၀ ပြုပြင်ခြင်းလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့တွင် သွားနှင့်ခံတွင်းရောဂါများ အခမဲ့ကုသပေး

**မော်လမြိုင် မေ ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်ပရဟိတအသင်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Royal Hinthar Hotel ၌ ယနေ့ နံနက်ပိုင်းက စတင်ကုသပေးလျက်ရှိသည်။

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်ပရဟိတအသင်း၏ လမ်းစဉ်လုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး ယခုပြုလုပ်သည့် သွားနှင့်ခံတွင်း ကုသပေးခြင်းကို နေပြည်တော်ဥတ္တရသီရိသွားဆေးရုံကြီးမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင် ဦးဆောင်သော ဆရာဝန်များက အခမဲ့ကြည့်ရှုစစ်ဆေးပေးခြင်းဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် သွားဘက်ဆိုင်ရာရောဂါများ ကုသပေးသည့်အပြင် သွားတုနှင့် အံကပ်များကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ပြီး မော်လမြိုင်မြို့အပါအဝင် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများအထိပါ ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်ပရဟိတအသင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆေးကောင်စီသည် နိုင်ငံတော်အစိုးရ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သွားဘက်ဆိုင်ရာ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို ဖိတ်ခေါ်ပါက အခမဲ့ လိုက်လံကုသပေးလျက်ရှိကြောင်း သိရသည်။

ယခုကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် မွန်ပြည်နယ်အတွင်းရှိ သွားနှင့်ခံတွင်း ရောဂါဝေဒနာရှင်များကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၁ ဦး၊ သွားတုပညာရှင် လေးဦး၊ အကူ ရှစ်ဦးတို့ဖြင့် အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန

“၂၀၁၈-၂၀၁၉ ပညာသင်နှစ်”

အသိပေးကြေညာချက်

- **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။**
- **၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။**

ပညာရေးဝန်ကြီးဌာန

ကြေးမုံ
မေ ၂၆၊ ၂၀၁၈



# အကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေအသစ်တစ်ရပ် အင်ဒိုနီးရှားပါလီမန် အတည်ပြု

**ဂျကာတာ မေ ၂၅**
အင်ဒိုနီးရှားနိုင်ငံအတွင်း အကြမ်းဖက်မှုများ အဆက်မပြတ်ဖြစ်ပွားလာခဲ့သဖြင့် အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို အင်ဒိုနီးရှားအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် အကြမ်းဖက်မှုများ ဆန့်ကျင်တိုက်ဖျက်သည့် ဥပဒေအသစ်တစ်ရပ်ကို ပါလီမန်အမတ်များက တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အကြမ်းဖက်မှုများ တိုက်ဖျက်ချေမှုန်းရာတွင် ရဲအရာရှိများနှင့် စစ်တပ်ဖွဲ့များအား လုပ်ပိုင်ခွင့်အာဏာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များကို အဆိုပါဥပဒေတွင် ခွင့်ပြုပေးထားကြောင်း သိရသည်။

အကြမ်းဖက်မှုနှင့် ပတ်သက်သူ(သို့မဟုတ်) အကြမ်းဖက်မှုကျူးလွန်ရန် ကြိုးပမ်းသူများအား ယခင်က ခုနစ်ရက်ခန့်သာ ဖမ်းဆီးရန် အခွင့်အာဏာရှိခဲ့သော်လည်း ယခုဥပဒေသစ်တွင် ၂၁ ရက်ခန့် ဖမ်းဆီးထိန်းသိမ်းထားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံအတွင်းဖြစ်စေ(သို့မဟုတ်) ပြည်ပနိုင်ငံများတွင်ဖြစ်စေ စစ်သင်တန်းတက်ရောက်သူများ (သို့မဟုတ်) အကြမ်းဖက်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်သူများအား အာဏာပိုင်များက တရားစွဲဆိုနိုင်မည်ဖြစ်သည်ဟု ဥပဒေအသစ်တွင် ပြဋ္ဌာန်းထားကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား သစ္စာခံသူများက နိုင်ငံအနှံ့အပြားတွင် အသေခံဗုံးဖောက်ခွဲမှုများ အဆက်မပြတ်လုပ်ဆောင်ခဲ့ရာ လူ ၁၃ ဦးသေဆုံးခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါအကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# မလေးရှားဝန်ကြီးချုပ်ဟောင်း နေအိမ်မှ ငွေသားရင်းဂစ် ၁၁၄ သန်းခန့် သိမ်းဆည်းရမိ

**ကွာလာလမ်ပူ မေ ၂၅**
မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်၏ နေအိမ်ခြံဝင်းအတွင်းမှ ရင်းဂစ်ငွေ ၁၁၄ သန်း(အမေရိကန်ဒေါ်လာ ၂၉ သန်း)ခန့် တန်ဖိုးရှိ ငွေသားများပါရှိသော အိတ်ပေါင်း ၃၅ အိတ်ကို မိမိတို့သိမ်းဆည်းရမိခဲ့ကြောင်း စီးပွားရေးဆိုင်ရာ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန(စီစီအိုင်ဒီ) အကြီးအကဲအမ်မာဆင်းက မေ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

နာဂျစ်၏နေအိမ်အတွင်းမှ လက်ဝတ်ရတနာများနှင့် လက်ပတ်နာရီများပါဝင်သော အိတ်ပေါင်း ၃၇ အိတ်ကိုလည်း သိမ်းဆည်းရမိခဲ့ပြီး ယင်းပစ္စည်းများ၏ ကာလပေါက်တန်ဖိုးကို တွက်ချက်ရခြင်းမရှိသေးကြောင်း စီစီအိုင်ဒီဌာနမှူး ဆင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သိမ်းဆည်းရမိသော ငွေသားများတွင် ငွေကြေး ၂၆ မျိုး ပါဝင်ကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ မေ ၁၈ ရက်တွင် ၎င်း၏ နေအိမ်ကို တာဝန်ရှိသူများက စီးနင်းရှာဖွေခဲ့ကြောင်း ဆင်းက ပြောကြားသည်။ ရှာဖွေတွေ့ရှိရသော ငွေကြေးများအနက် မလေးရှားနိုင်ငံသုံး ရင်းဂစ်ငွေနှင့် စင်ကာပူဒေါ်လာတို့က အများဆုံးဖြစ်သည်။

မြို့တော်ကွာလာလမ်ပူရှိ တိုက်ခန်းသုံးခန်းကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့ရာတွင် လက်ဝတ်ရတနာများ၊ ဖက်ရှင်လက်ကိုင်အိတ်များ၊ ရှူးဖိနပ်များ၊ လက်ပတ်နာရီများနှင့် ငွေသားများကို ရှာဖွေတွေ့ရှိခဲ့ရသည်။ **အေအက်ဖ်ပီ**

# ပျက်ကျသွားသည့် ကျူးဘားလေယာဉ်မှ ဒုတိယမြောက်ပျံသန်းမှု မှတ်တမ်းတင်စက်တွေ့ရှိ

**ဟာဗားနား မေ ၂၅**
ကျူးဘားနိုင်ငံ ဟာဗားနားမြို့အနီးတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ပျက်ကျသွားခဲ့သည့် ခရီးသည်တင်လေယာဉ်မှ ဒုတိယမြောက် ပျံသန်းမှုမှတ်တမ်းတင်စက်ကို ကျူးဘား၊ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံတို့မှ ကျွမ်းကျင်သူများက ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဗီဒီယိုမှတ်တမ်းပုံများနှင့် ဒေသခံများ၏ ထုတ်ဖော်ပြောဆိုချက်များအရ ပျံသန်းမှုမှတ်တမ်းတင်စက်ကို မေ ၂၄ ရက်တွင် ရှာဖွေတွေ့ရှိရကြောင်း၊ ပျက်ကျသွားခဲ့သော ဘိုးရင်း-၇၃၇ အမျိုးအစား လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်စက်အဖြစ် စက်နံပါတ်အရ အတည်ပြုနိုင်ကြောင်း ကျူးဘားမြို့ပြလေကြောင်းအာကာသတက္ကသိုလ် အကြီးအကဲ အာမန်ဒို ဒန်နီယယ် လိုပက်ဇ်က ပြောကြားသည်။ ယင်းလေယာဉ်ပျက်ကျမှုတွင် လူပေါင်း ၁၁၁ ဦး သေဆုံးခဲ့ရသည်။



အဆိုပါလေယာဉ်သည် မေ ၁၈ ရက်တွင် ဟာဗားနားမြို့ ဟိုဆေးမာတီလေဆိပ်မှ ပျံတက်ပြီးနောက် တစ်ခဏတာအတွင်းမှာပင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါလေယာဉ်မှ ပျံသန်းမှုမှတ်တမ်းတင်စက်တစ်လုံးကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် ကျူးဘားနိုင်ငံသား ၁၀၀၊ မက္ကဆီကိုနိုင်ငံသား လေယာဉ်အဖွဲ့သား ခြောက်ဦး၊ အာဂျင်တီးနားခရီးသည်နှစ်ဦး၊ မက္ကဆီကိုခရီးသည်တစ်ဦးနှင့် အနောက်ဆာဟာရဒေသမှ ခရီးသည်နှစ်ဦးတို့ သေဆုံးခဲ့သည်။ လေယာဉ်ပျက်ကျမှုမှ အသက်ရှင်ကျန်သူနှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဟာဗားနားမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူနေရသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ရန် လအတန်ကြာမျှ အချိန်ယူရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျဆောင်ရွက်သွားမည်ဟု ကျူးဘားမြို့ပြလေကြောင်း အာကာသတက္ကသိုလ်အကြီးအကဲ ဒန်နီယယ်က ပြောကြားသည်။

သက်တမ်း ၃၉ နှစ်ရှိပြီဖြစ်သည့် ဘိုးရင်း-၇၃၇ လေယာဉ်ကို မက္ကဆီကိုလေကြောင်းကုမ္ပဏီဂလိုဘယ်အဲက ကျူးဘားလေကြောင်းသို့ အငှားချထားခြင်းဖြစ်ပြီး ပြည်တွင်းခရီးစဉ်များ ပျံသန်းနေခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် ဟာဗားနားမြို့မှ နိုင်ငံအရှေ့ပိုင်းရှိ ဟူဂွင်မြို့သို့ ပျံသန်းစဉ် ပျက်ကျခဲ့ပြီး သေဆုံးသူအများစုမှာ အဆိုပါမြို့တွင် နေထိုင်သူများဖြစ်ကြသည်။

ယင်းဘိုးရင်းလေယာဉ်ကို ၁၉၇၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်နိုဝင်ဘာလတွင် နောက်ဆုံးစမ်းသပ်စစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် ပျံသန်းခွင့်ပြုချက်ရရှိခဲ့ကြောင်း မက္ကဆီကိုအစိုးရက ပြောကြားသည်။

**အေအက်ဖ်ပီ**

# မော်ရိုကို သဲကန္တာရအတွင်း ဥက္ကာခဲရှာဖွေ

**ရာဘက် မေ ၂၅**
အာကာသမှ ကြွေကျမြေခဲ့သော ဥက္ကာခဲများကို မော်ရိုကိုနိုင်ငံတောင်ပိုင်း သဲကန္တာရအတွင်း ဥက္ကာခဲမုဆိုးများက ရှာဖွေလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဥက္ကာခဲရှာဖွေသူများသည် ချစ်ချစ်တောက်ပူပြင်းလှသည့် အပူချိန်ကို မမှုဘဲ သဲကန္တာရအတွင်း မြေခဥက္ကာခဲများကို သဲသဲမဲမဲ ရှာဖွေလျက်ရှိကြသည်။ ဥက္ကာခဲများသည် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိစေသော အာကာသပစ္စည်းတစ်မျိုးဖြစ်သဖြင့် ပြန်လည်ရောင်းချနိုင်ရန် ရည်ရွယ်ကာ ဥက္ကာခဲများကို ရှာဖွေကြခြင်းဖြစ်သည်။

အင်အားပြင်းသော သံလိုက်တစ်ချောင်းနှင့် မှန်ဘီလူးတို့ကို အသုံးပြုကာ ဥက္ကာခဲရှာဖွေနေသူတစ်ဦးမှာ အငြိမ်းစားကာယပညာဆရာတစ်ဦးဖြစ်သူ မိုဟာမက် ဘူဇဂါရင်ဆိုသူဖြစ်သည်။ ဥက္ကာခဲသည် ရွှေထက်ပင် အဖိုးထိုက်တန်ကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**



# ကလေးသူငယ်ဖြစ်စေ၊ အရွယ်ရောက်ပြီးသူဖြစ်စေ မုဒိမ်းပြုကျင့် သတ်ဖြတ်ခံရမှုပေါ်ပေါက်ပါက သေဒဏ်ကို မလွဲမသွေ ချမှတ်ရမည်ဖြစ်

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းခြောက်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၏ **ကယားပြည်နယ်၏ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြှင့်တင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဖြေလျှော့ပေးမှုများအပါအဝင် ပြည်နယ်အစိုးရနှင့် မည်ကဲ့သို့ ချိတ်ဆက်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကယားပြည်နယ်အတွင်း ခရီးသွားကဏ္ဍအတွက် အဟန့်အတားဖြစ်နေသည့် ကန့်သတ်နယ်မြေကိစ္စများအား ငြိမ်းချမ်းရေးနှင့် နယ်မြေအေးချမ်းမှုအပေါ် မူတည်၍ ထပ်မံဖြေလျှော့ပေးနိုင်ရန် ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောက်စုံမြို့တို့ကို ညီအစ်မမြို့တော်အဖြစ်မြှင့်တင်ပြီး မယ်စဲ့မြို့(BP-13) နယ်စပ်ဝင်ပေါက်မှ ခရီးသည်ဝင်ရောက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ်သည် ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်သည့်အတွက် (BP-13) နယ်စပ်ဝင်ပေါက်ဖွင့်လှစ်နိုင်ပါက ထိုင်းနိုင်ငံမှ ခရီးသည်များ ပိုမိုဝင်ရောက်လည်ပတ်နိုင်ကြောင်း၊ သို့ပါ၍ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ပိုမိုတိုးတက်လာကာ ပြည်နယ်အတွင်းရှိ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်ကာ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြှင့်တင်လာရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် မေ ၂၆ ရက်တွင် လွိုင်ကော်မြို့၌ ကျင်းပမည့် ဖိုရမ်တွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍကို ဒုတိယဦးစားပေးအဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားပြခန်းများ ဖွင့်လှစ်ပြသပြီး စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများကို ခရီးစဉ်ဒေသအသစ်များသို့ လိုက်လံပို့ဆောင်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်၏ **သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်ပြင်းထန်စွာ အမြန်ဆုံး အပြစ်ပေးနိုင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး မည်သို့သောအစီအစဉ်များဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးတို့က ရှင်းလင်းဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သက်ငယ်မုဒိမ်းဖြစ်စဉ်ကို မည်သို့မှလက်ခံနိုင်သည့် ပြစ်မှုမျိုးမဟုတ်သည့်အတွက် လူမဆန်သည့် လုပ်ရပ်မျိုးသတ်မှတ်ပြီး ဖြစ်စဉ်များလျော့နည်းပပျောက်စေရန်၊ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ထိရောက်စွာ ကာကွယ်ပေးနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန်နှင့် မြို့ပေါ်နှင့် ကျေးလက်များပါမကျန် လူထုလူတန်းစားအလွှာအသီးသီးတွင် ဥပဒေနှင့်မှုခင်းအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ပြစ်မှုဖြစ်ပွားမှုကို တွန်းအားဖြစ်စေသည့် ကိစ္စရပ်များကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းများအပေါ် သုံးသပ်ပြီး အစီအမံများရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ ဖြစ်ပွားလာသည့် အမှုများကို ခိုင်မာစွာတရားစွဲဆိုပြီး ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိရောက်သည့်ပြစ်ဒဏ်များချမှတ်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှရေးဆွဲလျက်ရှိခြင်း၊ ပြစ်မှုကျူးလွန်ခံရသူ ကလေးသူငယ်စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွဲ့စည်းထားပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်



သနပ်ပင်မဲဆန္ဒနယ်မှ
ဦးမြင့်ဦး

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက မုဒိမ်းမှုနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ ပြစ်မှုကျူးလွန်သည့်တရားခံကို ထောင်ဒဏ်နှစ် ၂၀ ဖြစ်စေ၊ ၁၀ နှစ်အထိဖြစ်စေ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါကြောင်း၊ သို့သော် တရားခံက အရွယ်မရောက်သေးသူ ကလေးသူငယ်ဖြစ်စေ၊ အရွယ်ရောက်ပြီးသူဖြစ်စေ မုဒိမ်းပြုကျင့်သတ်ဖြတ်ခံရမှု ပေါ်ပေါက်ပါက တရားခံကို တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)အရ သေဒဏ်မှအပ အခြားပြစ်ဒဏ် ချမှတ်နိုင်ခြင်းမရှိသဖြင့် သေဒဏ်ကို မလွဲမသွေချမှတ်ရမည်ဖြစ်ပါကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် ကျူးလွန်သည့် ပြစ်မှုများ များပြားလာကြောင်း တွေ့ရသဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ပြီး ပြစ်မှုများကို ခရိုင်တရားရုံးက လက်ခံစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ပါက တရားခံကို ထိရောက်ဟန့်တားသည့်ပြစ်ဒဏ် အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ရန်၊ အဆိုပါ အမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အစီရင်ခံသွားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်အောက်ခံတရားရုံးများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယင်းညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်အပေါ် သက်ငယ်မုဒိမ်းမှုများကို ဥပဒေကခွင့်ပြုသည့် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်နိုင်ခြင်းဖြင့် မုဒိမ်းမှုများ လျော့နည်းပပျောက်စေရန် တရားရုံးက ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရုံးများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူတရားခံများကို ဥပဒေကခွင့်ပြုသည့်အတိုင်း ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ယင်းပြစ်မှုများဖြစ်ပွားမှု လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်းနှင့် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဒေသများ တိုးချဲ့သတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားလာရေး အထိမ်းအမှတ်ပွဲတော်များနှင့် ခရီးသွားလာရေးအထူးနှစ် သတ်မှတ်ခြင်းများ ဆောင်ရွက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှန်ကန်သော ခရီးသွားအစီအမံများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာတွင် အာဆီယံနိုင်ငံအပါအဝင် နိုင်ငံတကာ၌ အစိုးရဝင်ငွေရရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နည်းအမျိုးမျိုးဖြင့် မြှင့်တင်နေကြပါကြောင်း၊ ဈေးကွက်ရှာနေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနေသည့် အဓိကလုပ်ငန်းဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် လုပ်ကိုင်တတ်လျှင် ဝင်ငွေလည်းရ၊ စိတ်ဝင်စားစရာကောင်းပြီး တိုင်းပြည်နာမည်ရမည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အဓိကလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ မြို့ပြတွင်သာမက ကျေးလက်ဒေသများ၊ ကျွမ်းကျင်အလုပ်သမားများ၊ ကျွမ်းကျင်မှုနည်းသည့် အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာမှုကို အမီလိုက်နိုင်ရန် အလိုက်သင့်လျင်မြန်စွာပြောင်းလဲနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ပြောင်းလဲလာနေသည့် အခြေအနေတွင် ခရီးသွားများက ဒေသခံများနှင့် ပိုမိုထိတွေ့ဆက်ဆံလိုလာကြပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံလိုကြပါကြောင်း၊ မဖွံ့ဖြိုးသေးသည့် လူသိနည်းသည့် နေရာသစ်များကို သွားရောက်လိုကြပါကြောင်း၊ အားနည်းချက်ယွင်းချက်များကို ရှာဖွေဖော်ထုတ်ပြုပြင်ပြီး အားသာချက်များကို အမိအရ ဆုပ်ကိုင်ကာ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားသည့် ရေရှည်တည်တံ့သော ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား ဆောင်ပုဒ်နှင့်အညီ အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းများ၊ ဒေသအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သည့် ပေါင်းစုအားဖြင့် အရှိန်အဟုန်နှင့် တိုးတက်အောင်မြင်သည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရန်အတွက် တိုက်တွန်းပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၅**

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံနှင့် မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် Mekong-Institute တို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးကို မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပသည်။ အစည်းအဝေးတွင် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေ၊ လာမည့် ဩဂုတ်လဆန်းတွင် ကျင်းပမည့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်နှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်မှုများကိုဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား မေ ၂၄ ရက် ညနေပိုင်းတွင် M Gallery Hotel ၌ အိမ်ရှင်မြန်မာနိုင်ငံမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# သစ်တောဥပဒေကြမ်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ သစ်တောဥပဒေကြမ်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် 'ဝ'ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်လေးများ ပညာသင်ကြားရေးကို အဆင့်မြှင့် တင်ပေးနိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရွှေဝါနှင့် အခြေခံ ပညာမူလတန်းလွန်ကျောင်း တောင်းကော်တို့ကို အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ရွှေဝါအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်းလယ်ဆင့်သင် ကျောင်းသား ကျောင်းသူ ၆၅ ဦးခန့်သာ ရှိပါကြောင်း၊ အနီးဆုံး ကျောင်းဖြစ်သည့် ဟိုပန်အခြေခံပညာအထက်တန်း ကျောင်းနှင့် နှစ်မိုင်ခန့်အကွာအဝေးတွင် ရှိပါကြောင်း၊ တောင်းကော် အခြေခံပညာမူလတန်းလွန်ကျောင်း၌ စုစုပေါင်းလယ်ဆင့်သင် ကျောင်းသား ကျောင်းသူ ၅၄ ဦး ခန့် ရှိပါကြောင်း၊ အနီးဆုံးကျောင်းဖြစ်သော ဟိုပန်အခြေခံ ပညာအထက်တန်းကျောင်းနှင့် နှစ်မိုင်အသီးသီးကွာဝေးပါ ကြောင်း။

သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြချက်နှင့် ဒေသခံပြည်သူများ၏ ဆန္ဒပြည့်ဝစေရေး အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အဆိုပါကျောင်း နှစ်ကျောင်းအား ကျောင်းအဆင့်တိုးရေး တင်ပြဆောင်ရွက် ခဲ့ပါကြောင်း၊ အစိုးရအဖွဲ့အစည်းအဝေးမှ ခွင့်ပြုပြီးဖြစ်ပါ သဖြင့် ယခုနှစ်ကျောင်းဖွင့်အမီ ကျောင်းအဆင့် တိုးမြှင့် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဝင်းမောင်၏ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဒုတိယ ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းက မိမိအနေဖြင့် အခန်း(၃) အပိုဒ်(၆)၊ အပိုဒ်(၇)နှင့် အခန်း(၆) အပိုဒ်(၁၇)တို့ကို ဖြည့်စွက်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ အခန်း(၃) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းဆိုသည့် ခေါင်းစဉ်၏ အပိုဒ်(၆) အပိုဒ်ခွဲ (ခ)ကို ပြည်သူ့လွှတ်တော်က မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိအနေဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်(၆) အပိုဒ်ခွဲ(ခ)တွင် ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေ ဒေသရှိဆိုသည့် စကားရပ်၏နောက်တွင် ဒေသခံပြည်သူ တို့နှင့် မဖြစ်မနေတွေ့ဆုံကာ ကြိုးဝိုင်းတောဖွဲ့စည်းမည့် အကြောင်းကို ပွင့်လင်းမြင်သာစွာရှင်းပြပြီး ဒေသခံပြည်သူ တို့နှင့် ညှိနှိုင်း၍ ရှေးကာလများကပင် တည်ရှိထားပြီးဖြစ် သည့် ကျေးရွာများ၊ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများနှင့် ရေတွင်းရေကန်များအပါအဝင် ဒေသခံပြည်သူတို့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာ ဥယျာဉ်ခြံမြေများကို (သို့မဟုတ်) ကျေးရွာနယ်နိမိတ်မှ နှစ်မိုင်အကွာ ပြင်ပရှိတောရိုင်းများကို ချန်လှပ်ကာ ကြိုးဝိုင်းတော ဖွဲ့စည်းခြင်းကိုဆောင်ရွက်ရန် ဆိုသည့်စကား ရပ်ကို ဖြည့်စွက်လိုပါကြောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် မူလအဆိုပြုချက်များအတိုင်း အတည်ပြုသွားရန် ဆွေးနွေးလိုပါကြောင်း။

အခန်း(၃)အပိုဒ်(၇)အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို ပြည်သူ့ လွှတ်တော်က မူလအဆိုပြု ပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုထားပါကြောင်း၊ အပိုဒ်(၇)အပိုဒ်ခွဲ(က)တွင် ကြိုးဝိုင်းတောတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း(သို့မဟုတ်) ကြိုးပြင် ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းပြုနိုင်သည် ဆိုသည့် စကားရပ်၏နောက်တွင် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ပါက ဒေသခံပြည်သူများသိရှိအောင် နည်းလမ်း အမျိုးမျိုးအသုံးပြု၍ ကြေညာပေးရမည်ဆိုသည့်စကားရပ် ကို ဖြည့်စွက်လိုပါကြောင်း။

အပိုဒ်(၇)အပိုဒ်ခွဲ(ခ)တွင် ဆက်လက်ကာကွယ် ထိန်းသိမ်းထားရန်မလိုအပ်သည့် ကြိုးပြင်ကာကွယ်တော တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးပြင် ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်ဆိုသည့် စကား ရပ်၏နောက်တွင် ပယ်ဖျက်မည်ဆိုပါက လယ်ယာ၊ ဥယျာဉ်ခြံမြေများရှိထားသည့် တစ်စိတ်တစ်ပိုင်းကို ပယ်ဖျက်ရန်ဖြစ်ပြီး အဆိုပါကိစ္စများကို ဒေသခံပြည်သူများ သိရှိအောင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ကြေညာပေး ရမည်ဆိုသည့်စကားရပ်ကို ဖြည့်စွက်လိုပါကြောင်း။

အခန်း(၆) သစ်တောထွက်ပစ္စည်းထုတ်ယူခွင့် ဆိုသည့် ခေါင်းစဉ်၏ အပိုဒ်(၁၇) ကို ဖြည့်စွက်ဆွေးနွေးလိုပါကြောင်း၊ အပိုဒ်(၁၇)၏ မူလအဆိုပြုပြဋ္ဌာန်းချက်တွင် သစ်တောထွက် ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်၊ မိမိသုံး ဆိုသည့်စကားရပ်ကို ပြည်သူ့လွှတ်တော်က အိမ်သုံးဆို သည့် စကားရပ်ကို အစားထိုးထားပါကြောင်း၊ လယ်ယာ လုပ်ငန်းသုံး(သို့မဟုတ်) ငါးဖမ်းလုပ်ငန်းသုံးအတွက် ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်ဆိုသည့် စကား ရပ်၏နောက်တွင် ထိုသို့ထုတ်ယူခွင့်ရှိကြောင်းကိုလည်း ဒေသခံပြည်သူများ သေချာစွာ သိရှိစေရန်နည်းလမ်း အမျိုးမျိုးအသုံးပြု၍ ကြေညာပေးရမည်ဆိုသည့် စကားရပ် ကို ထပ်မံဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက အခန်း(၁) ပုဒ်မ(၂)ကို ဖြည့်စွက်လိုပါ ကြောင်း၊ သစ်တောဆိုသည်မှာ အမြင့် ၅ မီတာ (၁၆ လက်မ)နှင့် အထက်ရှိသည့် သစ်ပင်များ သို့မဟုတ် ဤအမြင့်သို့ ရောက်ရန် အလားအလာရှိသည့် သစ်ပင် များ၏ ရွက်အုပ်များ၊ တစ်ရာခိုင်နှုန်းနှင့်အထက် ဖုံးလွှမ်း လျက်ရှိသော ဧရိယာ ၁ ဒသမ ၃ ဧက (ဒသမ ငါးဟက် တာ) နှင့် အထက်ရှိသည့် နယ်မြေကို ဆိုလိုသည်ဟု ဖြည့်စွက်လိုပါကြောင်း၊ ပုဒ်မ (၂) (ဘ)တွင် မီးသွေးဆိုသည် မှာ ထင်းနှင့်သစ်ကို မီးဖြင့်ဖုတ်၍ လောင်စာအဖြစ် အသုံးပြုသော မီးသွေးလောင်စာတောင့်ကို ဆိုလိုသည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၃) ပုဒ်မ ၇ (ဃ)ကို အပိုဒ်တစ်ခု ထပ်တိုးလိုပါကြောင်း၊ နှစ်ကာလရှည်ကြာစွာ လက်ရှိအသုံးပြုမြေဖြစ်သော အဝန်းအဝိုင်းတို့အား သစ်တောကြိုးဝိုင်းမြေ သို့မဟုတ် ကြိုးပြင်ကာကွယ် တောအဖြစ် သတ်မှတ်ခြင်းမပြုရဟူ၍ ဖြစ်ပါကြောင်း။

ပုဒ်မ ၂၃(က)ခြေဆင်းတွင် မိမိအိမ်သုံးပရိဘောဂ အသုံးအဆောင်များ ဖြစ်ပါက သက်ဆိုင်ရာ အရာရှိထံမှ ထောက်ခံချက်ယူရမည်ဟု ဖော်ပြပါရှိပါကြောင်း၊ ယင်း အဆိုပြုချက်ကို ပယ်ဖျက်လိုပါကြောင်း၊ အကြောင်းပြချက် မှာ လူနည်းစု ဝိသမလောဘသမားတို့ကို ထိန်းကွပ်နိုင်ရန် ပြဋ္ဌာန်းလိုသည်မှာ မှန်သော်လည်း လက်တွေ့တွင် ပြည်သူ အများစုအတွက် ပိုမိုအကျပ်အတည်း တွေ့နိုင်မည်ကို ချင့်ချိန်၍ ပယ်ဖျက်သင့်ပါကြောင်း၊ အခန်း (၁၂) ပုဒ်မ ၄၈ ကို ထပ်တိုးလိုပါကြောင်း၊ မည်သူမဆို ခွင့်ပြုမိန့်မရ ဘဲ ပြည်ပနိုင်ငံများသို့ ကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ် မဟုတ်သော တားမြစ်သစ်ပင်မှ ထွက်ရှိသည့် သစ်ကိုဖြစ်စေ ဖမ်းဆီးရမိပါက ဖမ်းဆီးရမိသူနှင့် ၎င်းကိုခိုင်းစေသူ၊ အခကြေးငွေယူ၍ ခွင့်ပြုသူမည်သူ့ကိုမဆို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်အထက် ချမှတ်ရမည့်အပြင် ငွေကျပ် သိန်း ၅၀ နှင့်အထက် ချမှတ်ရမည်ဟူ၍ ဖြစ်ပါကြောင်း၊ ပုဒ်မ (၄၉)တွင် မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ပြည်ပနိုင်ငံ သို့ ရောင်းချရန် ရည်ရွယ်၍ မီးသွေးကို ဖမ်းဆီးရမိလျှင် ဖမ်းဆီးရမိသူနှင့် ၎င်းကိုခိုင်းစေသူ၊ အခကြေးငွေယူ၍ ခွင့်ပြုသူ မည်သူ့ကိုမဆို အနည်းဆုံး ထောင်ဒဏ်သုံးနှစ် ချမှတ်ရမည့်အပြင် ငွေကျပ် သိန်း ၂၀ လည်း ချမှတ်နိုင် သည်ဟု ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ နော်လှလှစိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်မျိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး တို့ကလည်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) (ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ) ဦးကျော်ထွေးတင်သွင်းသည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆွေးနွေးရာတွင် ပုဒ်မ ၂ (က)တွင် အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက် ဖြစ်စေ၊ နှုတ်ကတိဖြင့် ဖြစ်စေ ဆိုသည့် စကားရပ်ကို ပြင်ဆင်ထားပြီး အခကြေးငွေဆိုသည့် စကားရပ်ကို ပယ်ဖျက်ထားခြင်း ဖြစ်ပါကြောင်း၊ အခကြေး ငွေဆိုသည့် နေရာတွင် လုပ်အားခဆိုသည့် စကားရပ်ကို သုံးစွဲထားပါကြောင်း၊ ပုဒ်မ ၂(ဂ)တွင် အလုပ်ရှင်ဆိုသည်မှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ဆိုသည်ကို ပိုမိုကောင်းမွန်အောင် ဖြည့်စွက်ထားပါကြောင်း၊ ပုဒ်မ ၁၂ တွင် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သည် အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက် မှ ဟူ၍ ပိုမိုပြည့်စုံအောင် ပြင်ဆင်ထားခြင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၅၃ တွင် ဝန်ကြီးဌာနက အလုပ်သမားအငြင်းပွားမှု များကို စစ်ဆေးစီရင်ရန်အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် ညှိနှိုင်း၍ အလုပ်သမားရုံးများကို ဖွဲ့စည်းတည်ထောင်ရမည်ဟု ပြင်ဆင်ထားပြီး မူလပြဋ္ဌာန်း ချက်တွင် ဆောင်ရွက်နိုင်သည်ဟု ဆိုထားသည့်အတွက် ဖွဲ့စည်းတည်ထောင်ရမည်ဟု ပြင်ဆင်ထားခြင်း ဖြစ်ပါ ကြောင်း၊ ပုဒ်မ ၂၈ (က) တွင် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အငြင်းပွားသူများ သို့မဟုတ် အငြင်းပွားသူ တစ်ဖက်ဖက်မှ သဘောမတူပါက ဆုံးဖြတ်ချက်ကို သတ်မှတ်သည့်နှစ်မှ ရက်ပေါင်း ၇ ရက်အတွင်း ခုံသမာဓိကောင်စီကို တင်ပြ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ထားပါကြောင်း၊ ပုဒ်မ ၅၄ (က)တွင် အလုပ်ရှင်သည် သပိတ်မှောက်ရာတွင် ပါဝင်ခြင်းမရှိတော့သည့် အလုပ်သမားအချို့ အလုပ်ဆက် လက်လုပ်ကိုင်နေပါက အဆိုပါ အလုပ်သမားများ၏ လုပ်အားခ သို့မဟုတ် လခစရိတ် ထုတ်ပေးရမည်ဟု အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေး သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို မေ ၂၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇၃/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)**

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက် |
| (၂) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် |
| (၃) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် မှ ၂၂ ရက် အထိ |

(လက်မှတ်)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးစတင်

တွေ့ဆုံမေးမြန်း – ရီရီမြင့်၊ဥမ္မာသန့်
ဓာတ်ပုံ – သတင်းစဉ်အဖွဲ့

ပညာရေးဝန်ကြီးဌာနက "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်ဖြင့် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ထုတ်ပြန်ကြေညာထားရာ ယနေ့မှစ၍ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား မိဘအုပ်ထိန်းသူများက ကျောင်းအပ်နှံပေးကြသည်ကို တွေ့ရသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းစတင်အပ်နှံခြင်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းသည်များကို ဖော်ပြလိုက်ရပါသည်။


ဒေါ်မြင့်မြင့်သိန်း


ဒေါ်မြင့်မြင့်ဝင်း


ဦးအောင်ကိုညွန့်


မဖူးပြည့်ကို


ဒေါ်သဲမွန်


မောင်အောင်ခန့်မင်း

**ဒေါ်မြင့်မြင့်သိန်း (အထက-၄၊ ပုဇွန်တောင်၊ ကျောင်းအုပ်ကြီး)**

ကျောင်းဖွင့်တော့မယ်ဆိုတော့ ကျောင်းရဲ့အတွင်း၊ အပြင်သန့်ရှင်းရေး၊ ရေ၊ သောက်ရေသန့်ရရှိရေး၊ စာသင်ခန်း၊ စာသင်ခုံတွေပြည့်စုံရေး၊ ပြီးရင် နိုင်ငံတော်ကပံ့ပိုးတဲ့ ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံးဖတ်စာအုပ်တွေ ပြည့်ပြည့်စုံစုံပေးနိုင်အောင် စီစဉ်ထားပါတယ်။ ဘာကြေးမှ မကောက်ခံပါဘူး။ မူလတန်းကနေ အထက်တန်းအထိကို ကျောင်းသုံးဖတ်စာအုပ်တွေ အခမဲ့၊ မူလတန်းကို ကျောင်းဝတ်စုံတစ်စုံစီအပြင် ဗလာစာအုပ် ခြောက်အုပ်စီပေးတယ်။ ကျောင်းသားသစ်တွေအနေနဲ့ သက်ဆိုင်ရာကျောင်းရှိတဲ့ မြို့နယ်အလိုက်နေထိုင်တဲ့ ကျောင်းသားတွေကို လက်ခံပါတယ်။ ကျောင်းသားဟောင်းတွေအတွက်က ဘယ်အခန်းမှာ တက်ရမယ်ဆိုတာ ခွဲထားပေးတယ်။ အချိန်ဇယားလည်း ကပ်ထားတယ်။ ဒုတိယတန်း သင်ရိုးသစ်သင်ဖို့အတွက် သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ အားလုံး အဆင်သင့်လည်းဖြစ်နေပါတယ်။

မိဘတွေကို ကျယ်ကျယ်ပြန့်ပြန့်သိစေချင်တာက အခုသွားနေတဲ့ စနစ်သစ်ပညာရေးက ကလေးတွေကိုယ်တိုင် လုပ်ဆောင်နိုင်ရမယ်၊ စဉ်းစားနိုင်ရမယ်၊ တွေးခေါ်နိုင်ရမယ်၊ တီထွင်ဖန်တီးနိုင်ရမယ်။ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်ရမယ်၊ အချင်းချင်းရိုင်းပင်းကူညီရမယ် အဲဒီစိတ်ဓာတ်တွေ အဓိကအခြေခံပြီးတော့ ဆရာမတွေက သင်ပေးမယ်။ အခြေခံမှာ ဂီတ၊ ပန်းချီတွေကအစ သူတို့ဝါသနာပါတဲ့ လမ်းကြောင်းကိုလိုက်ရမယ်။ အဲဒါတွေကို မိဘတွေကလည်း နားလည်ဖို့လိုတယ်၊ ဝိုင်းဝန်းပူးပေါင်း ပါဝင်လုပ်ဆောင်ပေးဖို့ လိုတယ်။ တစ်နှစ်နဲ့တစ်နှစ် ပညာရေးစနစ်ပြောင်းလဲမှုအပေါ် မိဘတွေက နားလည်ဖို့လိုတယ်။ ကလေးတွေရဲ့ဝါသနာအလိုက် မိဘတွေက နားလည်ပြီး ကိုယ့်သားသမီးဝါသနာပါတဲ့အရာကို ငယ်စဉ်ကတည်းက လိုက်ပြီးဖြည့်စွမ်းပေးရမယ်။ အဲဒီအတွက် ဒီစနစ်သစ်ရဲ့ ပညာရေးပြောင်းလဲမှုကို မိဘတွေသဘောပေါက်ဖို့လိုပါတယ်။

**ဒေါ်မြင့်မြင့်ဝင်း (အထက-၄၊ ပုဇွန်တောင်၊ မူလတန်းအတန်းမှူး)**

ဒီနှစ် ဒုတိယတန်းသင်ရိုးသစ်က ၁၀ ဘာသာရှိတယ်၊ သင်ရိုးဟောင်းလိုဆရာက ဦးဆောင်သင်တာမျိုးမဟုတ်ဘဲ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ရမယ်၊ ကလေးတွေကို ဆွေးနွေးတယ်၊ ရသ၊ ပန်းချီတို့ကို လေးယောက်တစ်ဖွဲ့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရတယ်။ အတန်းခုံ ဖွဲ့စည်းပုံဇယားအရ ပြောင်းလဲမှုရှိပါတယ်။ သွင်ပြင်လက္ခဏာနဲ့အညီ အခု သင်ရိုးသစ်သင်မယ့် ဆရာမတွေက တက်တက်ကြွကြွ ပါဝင်လာပါတယ်။ ကလေးတွေအတွက် ပိုမိုထိရောက်အောင်မြင်မယ်လို့ ထင်ပါတယ်။

ဒုတိယတန်း သင်ရိုးသစ်အတွက် ကျွန်မတို့ ခရိုင်အဆင့်မှာ ၁၄ ရက်တက်ရပါတယ်။ မြို့နယ်မှာရှိတဲ့ ဆရာမ ၅၆ ယောက်ကို ပြန်ပြီးပို့ချရပါတယ်။ ကလေးတွေအတွက် ဒီနှစ်ကနေစပြီး Grade-2 တန်းအတွက် ဖတ်စာအုပ်တွေပြောင်းလဲတာရယ်၊ သင်ရိုးပါတဲ့စာတွေကလည်း ပြောင်းလဲမှုတွေရှိတယ်။ အတန်းထဲမှာပဲ စစ်ဆေးအကဲဖြတ်တဲ့ ဇယားနဲ့ စစ်ဆေးပါတယ်။ ပုံမှန်စစ်ဆေးတာ နှစ်ကြိမ်လုပ်မယ်။ သင်ခန်းစာတစ်ခုပြီးတိုင်း အကဲဖြတ်စစ်ဆေးခြင်းဆိုတာပါပါတယ်။ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဆင့် သင်ကြားမှုဘာသာရပ်အလိုက် ဝိဇ္ဇာ၊ သိပ္ပံသင်ကြားမှုအပြင် ဂီတ၊ အနုပညာ၊ ပန်းချီ၊ စာရွက်ခေါက်ပုံခေါက်နည်းလေးတွေကို ကလေးတွေကိုယ်တိုင် ပါဝင်ရပါမယ်။ အပင်အကြောင်းဆိုရင် အပင်၊ အရွက်၊ အသီးတွေကို ပုံတွေဆွဲရတယ်။ သစ်ရွက်တွေကိုလည်း ကိုယ်တိုင်စုစည်းရတယ်။

ဒုတိယတန်းသင်ရိုးသစ် ဘာသာရပ်တွေက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တပြည်သူ့နီတိ၊ ပန်းချီ၊ ဂီတ၊ ကာယ အားလုံး ၁၀ ဘာသာရှိပါတယ်။ ကလေးတွေအတွက်က တော်တော့်ကို ကောင်းပါတယ်။ ကလေးတွေကိုယ်တိုင်ပါဝင်တဲ့ သင်ကြားမှုပါ။ ကိုယ်သိတာလေးကို မျှဝေတဲ့သဘောပါ။ ကလေးတွေ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်လာအောင် ဆရာတွေကလည်း အခက်အခဲတွေကို ပူးပေါင်းဆောင်ရွက်ပေးရတယ်။ ကမ္ဘာ့အဆင့်မီ တခြားနိုင်ငံတွေလို ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာအောင် သင်ပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

**ဦးအောင်ကိုညွန့် (ကျောင်းသားမိဘ)**

ကျွန်တော့်သားနဲ့သမီးက အထက(၁)ဒဂုံမှာ ဒသမတန်းနဲ့ အဋ္ဌမတန်းမှာ ပညာသင်ကြားနေပါတယ်။ ဒီနေ့ကျောင်းအပ်လက်ခံမှာ ဖြစ်တဲ့အတွက် ကျောင်းလာအပ်တာပါ။ ကျောင်းအပ်တဲ့အခါ ဆရာ ဆရာမတွေက အစစအရာရာ ကူညီပေးပါတယ်။ ဖတ်စာအုပ်တွေနဲ့ ကျောင်းတံဆိပ်တွေအားလုံး အခမဲ့ပေးပါတယ်။ ကျောင်းအပ်တဲ့အခါ ဝင်ကြေးကောက်ခံခြင်းမရှိပါဘူး။ အားလုံးအခမဲ့ပါ။ ကျောင်းသားအတွက် ကျောင်းအပ်ရာမှာ ငွေကြေးကောက်ခံခြင်းမရှိတဲ့အတွက် မိဘတိုင်း ကျောင်းနေအရွယ်ကလေးတွေ ကျောင်းအပ်နိုင်ပြီး ပညာသင်ကြားမှု အခက်အခဲမရှိဘူးလို့ ထင်ပါတယ်။

**မဖူးပြည့်ကို (အထက-၁၊ ဒဂုံ၊ အဋ္ဌမတန်း)**

ဒီနေ့ကျောင်းအပ်နှံရေးနေ့ဖြစ်တဲ့အတွက် ကျောင်းလာအပ်ပါတယ်။ သမီးတို့ကို ဆရာ ဆရာမတွေက အခက်အခဲမရှိအောင် လုပ်ပေးပါတယ်။ ကျောင်းက ဖတ်စာအုပ်တွေ အခမဲ့ဖြန့်ဝေပေးပါတယ်။ ငွေကြေးလုံးဝကောက်ခံခြင်းမရှိပါဘူး။ အစစအရာရာ အဆင်ပြေပါတယ်။ မိဘတွေငွေကုန်ကျမှုမရှိတဲ့အတွက် အခက်အခဲမရှိပါဘူး။ မိဘတွေအားလုံး အခက်အခဲမရှိတဲ့အတွက် ကျောင်းနေအရွယ်ကလေးတွေ ကျောင်းအပ်နိုင်ပါတယ်။ ကျောင်းဖွင့်ရက် သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတော့မှာဖြစ်လို့ ပျော်နေပါတယ်။

**ဒေါ်သဲမွန် (ကျောင်းသားမိဘ)**

ကျွန်မကလေးတွေက အထက(၄)ပုဇွန်တောင်မှာ ပထမတန်းနဲ့ တတိယတန်းမှာ ပညာသင်ကြားမှာပါ။ ကလေးတွေကို ကျောင်းကဖတ်စာအုပ်တွေ အခမဲ့ဖြန့်ဝေပါတယ်။ ငွေကြေးကောက်ခံမှုမရှိဘူး။ ကျောင်းဝတ်စုံတွေလည်း ပေးမယ်လို့ ကြားပါတယ်။ ကျောင်းသားမိဘတွေအတွက် အဆင်ပြေပါတယ်။ ကလေးတွေအတွက် ပညာသင်ကြားရာမှာ အထောက်အပံ့ဗဟုသုတရစေမယ့် ဘက်စုံတိုးတက်စေမယ့် ဘာသာရပ်တွေသင်ကြားစေချင်ပါတယ်။ မိဘတိုင်းကတော့ ပညာတတ်ကြီးဖြစ်စေချင်ပါတယ်။

**မောင်အောင်ခန့်မင်း (အထက-၄၊ ပုဇွန်တောင်၊ နဝမတန်း)**

ဒီနေ့ကျောင်းအပ်နှံရေးနေ့မှာ ကျောင်းလာအပ်တာပါ။ ကျောင်းက ဖတ်စာအုပ်တွေ၊ ကျောင်းတံဆိပ်တွေ အခမဲ့ဖြန့်ဝေပေးပါတယ်။ ကျောင်းသူကျောင်းသားတွေအတွက် လိုအပ်မှုမရှိအောင် ဆရာ ဆရာမတွေက အစစအရာရာ ကူညီပေးပါတယ်။ ပညာသင်ကြားရာမှာလည်း ကျောင်းသားတွေ နားလည်သဘောပေါက်အောင်၊ ဗဟုသုတရအောင်၊ လိမ္မာယဉ်ကျေးလာအောင် ဆရာ ဆရာမတွေက သင်ကြားပေးပါတယ်။

# မန္တလေးတိုင်းဒေသကြီးတွင် မိဘ၊ ဆရာနှင့် ပြည်သူအားလုံး ပူးပေါင်း၍ ကျောင်းနေရေး စတင်

**မန္တလေး မေ ၂၅**

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေးအတွက် မိဘများသာမက ဆရာ ဆရာမများနှင့် ပြည်သူအားလုံးမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးအတွက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောကြားသည်။

ယခုပညာသင်နှစ်အတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့်အညီ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းအသီးသီးတွင် မေ ၂၅ ရက်မှစတင်၍ KG တန်းမှ အထက်တန်းအဆင့်အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနိုင်ရေးအတွက် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

"မိဘတွေအနေနဲ့ကလည်း ကျောင်းအပ်နှံရမယ့်အရွယ် မိမိတို့သားသမီးတွေကို ကျောင်းကို အပြည့်အဝအပ်နှံပေးဖို့ တာဝန်ရှိသလို ဆရာ ဆရာမတွေကလည်း ကိုယ့်ကျောင်းကို ရောက်လာတဲ့ ကလေးတွေအားလုံးကို



နွေးနွေးထွေးထွေး ကြိုဆိုဖို့ တာဝန်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

"ကျောင်းလာရောက်အပ်နှံတဲ့ ကလေးတွေအနေနဲ့ မွေးစာရင်းမပြနိုင်လို့ ကျောင်းအပ်လက်မခံနိုင်ဘူးဆိုတာ မဖြစ်စေရဘူး၊ သက်ဆိုင်ရာကျောင်းအုပ်က မိဘကပြောတဲ့ မွေးသက္ကရာဇ်နဲ့ပဲ အထောက်အထား အချက်အလက်တွေ ယူပြီး အဆင်ပြေအောင် လက်ခံပေးဖို့ ညွှန်ကြားထားပါတယ်၊ ဒ့ါအပြင် ကျောင်းလာအပ်တဲ့ကလေးက ငါးနှစ်ပြည့်ဖို့ တစ်လလိုရင် သက်ဆိုင်ရာကျောင်းအုပ်၊ နှစ်လလိုရင် မြို့နယ်ပညာရေးမှူးနဲ့ သုံးလလိုရင် တိုင်းပညာရေးမှူးတို့ရဲ့ ထောက်ခံချက်နဲ့ ကျောင်းအပ်လက်ခံနိုင်တယ်"ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးညွန့်မောင်က ပြောသည်။

ထို့ပြင် ပညာရေးပြုပြင်ပြောင်းလဲမှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KG တန်းကို သင်ရိုးသစ်ဖြင့် လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Grade 1 ကို သင်ရိုးသစ်ဖြင့်လည်းကောင်း ပြောင်းလဲသင်ကြားပေးခဲ့ပြီး ယခုပညာသင်နှစ်တွင် Grade 2 ကိုလည်း သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးမည်ဖြစ်ရာ ကျောင်းသားများသာမက မိဘများပါ စိတ်ဝင်စားတက်ကြွလျက်ရှိကြောင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ပြောသည်။

"တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာတဲ့ သင်ရိုးသစ်တွေကို ကလေးတွေကလည်း စိတ်ဝင်တစားနဲ့ သင်ယူလာကြသလို မိဘတွေကလည်း လက်ခံလာကြတယ်၊ ဒါကြောင့် ကျောင်းအပ်လက်ခံတဲ့နေ့မှာပဲ မနက်အစောကြီးကတည်းက ဝီရိယကောင်းကောင်းနဲ့ ကျောင်းလာအပ်နေကြတဲ့အပြင် ဒီနှစ်စသင်မယ့် ဒုတိယတန်း သင်ရိုးသစ်နဲ့ပတ်သက်ပြီး မေးမြန်းလေ့လာနေကြတယ်"ဟု ၎င်းကပြောသည်။

ကျောင်းများစတင်အပ်နှံသည့်နေ့တွင် ကလေးနှစ်ဦးအား ကျောင်းလာအပ်သည့် ဦးမောင်ငယ်ကလည်း "ကျွန်တော့်ကလေးတွေ ကျောင်းစတက်ကတည်းက အခမဲ့ပညာရေးစနစ်နဲ့ ကြုံခဲ့ရတဲ့အတွက် ကျောင်းအပ်တဲ့အချိန်မှာ စိတ်ပေါ့လက်ပေါ့ရှိသလို စနစ်သစ် ပညာရေးကြောင့် ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စာသင်နေတာကို တွေ့ရတဲ့အတွက်လည်း ဝမ်းသာနေရပါတယ်"ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများစာအုပ် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ





**နေပြည်တော် မေ ၂၅**

မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများစာအုပ် မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

**ပန်းတိုင်တစ်ရပ်**

ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများအတွက် "မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ လက်စွဲစာအုပ်" ( Fair Trial Standards) ကို မိတ်ဆက်ခြင်းအခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် ပြည်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ ရရှိရန်အတွက် အုတ်မြစ်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးသည် ပြည်ထောင်စုအစိုးရ၏ ဦးစားပေး ရည်မှန်းချက် ပန်းတိုင်တစ်ရပ်ဖြစ်ပါကြောင်း။

**တရားမျှတမှု**

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးဆီသို့ (Moving Forward to the Rule of Law)ဟူသည့် ရည်မှန်းချက်ဖြင့် မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉) ခုနှစ်ကို အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံ၏ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော တရားစွဲနှင့်အမှုလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် မျှတသော တရားစီရင်ရေးစံနှုန်းများ( Fair Trial Standards)ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ရည်မှန်းချက်နှင့်အညီ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်ကို ပြုစုထုတ်ဝေခြင်းဖြစ်ပါကြောင်း၊ ထိုစံနှုန်းများသည် တရားစီရင်ရေးဆိုင်ရာ တန်ဖိုးများဖြစ်သည့် လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ သမာသမတ်ကျမှုနှင့် တရားမျှတမှုတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

**အထောက်အကူပြု**

ဥပဒေအရာရှိများအနေဖြင့် မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများကို လေ့လာကျင့်သုံးခြင်းဖြင့် တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ လုပ်ငန်းများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း၊ တရားစီရင်ရေးစနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုရှိလာခြင်းတို့အပေါ် အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ နစ်နာသူများနှင့် စွပ်စွဲခံရသူများအတွက် တရားမျှတမှုရရှိရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သကဲ့သို့ မျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းအောင်မြင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်တွင် ပါဝင်သော အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်ခဲ့**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UNDP နှင့် IDLO တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၄/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ကို ယင်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ချင်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၅/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)

**ချင်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးထက် ကို ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H. E. Wouter Jurgens အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးသွားသူများအား ပြန်လည်လက်ခံရေးအတွက် မိမိတို့မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ကြိုးစားပြင်ဆင်ထားရှိခဲ့ပြီးသည်မှာ ကြာပြီဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက စေလွှတ်နိုင်ခြင်း မရှိသေးသည့်အတွက် ထွက်ပြေးသွားသူများ လာရောက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ထွက်ပြေးသွားသူအားလုံးကို တစ်ရက်တည်းနှင့် အပြီးလက်ခံနိုင်ရန်မှာလည်း မဖြစ်နိုင်ပါကြောင်း၊ မကြာမီ မုတ်သုံရာသီ ဝင်ရောက်လာတော့မည်ဖြစ်သဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အမြန်ဆုံးစတင်ရန် မိမိတို့ လိုလားပါကြောင်း၊ မိမိအမြင်ကို ရိုးသားစွာတင်ပြရလျှင် ဘင်္ဂလားဒေ့ရှ်အစိုးရက အဆိုပါပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို ယင်းတို့၏ ပြည်တွင်းနိုင်ငံရေးအတွက် အမြတ်ထုတ်မည်ကို စိုးရိမ်မိပါကြောင်း၊ မိမိတို့နိုင်ငံ ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာခြင်းမှာ အီးယူနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာမီဒီယာများ၏ ကူညီပံ့ပိုးမှုများကြောင့်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ် ရှေ့ဆက်အဆင်ပြေချောမွေ့ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာမီဒီယာများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံ၏ မီဒီယာအခြေအနေမှာ စိတ်ကျေနပ်ဖွယ်ရာအခြေအနေ မဟုတ်သေးသော်လည်း မီဒီယာလွတ်လပ်မှုကို ဟန့်တားသည့်ဥပဒေများကို သုံးသပ်ပြင်ဆင်နေပြီး လိုအပ်သည့် ဥပဒေအသစ်များကိုလည်း အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် မီဒီယာများအား မှန်ကန်သည့်သတင်းအချက်အလက်များ စနစ်တကျ မြန်ဆန်စွာပေးနိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်သာလန်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် အစဉ်တစိုက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံနှင့်ပတ်သက်သည့် ပကတိအခြေအနေမှန်များကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မီဒီယာများသို့ ပြောကြားပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**❋ တရုတ်နှင့် မြန်မာမှ**

လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဝါရင့်ကစားသမားအနည်းငယ်ကို အမာခံထားကာ လူငယ်ကစားသမား အများစုပါဝင်လာသည်။ ထို့ပြင် မျက်နှာသစ်ကစားသမားအချို့ကို ရွေးချယ်ထားသော်လည်း အဓိကတိုက်စစ်မှူး အောင်သူမှာမူ ထိုင်းလိဂ်ပြိုင်ပွဲနှင့် တိုက်ဆိုင်နေသောကြောင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ခြင်း၊ ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားနိုင်ခဲ့ခြင်းတို့ကြောင့် အာရှဘောလုံးအင်အားကြီး တရုတ်အသင်းနှင့် ခြေစမ်းပွဲကစားခွင့်ရလာခြင်းဖြစ်သည်။ အာရှဘောလုံးအင်အားကြီးအသင်းများ၊ ဥရောပ၊ တောင်အမေရိကအသင်းတို့နှင့် ခြေစမ်းပွဲကစားနေသည့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် မြန်မာအသင်းနှင့် ခြေစမ်းပွဲကစားရန် ကမ်းလှမ်းလာခြင်းမှာ လွန်စွာအကျိုးရှိသလို အတွေ့အကြုံကောင်းများစွာ ရရှိမည့်ပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်လက်ရွေးစင်အသင်းနှင့် ၂၀၀၇ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ခြေစမ်းပွဲအဖြစ် ၂၀၀၄ ခုနှစ်က နောက်ဆုံးကစားခဲ့ဖူးကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲဆက်ကစားခြင်းဖြစ်ပြီး မေ ၁၁ ရက်က မန္တလေးမြို့၌ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် လိဒ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

တရုတ်လက်ရွေးစင်အသင်းသည် မြန်မာအသင်းနှင့် ခြေစမ်းပြီးပါက ထိုင်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၅/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၅/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်နှင့် ဝန်ကြီးဌာနများမှကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ပထမဦးစွာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အကြံပြုချက်များကို အကောင်အထည်ဖော်နေခြင်းသည် ရခိုင်ပြည်နယ်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းစေရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးစေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်သွားမည်ဖြစ်ကြောင်း၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုဦးစားပေးဆောင်ရွက်နေသော အချက်များသည် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ရေရှည်တွင်လည်း ဖွံ့ဖြိုးတိုးတက်ခြင်း၊ ပဋိပက္ခကင်းဝေးခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းတို့ ရရှိမည်ဖြစ်ပါကြောင်း။

အကြံပြုချက်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ဆောင်ရွက်ရေးများသာ ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်နေကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် လက်တွေ့မြေပြင်၌ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ အမှန်ရရှိရန်လိုအပ်ကြောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့် တာဝန်ရှိသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အမှန်တကယ် ပြောင်းလဲတိုးတက်မှုများကို ခံစားရသူများက ထုတ်ဖော်ပြောကြားလာသည်အထိ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယခုဦးစားပေးဆောင်ရွက်နေသော ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှု၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ ခရီးသွားလာခွင့်ရရှိစေမှု၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းလက်လှမ်းမီမှုရရှိစေမှု၊ ၂၀၁၂ ခုနှစ်မှစတင်ခဲ့သော IDP စခန်းများကို အစီအစဉ်တကျ ပိတ်သိမ်းရန် စီမံချက်ချမှတ်ဆောင်ရွက်နေမှု၊ အထောက်အထားပြသနိုင်သော တိုးတက်ပြောင်းလဲမှုဖြင့် မှန်ကန်သောသတင်းများ ထုတ်ပြန်နိုင်ရေး စသည်များကို ရှင်းလင်းပြောကြားပြီး အကြံပြုချက်များ ဆောင်ရွက်ပြီးစီးမှုကို ပြည်သူသို့ အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအကြိမ် ထုတ်ပြန်ပေးပြီးဖြစ်ပါကြောင်း၊ ယခုမေလကုန်တွင် ဒုတိယအကြိမ် ပြည်သူသို့ အစီရင်ခံစာထုတ်ပြန်နိုင်ရေး ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဆွေးနွေးရာတွင် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်သည့်လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါကြောင်း၊ အကြံပြုချက်အားလုံးကို အပြည့်အဝမဟုတ်သည့်တိုင် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်နိုင်ရေး ကြိုးစားပေးကြစေလိုကြောင်း၊ ရေတိုရေရှည် လုပ်ငန်းများအလိုက် သက်ဆိုင်ရာဌာနများက စနစ်တကျဆောင်ရွက်နိုင်ပြီး နှစ်ဖက်အဖွဲ့အစည်း သဟဇာတဖြစ်ရန်နှင့် လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရအနေဖြင့်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အကြံပြုချက် ၈၈ ချက်နှင့် စပ်လျဉ်း၍ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်ကိစ္စများကို အကြံပြုချက်တစ်ချက်ချင်းအလိုက် ဆွေးနွေးတင်ပြရာ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများကလည်း ဆောင်ရွက်နေမှုများကို ဖြေကြားရှင်းလင်းခဲ့ပြီး ကော်မတီ ဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းခဲ့ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ



**စစ်တွေ မေ ၂၅**

ရခိုင်ပြည်နယ်အဆင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းလွန်ကျောင်း (ပြည်တော်သာ)မှ ကျောင်းသား ကျောင်းသူများအား ညွှန်ကြားရေးမှူးချုပ်၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ထီးများကို ပေးအပ်ကြသည်။

ပညာရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်တွင် ဗလာစာအုပ်တန်ဖိုး ငွေကျပ် ၃၅၅ ဒသမ ၉၈၉၁ သန်း၊ ကျောင်းဝတ်စုံတန်ဖိုး ငွေကျပ် ၅၇၃ ဒသမ ၉၉၀၂ သန်း၊ ပထမတန်းမှ ဒသမတန်းအထိ ပြဋ္ဌာန်းစာအုပ်တန်ဖိုး ငွေကျပ် ၁၈၂၇ ဒသမ ၀၅၃၀ သန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၇၅၇ ဒသမ ၀၃၂၂ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် မေ ၂၅**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte.,Ltd .သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEP WATER KG 2" ဖြင့် တွင်းအမည် Dhana Hlaing 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၇ မိနစ် ၁၁ ဒသမ ၅၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၅၇ ဒသမ ၆၁၁ စက္ကန့်တွင် မေ ၂၉ ရက်မှ ဇွန် ၂၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တွင်းတည်နေရာ ဧရိယာမှ ၅၀၀မီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

**ကြေးမုံ**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

○ ကမ္ဘာ့အဆင့်မှ

တင်ပြမှုအပေါ် စိတ်ဝင်စားတဲ့အတွက် မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ရွေးချယ်ခဲ့တာလို့ သိရတယ်”ဟု ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် Miss Grand International- MGI 2017 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် ဒေါက်တာအေးချမ်းမိုးက ပြောသည်။

ယခုပြိုင်ပွဲကြီးတွင် Miss Grand Myanmar 2018 အဖြစ် ရွေးချယ်ခံထားရသည့် အလှမယ် ဆုမြတ်ဖူးက မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ “စစ်ပွဲတွေ ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာတွေကို အဓိကထား လေ့လာထားပါတယ်၊ လောလောဆယ် ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ ဖြစ်တဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ကောလာဟလဖြစ်နေတာတွေကို မှန်မှန်ကန်ကန်နဲ့ ပြောပြသွားနိုင်အောင် လေ့လာထားပါတယ်၊ ကိုယ့်နိုင်ငံမှာ ကျင်းပမှာဖြစ်တဲ့အတွက် အခွင့်အရေးတွေတော့ အများကြီးရှိပါတယ်၊ အစွမ်းကုန်ကြိုးစားသွားမှာပါ”ဟု အလှမယ် ဆုမြတ်ဖူးက ပြောသည်။

အဆိုပါပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာအလှမယ်များမှာ အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိမည်ဖြစ်ပြီး ပြိုင်ပွဲမစမီ ကော့သောင်းမြို့ရှိ Grand Andaman Hotel & Resort သို့ သွားရောက်လည်ပတ်ကာ Best In Swimsuit Competition ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာကာ National Costume Competition ကို ပြုလုပ်သွားရန် စီစဉ်လျက်ရှိပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၅ ရက်တွင် The One Entertainment Park(Indoor)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Miss Grand International ပြိုင်ပွဲကြီးကို ၂၀၁၃ ခုနှစ်မှစတင်၍ ၂၀၁၅ ခုနှစ်အထိ ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့နှင့် ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ Phu-Quoc ကမ်းခြေ၌ ကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ပွယ်တိုရီကို အလှမယ်၊ ၂၀၁၄ ခုနှစ်တွင် ကျူးဘား အလှမယ်၊ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျ အလှမယ်၊ ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှား အလှမယ်နှင့် ၂၀၁၇ ခုနှစ် ပီရူး လှမယ်များမှ Winner ဆုများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့ရာ နယ်ပယ်ကဏ္ဍအသီးသီးရှိ ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းရှင်များ၊ အလှမယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇာနည်မောင်၊ အေးမင်းသူ**

✻ ကျောဖုံးမှ

ပေးလျက်ရှိပါကြောင်း၊ ယခုအခါ အဆိုပါစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်အထိ ပြည်သူ့စကားဝိုင်း အကြိမ်တစ်ရာကျော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စာပေချစ်မြတ်နိုးသူများဖြင့် ဖွဲ့စည်းထားသည့် Book Club များကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အဓိကထမ်းဆောင်**

ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား သတင်းအချက်အလက်များပေးခြင်းနှင့် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် အများပြည်သူထံ အစီရင်ခံသည့် လုပ်ငန်းတာဝန်ကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကမီဒီယာများနှင့် မတူကွဲပြားမှုများလည်းရှိနိုင်ပါကြောင်း၊ ပြည်သူ့ထံ သတင်းအချက်အလက်ဖြန့်ဝေခြင်းကို ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အဓိကထမ်းဆောင်လျက်ရှိပါကြောင်း။

ထိုသို့ ပြည်သူ့ထံ သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ယခုအခါ အင်တာနက်အသုံးပြုသူများပြားလာသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် အွန်လိုင်းမီဒီယာအခန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အွန်လိုင်းကဏ္ဍ တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် Myanmar Digital News(MDN)ကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ Myanmar Digital News (MDN)မှတစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပို့ဆောင်ပေးနိုင်ခဲ့**

ပြည်သူများအား သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်း စသည့် ကဏ္ဍသုံးခုဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောင်ရွက်နေသည့်အပြင် ပုဂ္ဂလိကများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့်ကဏ္ဍတွင် သတင်းမီဒီယာများ သတင်းအချက်အလက် ပိုမိုရရှိရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်း ချိတ်ဆက်ညှိနှိုင်းပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ပဋိပက္ခဖြစ်ပွားရာနေရာများသို့ သတင်းမီဒီယာများ သွားရောက်သတင်းရယူနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သတင်းမီဒီယာများအား ၁၀ ကြိမ်နှင့်အထက် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

သတင်းမီဒီယာသမားများ သတင်းအချက်အလက်ရရှိရေးနှင့်အတူ လွတ်လပ်စွာရေးသားခွင့်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒီမိုကရေစီကူးပြောင်းစဖြစ်သည့်အတွက် တည်ဆဲဥပဒေအရ အရေးယူခံရသည့် ဖြစ်စဉ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာသမားများ သတင်းအချက်အလက်ရရှိရေးနှင့် လွတ်လပ်စွာရေးသားခွင့်အတွက် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အဆင်သင့်ရှိပါကြောင်း။

**လုပ်ကိုင်ခွင့်ပြု**

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်များမှာ နှေးကွေးမှုရှိနိုင်သော်လည်း ရှေ့သို့ ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်နှင့်အညီ နည်းပညာများတိုးတက်လာသည့်အတွက် အွန်လိုင်းမီဒီယာ အသုံးပြုမှု တိုးတက်များပြားသောကြောင့် ပုံနှိပ်မီဒီယာအခန်းကဏ္ဍ အားနည်းလာသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

ရုပ်သံလွှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလွှင့်ဥပဒေနှင့် နည်းဥပဒေ မပေါ်ပေါက်သေးသော်လည်း လက်ရှိတည်ဆဲဥပဒေများနှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင် ငါးဦးကို ရုပ်သံလွှင့်မီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းရှင် ငါးဦးအနက် မဇ္ဈိမမီဒီယာ၊ DVB မီဒီယာတို့သည် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့်လုပ်ငန်းရှင် သုံးဦးသည်လည်း ယခုနှစ်အတွင်း စတင်ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ရေဒီယိုအသံလွှင့်လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် Community Radio အဖြစ် ခရေ ရေဒီယိုအသံလွှင့်ခြင်းကို စမ်းသပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းဖတ်ပွဲများ၊ စာပေပွဲတော်များ၊ ကလေးစာပေပွဲတော်များနှင့် စာအုပ်အရောင်းပွဲတော်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မကြာမီကျင်းပသွားရန် စီစဉ်ထားရှိပါကြောင်း၊ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ စာတမ်းဖတ်ပွဲများ၊ ပြပွဲများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ထွန်းဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်းကို ခေတ်ကာလနှင့်လျော်ညီစေရန် မူသစ်ဖြင့် ပြောင်းလဲထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စာပေချစ်မြတ်နိုးသူများအတွက် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပြည်သူများ အပန်းပြေစေရန် ဖျော်ဖြေမှုအခန်းကဏ္ဍတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် သက်ဆိုင်ရာ အစည်းအရုံးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးဂီတပွဲတော်များကိုလည်း ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို ကျင်းပပေးနိုင်ခဲ့ပြီး ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်း ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်စတူဒီယိုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ရုပ်ရှင်အစည်းအရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရုပ်ရှင်သင်တန်းကျောင်း ပေါ်ပေါက်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက ပရိယတ္တိဆိုင်ရာကဏ္ဍတွင် အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံအောင် ၁ ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် ၂ ပါး၊ ပိဋက နှစ်ပုံ အာဂုံအောင် ၆ ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ၁၃ ပါး၊ ဝိနည်း (ပထမပိုင်း) နှစ်ကျမ်း အာဂုံအောင် ၅၁ ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ၁ ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ၄ ပါး၊ ဝိနည်း (ပထမပိုင်း) နှစ်ကျမ်း ရေးဖြေအောင် ၁၀ ပါး စုစုပေါင်း စာအောင်သံဃာ ၈၈ ပါးတို့ အောင်မြင်ခဲ့ပါကြောင်း။

**ထောက်ပံ့ပေးလျက်ရှိ**

၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော် ၁၉၉ ပါး၊ သီလရှင် ၉ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီး ၆၀၊ စုစုပေါင်း ၂၆၈ ပါး/ ဦးတို့အား ဆက်ကပ်အပ်နှင်းချီးမြှင့်ခဲ့ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ပစ္စည်းတန်ဖိုး ကျပ် ၁၆၆၄ သိန်း၊ ငွေသားတန်ဖိုး ကျပ် ၁၅၇၆ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၂၄၀ လှူဒါန်းနိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၄၇ ကျောင်းတွင် ကျောင်းသားကျောင်းသူ ၃၀၉၂၇၃ ဦးတို့အား ဆရာ ဆရာမ ၇၈၆၂ ဦးတို့ဖြင့် ပညာသင်ကြားလျက်ရှိပြီး မူလတန်းပြ တစ်ဦးလျှင် ကျပ် ၃၆၀၀၀ နှုန်း၊ မူလတန်းလွန်နှင့် အလယ်တန်းပြ ကျပ် ၄၁၀၀၀ နှုန်း၊ အထက်တန်းပြ ကျပ် ၄၅၀၀၀ နှုန်းစီဖြင့် လစဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလအတွင်း ငွေကျပ် ၁၄၀၆၈၁၀၀၀ ထောက်ပံ့နိုင်ခဲ့ပါကြောင်း။



အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံး

အခြားဘာသာများအား ကူညီထောက်ပံ့ခြင်းအပိုင်းတွင် မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ပရိုတက်စတင့်ခရစ်ယာန်နှင့် ကက်သလစ်ခရစ်ယာန် ဘာသာဝင်များသို့ ထောက်ပံ့လှူဒါန်းငွေကျပ် စုစုပေါင်း ၂၃၂၅၀၀၀ ကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

**ကမ္ဘာ့အမွေအနှစ်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ မေရီချက်(ပ်)မင်း နားမကြားသောကလေးများသင်တန်းကျောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ အစ္စလာမ်ဘိုးဘွားရိပ်သာတို့အတွက် ငွေကျပ်သိန်း ၅၀ စီ လှူဒါန်းခဲ့ပါကြောင်း။

ကမ္ဘာ့အမွေအနှစ်စာရင်းများအဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ တို့ကို ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ကျောက်စာကို ၂၀၁၃ ခုနှစ် ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ မြစေတီ (ရာဇကုမာရ်) ကျောက်စာကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း၊ အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် လည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီးလှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာရေးထိုးထားသော ခေါင်းလောင်းစာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် လည်းကောင်း သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြစရကျောက်စာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပစိဖိတ်ဒေသတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ် သတ်မှတ်နိုင်ရန် ၂၀၁၈ ခုနှစ် မေလတွင် ကမ္ဘာ့အမွေအနှစ်စင်တာသို့ တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

**အမွေအနှစ်စာရင်း**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က အင်အား ၆ ဒသမ ၈ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သော စေတီပုထိုး ၃၈၉ ဆူကို ပြုပြင်မှုများဆောင်ရွက်ခဲ့ရာ ဘုရား ၂၂၄ ဆူကို အငြိမ့်စုံပြုပြင်ခြင်း၊ ဘုရား ၈၆ ဆူကို ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲဘုရား ၂၆ ဆူနှင့် ဆောင်ရွက်ရန် ၅၃ ဆူဖြစ်ပါကြောင်း။

လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲသည် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ် ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ တိုင်းရင်းသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၃၄၇ ခု စုဆောင်းခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာသမိုင်းအဖွဲ့ကို ယခင်က အချိန်ပြည့် အဖွဲ့ဝင် ၁၀ ဦး၊ အချိန်ပိုင်း အဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းရာမှ ယခုနှစ်အတွင်း အချိန်ပြည့်အဖွဲ့ဝင် ၁၈ ဦး၊ အချိန်ပိုင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ဆောင်ရွက်ပေးခြင်းအနေဖြင့် ပြည်တွင်း၌ အစိုးရဌာနများတွင် ၂၈၁၄၉ ဦး၊ ပုဂ္ဂလိကကဏ္ဍတွင် ၃၈၃၆၈၅ ဦး စုစုပေါင်း ၄၁၁၈၃၄ ဦးနှင့် ပြည်ပ ကိုးနိုင်ငံသို့ ၃၂၉၁၂၅ ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်းအနေဖြင့် CI ထုတ်ပေးရေးစခန်း ကိုးခု Mobile Team နှစ်ဖွဲ့ဖြင့် အလုပ်သမား ၁၀၇၇၃၈၅ ဦး ထုတ်ပေးခဲ့ပါကြောင်း။

ကျွမ်းကျင်လုပ်သားများ စစ်ဆေးအကဲဖြတ်ရာတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဌာန်းရေးအဖွဲ့(NSSA)မှ အတည်ပြုထားသည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ဌာနများတွင် အလုပ်အကိုင် ၂၂ မျိုးအတွက် ကျွမ်းကျင်မှုအဆင့် (၁)လုပ်သား ၄၈၁၆ ဦး၊ ကျွမ်းကျင်မှုအဆင့်(၂)အတွက် လုပ်သား ၂၅၅ ဦး စုစုပေါင်း ၅၀၇၁ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**အတည်ပြု ထုတ်ပြန်နိုင်**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီလျှင် ကျပ် ၆၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ(တစ်ရက်) အတွက် ကျပ် ၄၈၀၀ သတ်မှတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပေးပို့၍ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပြန်လည်ထုတ်ပေးခြင်းအနေဖြင့် ဆေးကုသမှု ကုန်ကျစရိတ်များအား ပြန်လည်ထုတ်ပေးလျက်ရှိရာ အမှုတွဲပေါင်း ၃၃၆၄၂ မှုအတွက် အာမခံအလုပ်သမားများအတွက် ငွေကျပ် သန်း ၁၅၄၀ ဒသမ ၁၄၃ အား ပြန်လည်ပေးအပ်ခဲ့ပြီး ငွေကြေးအကျိုးခံစားခွင့်အဖြစ် အမှုတွဲ ၃၄၃၁၉၉ မှုအတွက် ကျပ်သန်း ၁၅၂၃၉ ဒသမ ၈၃၃ ကို ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါကြောင်း။

အလုပ်သမားရေးအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ခြင်းတွင် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၁၉၂ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၃၁၀၃ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ရရှိစေခဲ့ပါကြောင်း၊ ထို့အပြင် အငြင်းပွားမှု ၃၂၅ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၅၉၁ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားကြသည်။

**ထပ်မံခွင့်ပြုခဲ့**

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးအေးလွင်က လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းအနေဖြင့် ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်၊ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံသားများအား လုပ်ငန်းဗီဇာ၊ အလုပ်ရုံ/ ဆွေးနွေးပွဲ/ အစည်းအဝေး/ သုတေသနဗီဇာ၊ ဖြတ်သန်းဗီဇာနှင့် ယာဉ်အမှုထမ်းဗီဇာတို့ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုတွင် ခွင့်ပြုပေးလျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကို ထပ်မံခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ်မှစတင်၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် e-Visa စနစ်ဖြင့် အဆင့်ဆင့်တိုးချဲ့ဝင်ခွင့်ပြုခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက် သုံးခုဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း လူဝင်မှုစစ်ဆေးရေးဂိတ်တို့တွင် ၂၀၁၆ ခုနှစ်မှစတင်၍ e-Visa ဖြင့် စတင်ခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ ထီးခီးဂိတ်မှလည်း ဝင်၊ ထွက်ခွင့်ပြုနေပြီဖြစ်ပါကြောင်း၊ e-Visa Business (လုပ်ငန်းဗီဇာ)ကို ၅၁ နိုင်ငံ ခွင့်ပြုထားရာမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အား ထပ်မံခွင့်ပြုခဲ့ပါကြောင်း။

**စာရင်းမှ ပယ်ဖျက်ခဲ့**

ဥပဒေနှင့်အညီ ဖြေလျှော့မှုနည်းလမ်းများဖြင့် စိစစ်၍ မြန်မာနိုင်ငံသား ၂၈၀၊ နိုင်ငံခြားသား ၄၀၃ ဦး စုစုပေါင်း လူပုဂ္ဂိုလ် ၆၈၃ ဦးနှင့် နိုင်ငံကူးလက်မှတ်စာအုပ် ၃၅ အုပ်ကို (Black List) စာရင်းမှ ပယ်ဖျက်ခဲ့ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမည်မည်းစာရင်း(Black List)များ ကြိုတင်စစ်ဆေးနိုင်သည့် စနစ် MAPPs (Myanmar Advanced Passenger Processing System)ကို ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်ကို မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ အပါအဝင်

**စာမျက်နှာ ၁၁ သို့** ☆

☆ စာမျက်နှာ ၁၀ မှ

စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအား ဗီဇာကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့အပြင် သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်ကို မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ရှစ်နိုင်ငံနှင့် စာချုပ်ချုပ်ဆို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်တွင်းနေ အရည်အချင်းရှိ နိုင်ငံခြားသားများက ပြည်ပရှိဆွေမျိုးများထံ သွားရောက်လိုပါက ပြည်ပြန်ဝင်ခွင့်ဗီဇာအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာငွေကျပ် ငါးထောင်ကောက်ခံ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာဖြင့် ပြည်ပတွင် ခြောက်လနေထိုင်ခွင့်ရှိပြီး သတ်မှတ်ကာလထက် ကျော်လွန်နေထိုင်လိုပါက သက်ဆိုင်ရာ သံရုံး/ကောင်စစ်ဝန်ရုံးများ၌ ပြည်ပြန်ဝင်ခွင့် ဗီဇာသက်တမ်း တိုးမြှင့်လျှောက်ထားနိုင်ပါကြောင်း။

### ထုတ်ပေးနိုင်ခဲ့

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် MRTD စနစ်ဖြင့် ခရီးသည်ဆိုင်ရာ အချက်အလက်ရယူသည့် Border Control System (BCS) စနစ်ကို အသုံးပြုလျက်ရှိပါကြောင်း၊ အစိုးရ၏ (၂)နှစ်တာကာလအတွင်း ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်လျှောက်ထားသူ ၁၁၇ ဦးအနက် ၆၈ ဦးကို ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသူ ၁၉၃ ဦးအနက် ၁၂၉ ဦးကို ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါကြောင်း။

သစ္စာစီမံချက်ဖြင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား ၎င်းတို့ရောက်ရှိသည့် ဒေသတွင်ပင် အိမ်ထောင်စု ၃၉၉၆၀ စုအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၈၅၄ ဦး ထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားချိန်မပျက် ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁၇၉၄၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

### ကြိုတင်ပြင်ဆင်

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးခြင်းလုပ်ငန်းကို စခန်း ၁၁ ခုနှင့် Mobile Team နှစ်ခုတို့တွင် ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၁၃၇၄၈ ဦးတို့အား CI ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

သန်းခေါင်စာရင်း အချက်အလက်များပေါ်မူတည်ပြီး တိုင်းရင်းသားလူမျိုးစာရင်း ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်၏ အမျိုးသားအဆင့် လူဦးရေမူဝါဒ ရေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အနာဂတ်ကာလများတွင်လည်း သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မြန်မာခရီးသွားလုပ်ငန်း၏ မျှော်မှန်းချက်များသည် ပိုမိုကောင်းမွန်သောနေထိုင်ရန်နေရာဖြစ်စေရန်၊ အလုပ်အကိုင်များပိုမိုရရှိရန်၊ စီးပွားရေးအခွင့်အလမ်းများ ပံ့ပိုးပေးရန်၊ သဘာဝနှင့်



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်



ခေတ္တအမြဲတမ်းအတွင်းဝန် ဦးအေးလွင်



ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်

ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကြွယ်ဝသော ယဉ်ကျေးမှုအမျိုးအစားများအား မျှဝေခံစားရန်နှင့် လာရောက်လည်ပတ်သူများကို နွေးထွေးပျူငှာစွာ ကြိုဆိုရန်တို့ဖြစ်ပါကြောင်း။

### ပြည်ပဧည့်သည်

ဥပဒေစိုးမိုးရေးနှင့် ခရီးသွားကဏ္ဍတွင် ခရီးသွားဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဥပဒေအသစ်တွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ခရီးသွားများအတွက် အခွင့်အရေးနှင့် လိုက်နာရန်အချက်များ တိကျစွာ ပါဝင်ပါကြောင်း၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား လုပ်ပိုင်ခွင့်များခွင့်ပြုမှုအခြေအနေများလည်း ပါဝင်ပါကြောင်း။

နှစ်အလိုက် ပြည်ပဧည့်သည် လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၃၄၄၃၁၃၃ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီလအထိ ၁၂၂၅၈၅၆ ဦး ဝင်ရောက်ခဲ့ပါကြောင်း၊ စစ်တမ်းကောက်ခံရရှိမှုအပေါ် အခြေခံ၍ ပျမ်းမျှတည်းခိုနေထိုင်ရက် တစ်ရက်ပျမ်းမျှ အသုံးစရိတ်တို့ကို ဖော်ထုတ်တွက်ချက်မှုအရ ဟိုတည်လုပ်ငန်းများမှ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် အမေကန်ရိဒေါ်လာ ၁၉၆၉ သန်းရှိခဲ့ပြီး ၂၀၁၈ ဧပြီလအထိ အမေရိကန်ဒေါ်လာ သန်း ၇၁၀ ရရှိခဲ့ပါကြောင်း။

### နည်းပညာအကူအညီ

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုသည် ရန်ကုန်မြို့၌ ၂၃ ရာခိုင်နှုန်း၊ မန္တလေးမြို့၌ ၁၂ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၆၅ ရာခိုင်နှုန်းရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရန်ကုန်မြို့၌ ၇၁ ရာခိုင်နှုန်း၊ မန္တလေးမြို့၌ ငါးရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၄ ရာခိုင်နှုန်း ရှိပါကြောင်း။

တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ဟိုတယ်လုပ်ငန်းမှ ၆၂၇၆၂ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ ၁၀၈၉၆ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းမှ ၄၂၁၁ ဦး၊ ဧည့်လမ်းညွှန်လုပ်ငန်းမှ ၇၉၇၁ ဦး၊ စားသောက်ဆိုင်လုပ်ငန်းမှ ၃၃၀၀၀၀၊ လေကြောင်းလိုင်းမှ ၅၁၅၀၊ အမှတ်တရပစ္စည်း အရောင်းဆိုင်လုပ်ငန်းမှ ၂၃၅၀ စုစုပေါင်း ၄၂၃၃၄၀ ရှိပါကြောင်း။

နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံကိန်းများအနေဖြင့် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ နည်းပညာအကူအညီဖြင့် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ၊ နိုင်ငံခြားသားများ ဆောင်ရန်၊ ရှောင်ရန်နှင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း ပါဝင်လာစေရေး မူဝါဒများ ရေးဆွဲခြင်း တစ်နှစ်စီမံကိန်း၊ နော်ဝေနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ နည်းပညာအကူအညီဖြင့် ခရီးသွားလုပ်ငန်းတစ်နှစ်ပင်မစီမံကိန်း၊ ICIMOD ၏ နည်းပညာအကူအညီဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲခြင်း တစ်နှစ်စီမံကိန်း၊ JICA ၏ နည်းပညာအကူအညီဖြင့် ပုဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သုံးနှစ်စီမံကိန်း၊ ဥရောပရှိ La Sapienza University ၏ နည်းပညာအကူအညီဖြင့် တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အပြုသဘော အားပေးတိုက်တွန်းမှုဖွံ့ဖြိုးစေခြင်း သုံးနှစ်စီမံကိန်း၊ လူဇင်ဘတ်နိုင်ငံ၏ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း၊ PfC ၏ နည်းပညာအကူအညီဖြင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားဒေသများတွင် သက်မွေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ Japan Tokyo Metropolitan ၏ နည်းပညာအကူအညီဖြင့် ခရီးသွားလုပ်ငန်း နယ်ပယ်ချဲ့ထွင်ရာတွင် ဆက်စပ်သော အဖွဲ့အစည်းများကို အားပေးကူညီခြင်း သုံးနှစ်စီမံကိန်း၊ ဩစတြေးလျနိုင်ငံ MIID ၏ နည်းပညာအကူအညီဖြင့် သဘာဝအလှအပများကို ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ သဘာဝအရင်းအမြစ်များကို ဗဟိုပြုပြီး တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ် လေးနှစ်စီမံကိန်း၊ ဆွစ်ဇာလန်နိုင်ငံ Swiss Contact ၏ နည်းပညာအကူအညီဖြင့် စီမံကိန်းဟိုတယ်ဆိုင်ရာ သင်တန်းများ ကနဦးအစီအစဉ် သုံးနှစ်စီမံကိန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးအကူအညီဖြင့် အရှေ့အနောက် စီးပွားရေးလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေးစွမ်းဆောင်မှုမြှင့်တင်ရေး သုံးနှစ်စီမံကိန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### ဖွင့်လှစ်ထားရှိ

ဒေသခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ကျေးရွာဒေသများအဖြစ် ကျေးရွာ ၄၇ ရွာတွင် လုပ်ငန်း ၂၁ ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားသတင်းအချက်အလက် ဖြန့်ဝေရေးစင်တာများအဖြစ် ရှမ်းပြည်နယ်တွင် ဖယ်ခုံကောင်တာ၊ ဟဲဟိုးလေဆိပ်ကောင်တာနှင့် ကလောကောင်တာ၊ ချင်းပြည်နယ်တွင် ကန်ပက်လက်ကောင်တာ၊ မွန်ပြည်နယ်တွင် မော်လမြိုင်ကောင်တာနှင့် ရခိုင်ပြည်နယ်တွင် စစ်တွေကောင်တာတို့ကို ဖွင့်လှစ်ထားရှိပါကြောင်း။

ခရီးသွားလုပ်ငန်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းရန်၊ ဦးစားပေး ခရီးစဉ်ဒေသများ ဖော်ထုတ်ရန်၊ မြန်မာနိုင်ငံကို ထင်ရှားသော ခရီးစဉ်ဒေသဖြစ်လာစေရန်၊ ခရီးသွားဆိုင်ရာ တရားမဝင်လုပ်ငန်းများ ထိန်းကျောင်းရန်နှင့် ယှဉ်ပြိုင်နိုင်သော ဈေးကွက်ခရီးသွားဒေသဖြစ်စေရန်တို့ကို ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

### တာဝန်ရှိသူများ ဖြေကြား

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ရငွေ၊ သုံးငွေကိစ္စ၊ အွန်လိုင်းမီဒီယာများ မှတ်ပုံတင်ရေးကိစ္စ၊ သတင်းထောက်များ ဖမ်းဆီးတရားစွဲဆိုခံရခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနအနေဖြင့် သတင်းအမှန်သိရှိအောင် ဆောင်ရွက်နေသည့်အခြေအနေ၊ လူမှုကွန်ရက်များတွင် အမုန်းစကားများ ရပ်တန့်ရန် ဝန်ကြီးဌာနမှ ဆောင်ရွက်သွားမည့်အခြေအနေ၊ သတင်းမီဒီယာဥပဒေ ရေးဆွဲနေသည့် အခြေအနေ၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ သတင်းရယူခွင့် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားမည့် အခြေအနေနှင့် အထူးသတင်းထောက်များကိစ္စတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

### ဥပဒေမူကြမ်းရေးဆွဲနေ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပတ်သက်၍ ဘာသာရေးပဋိပက္ခများ မဖြစ်အောင် ဆောင်ရွက်နေမှုအခြေအနေ၊ အမုန်းတရား ကာကွယ်ရေး ဥပဒေမူကြမ်းကိစ္စ၊ ရှေးဟောင်းပစ္စည်းများ ပြသထားမှုအခြေအနေ၊ ကမ္ဘာ့အမွေအနှစ်စာရင်းများအဖြစ် သတ်မှတ်ခံရရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် ဒုက္ခသည်များ ပြန်လာရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ အိမ်အကူများ ညှဉ်းပန်းနှိပ်စက်ခံရမှု ကာကွယ်ပေးရေးကိစ္စ၊ အထောက်အထားမဲ့ သွားလာနေမှုကိစ္စ၊ ကလေးအလုပ်သမားပပျောက်ရေး ဥပဒေမူကြမ်းရေးဆွဲနေမှုအခြေအနေနှင့် လူမျိုးစုစာရင်းထုတ်ပြန်နိုင်ရေးကိစ္စရပ်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းထားသည့်ကိစ္စ၊ ကာစီနိုများ ခွင့်ပြုပေးနေမှုအခြေအနေ၊ CNN မီဒီယာနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စနှင့် လေကြောင်းမှတစ်ဆင့် ခရီးသွားဝင်ရောက်မှု အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**



**အင်းစိန် အထက(၁)၌ ကျောင်းအပ်နှံပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။**

ညဏ်ဟိန်း



**၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် စတင်သည့် မေ ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ စတင်လက်ခံရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အ-မ-က(၇)တွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံရေး စတင်လက်ခံဆောင်ရွက်ပေးစဉ်။**

ခင်မောင်ဝင်း(ကြေးမုံ)

# ဘိန်းဖြူ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာသွားလမ်းမရှိ ကုန်းမဟတ်တံတားအနီး၌ မကိုင်(ခ) မအေးပွင့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ မေ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှိုင်နားကျေးရွာနေ ခင်ဆက်ငွေ(ခ)အကီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ တူမီးသေနတ်တစ်လက်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် မြို့သစ်မြို့ အမှတ်(၂)ရပ်ကွက် တမူး-စေတီသွားကားလမ်း၌ Mr. ASO မောင်းနှင်ပြီး Mr. PHNIAGI လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဝိန်းကျောက်ကျေးရွာနေ ရှေ့ကိုက်ရင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၇၃ ပြား၊ ငွေကျပ် ၉၅၀၀ နှင့် တူမီးသေနတ်တစ်လက်တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီက မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ငွေဆင်အိမ်ရာ Ve Ve ကုမ္ပဏီအနောက်လမ်းရှိ အောင်ကျော်ဝင်း၏ နေအိမ်တဲအားဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၁၅ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာအုပ်စု နောင်စန့်ကျေးရွာ ရွာလယ်လမ်းမပေါ်တွင် သိန်းဇော်မောင်းနှင်ပြီး မောင်ကြွားလိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းစိမ်း ၂၀ ဒသမ ၃ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင် ဆိုင်းဘုတ်အနီးတွင် အိုက်လှမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



**သိန်းဇော်နှင့် မောင်ကြွားတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

## ရထားသံလမ်းပေါ်၌ အိပ်သူ ရထားကြိတ်၍ သေဆုံး

**အုတ်ဖို မေ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့ ရွာမရပ်ကွက်ရှိ ရန်ကုန်-ပြည် ရထားလမ်း မိုင်တိုင်အမှတ်(၁၀၁)နှင့် (၁၀၂)အကြားတွင် မေ ၂၄ ရက် ည ၉ နာရီခွဲက သံလမ်းပေါ်တွင် အိပ်ပျော်နေသူကို ရန်ကုန်-ပုဂံ အဆန်ရထားကြိတ်မိပြီး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုဂံ အဆန်(၆၁)မီးရထား စက်ခေါင်းအမှတ် GF 2062 သည် အုတ်ဖိုမြို့ ဘူတာရုံမှ ကြို့ပင်ကောက်ဘူတာသို့ ထွက်ခွာမောင်းနှင်လာစဉ် ရထားသံလမ်းပေါ် အိပ်ပျော်နေသော အုတ်ဖိုမြို့ ရွာမရပ်ကွက် ဝါဆိုဦး(၃)လမ်းနေ မောင်အောင်ထက်လင်းမှာ မီးရထားကြိတ်မိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

**အောင်သူဆွေ(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၅-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ Weekly Sport Info
၈း၃၅ “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၅၂)
၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၄၀) (ပျော်စရာသင်ကြားသင်္ချာကစားနည်းများ)
၉း၁၅ "News Watch TV"
၉း၃၅ မြစ်မခမီဒီယာ “စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့”
၁၀း၃၀ လုံမမှတ်စု (အပိုင်း-၃၈)
၁၀း၄၅ ကဗျာရိပ်မြုံ “ဗျဉ်း-၃၃”
၁၁း၀၀ NHK Program (ပြန်လည်ဆန်းသစ်လာသော ဆေးပညာအတွက်စိန်ခေါ်မှု)
၁၁း၂၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး “လက်တွေ့အသုံးချဆေးနည်းတိုများ” (အပိုင်း-၂၅)
၁၁း၃၀ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ “ကြမ္မာနံ့” (အပိုင်း-၂၅) (မင်းဦး၊ ဖိုးသောကြာ ဆုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
၁၃း၄၅ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၄) (ဟိုလီ၊ ကြေးမုံပြင်)
၁၄း၄၅ “နှင်းကွဲချိန်”
၁၅း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “မတစ်ထောင်၊ တစ်ကောင်ဘွား” (ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်) (ဒါရိုက်တာ-ခင်စောမျိုး)

**ညပိုင်း**

၁၆း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “မေတ္တာထားတာ အဟုတ်ကိုပဲ” (လူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ ဝင့်ယမုံလှိုင်) (ဒါရိုက်တာ-ထွန်းဇော်အောင်)
၁၇း၀၅ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇း၂၀ NHK Programme (သရုပ်ဖော်ပုံအသုံးပြုခြင်း)
၁၇း၃၅ “မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍အသိပညာပေးစကားဝိုင်း” (အပိုင်း-၁)
၁၈း၃၀ Tasty Trip
၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ “မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်” (အပိုင်း-၉၂)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ Big Step (Singer May Ye Aung) -ဂီတသမား၊ ဂီတစကား “မင်းဆဒ္ဒန်ရဲ့ထူးတဲ့အချစ်” -“အတ္တနိဂုံး” (ရာဇာရောင်နီ၊ ချမ်းမြေ့ဟိန်း၊ ချောသီရိရတနာကို၊သဇင်) (ဒါရိုက်တာ-ဝသန်မျိုး) -အစီအစဉ်ပြီး၏။

## ရေပူစစ်ဆေးရေးအဖွဲ့က ငွေကျပ် ၁၈ သန်းကျော်တန် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၄ ရက်က CANTER မော်တော်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ZECHD EVD အလုံး ၉၀၊ DVB T3 Tenestrial အလုံး ၃၀၀၊ TATABP Solar ၄၇၀၊ Treasure Light ၇၅၄ လုံးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၀၇ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၈ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၈ စီး၊ သွင်းကုန် ၂၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၈၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၇၆၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၆၃၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်တွင် HIV ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်

**မြစ်ကြီးနား မေ ၂၅**

မြန်မာတစ်နိုင်ငံလုံးတွင် HIV (ခုခံအားကျဆင်းစေသည့်ရောဂါပိုး)ကူးစက်ဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ပွားနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် ကချင်ပြည်နယ်သည် HIVဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်နေကြောင်း ကချင်ပြည်နယ် ခုခံအားကျ/ကာလသားတိုက်ဖျက်ရေးဌာနမှ သိရသည်။

ကချင်ပြည်နယ်အတွင်းတွင် မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသုံးစွဲသူများနှင့် ၎င်းတို့၏ လိင်ဆက်ဆံဖော်များတွင် HIVရောဂါပိုး အမြင့်ဆုံးဖြစ်ပွားနေကြောင်း၊ ယင်းဌာနမှ စီမံချက်မန်နေဂျာဒေါက်တာထွန်းညွန့်ဦးက ပြောသည်။

“တိုင်းဒေသကြီးနဲ့ ပြည်နယ် ငါးခုမှာ ကချင်ပြည်နယ်က HIV အမြင့်ဆုံး ဖြစ်နေတယ်၊ အဖြစ်များတဲ့လူတွေထဲမှာမှ မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းတဲ့သူနဲ့ သူ့ရဲ့လိင်ဆက်ဆံဖော်တွေ အများဆုံးဖြစ်ပွားနေတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ တခြားပြည်နယ်တွေမှာ ပုံမှန်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမျိုးမဟုတ်ဘဲနဲ့ ကချင်ပြည်နယ်မှာ ပိုအားစိုက်ပြီး ပူးပေါင်းဆောင်ရွက်မယ်၊ လူအင်အား ငွေအင်အား ပိုပြီးသုံးစွဲမယ်၊ ကွင်းဆင်းစစ်ဆေးတာတွေ အရင်ကထက် ပိုလုပ်မယ်၊ ကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်သွားမယ်”ဟု ၎င်းက ဆိုသည်။

ကချင်ပြည်နယ်အတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲနေသည့် လူငယ်များအကြားတွင် HIV ဖြစ်ပွားမှုများပြားနေကြောင်း သိရပြီး အခြားမြို့များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့တွင် HIV ဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ပွားနေကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသုံးစွဲသူများအကြား HIVရောဂါပိုးကူးစက်သူ ရှစ်သောင်းကျော်ရှိနေပြီး ကချင်ပြည်နယ်တွင် ၂၆ ရာခိုင်နှုန်း ဖြစ်ပွားနေကာ လေ့လာဆန်းစစ်ချက်များအရ ကချင်ပြည်နယ်တွင် ရောဂါပိုးဖြစ်ပွားမှုနှုန်းမှာ မြင့်မားနေပြီး ရောဂါအသစ်ဖြစ်ပွားသူ ကူးစက်မှုနှုန်းမှာလည်း သိသိသာသာကျဆင်းလာခြင်းမရှိကြောင်း ခုခံကျ/ကာလသားတိုက်ဖျက်ရေးဌာနမှ သိရသည်။

**မင်းမင်းဦး**

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။
❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# စပါးအသင်းနည်းပြ ပိုချက်တီနို ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆို



စပါးအသင်းနည်းပြ ပိုချက်တီနိုသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ် တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အထိ ဝှိုက်ဟက်လိန်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အသက် ၄၆ နှစ်အရွယ်ရှိ နည်းပြ ပိုချက်တီနိုသည် ၂၀၁၄ ခုနှစ် မေလအတွင်းက စပါးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ကုန်လွန်ခဲ့သည့် ဘောလုံးရာသီသုံးရာသီမှာလည်း စပါးအသင်းကို ပရီမီယာလိဂ် အမှတ်ပေးဇယား၏ ထိပ်ဆုံးသုံးနေရာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

လက်ရှိစာချုပ်သစ်ချုပ်ဆိုပြီးနောက် အသင်းအတွက် အားထားရသည့် နည်းပြ ပိုချက်တီနိုအား စာချုပ်သစ်ချုပ်ဆိုလိုက်ရခြင်းကြောင့် ဝမ်းမြောက်မိကြောင်းလည်း စပါးအသင်းဥက္ကဋ္ဌ ဒန်နီယယ်လီဗိုင်းက ပြောကြားခဲ့သည်။

ထို့အတူ စပါးအသင်း၏ နည်းပြအဖွဲ့ဝင်များဖြစ်ကြသည့် ဂျီးဆပ် ပီရက်ဇ်၊ ဒီအက်ဂိုစတီနိုနှင့် တိုနီဂျေမီနက်ဇ်တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝင်ဘလေကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုခဲ့ရပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် အိမ်ကွင်းဖြစ်သည့် ဝှိုက်ဟက်လိန်းကိုလည်း ပြန်လည်ပြင်ဆင် တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ဘဏ္ဍာငွေလိုအပ်ချက်အရ ထိပ်တန်းကစားသမား ငါးဦးအထိ ရောင်းထုတ်ရန် စီစဉ်လျက်ရှိနေပြီး အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ ပိုချက်တီနိုကိုတော့ စာချုပ်သစ်ချုပ်ဆိုကာ ဆက်ထိန်းထားခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



# ရီးယဲလ်မက်ဒရစ်ပရိသတ်များ မဝယ်ယူခဲ့သည့် ပို့လျှံလက်မှတ် ၁၀၀၀ ကို လီဗာပူးပရိသတ်များထံ ပြန်လည်ရောင်းချပေးမည်မဟုတ်

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို လိုက်ပါအားပေးလိုပေမယ့် လက်မှတ်ဝယ်လို့ မရရှိတဲ့ လီဗာပူးပရိသတ်တွေကို ရီးယဲလ်အသင်းရဲ့ ပိုလျှံလက်မှတ် ၁၀၀၀ ကို ပြန်လည်ရောင်းချပေးမှာ မဟုတ်ကြောင်း ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)က အတည်ပြုပါတယ်။ ဒါဟာ လုံခြုံရေးအခြေအနေကို စိုးရိမ်လို့သာဖြစ်ပြီး လီဗာပူးပရိသတ်တွေဟာ ရိုးမားပရိသတ်တွေနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့သေးတာကြောင့် လီဗာပူးနည်းပြ ကလော့ပ်ကတောင် ဘောလုံးပွဲကို ဘောလုံးပွဲစဉ်တစ်ပွဲလိုသာ အားပေးတာက ပိုအဆင်ပြေတယ်လို့ သတိပေးစကားဆိုခဲ့ပါသေးတယ်။

ယူအီးအက်ဖ်အေက ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်ရောက်လာတဲ့ ရီးယဲလ်မက်ဒရစ်နဲ့ လီဗာပူးအသင်း တစ်သင်းစီကို လက်မှတ်ခွဲတမ်း ၁၆၅၀၀၀ ကျော်စီ ခွဲတမ်းချထားခဲ့ရာ ရီးယဲလ်အသင်းရရှိတဲ့ လက်မှတ်ခွဲတမ်းထဲက ၁၀၀၀ က ပိုနေတာဖြစ်ပါတယ်။ ဝယ်လိုအားမြင့်တက်နေတဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲလက်မှတ်တွေဟာ မှောင်ခိုဈေးကွက်မှာ ပေါင် ၂၀၀၀၀ လောက်အထိ ဈေးပေါက်နေပေမယ့် ရီးယဲလ်ပရိသတ်တွေကတော့ ခရီးသွားစရိတ်၊ ဟိုတယ်တည်းခိုခန်းခတွေ ဈေးမြင့်လွန်းတာကြောင့် ချန်ပီယံလိဂ်ကို ကိုယ်တိုင်ကိုင်ကျ လိုက်ပါအားပေးဖို့ ဆန္ဒမရှိတော့ဘဲ ရီးယဲလ်အသင်း ဝေစုရ လက်မှတ်ခွဲတမ်း ၁၀၀၀ က ပိုနေခဲ့တာဖြစ်ပါတယ်။

ယူအီးအက်ဖ်အေဥက္ကဋ္ဌ ဆီဗာရင်က "ကံမကောင်းစွာနဲ့ပဲ လုံခြုံရေးအခြေအနေကြောင့် ဒီလက်မှတ်တွေကို လီဗာပူးပရိသတ်တွေကို ရောင်းချပေးဖို့ တားမြစ်ထားပါတယ်၊ ဒါက သိပ်ပြီး စွန့်စားလွန်းသလို ဖြစ်သွားပါလိမ့်မယ်၊ အိုလံပစ်ကွင်းကြီးက ပရိသတ် ၇၀၀၀၀ ကျော် ဆံ့ပေမယ့် တစ်သင်းကို လက်မှတ် ၁၇၀၀၀ စီ ရောင်းချဖို့ ဝေပုံချပေးထားတာဖြစ်ပါတယ်" လို့ ပြောကြားသွားခဲ့ ပါတယ်။

**မေလွှဲသင်း-ရေးသားသည်**

# ရှက်ခ်တာဒိုးနက်စ်ခ် ကွင်းလယ်ကစားသမား ဖရက်ဒ်အား မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေ

ပရီမီယာလိဂ်၏ မန်ချက်စတာမြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှ ဘရာဇီး ကွင်းလယ်ကစားသမား ဖရက်ဒ်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ကွင်းလယ်ကစားသမား ဖရက်ဒ်အား ခေါ်ယူရန်ပိုမိုနီးစပ်နေပြီး ရုရှားနိုင်ငံတွင်း ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ အိုးထရက်ဖို့ဒ်အရောက် ခေါ်ယူနိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။



ကွင်းလယ်ကစားသမား ဖရက်ဒ်ကမူ အသင်းအပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးအောင် စောင့်စေချင်ကြောင်း ပြောကြားခဲ့သည်။ အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖရက်ဒ်အနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားမည့် ၎င်း၏ဆန္ဒကို လျှို့ဝှက်ထားခြင်းမရှိခဲ့သည့်အပြင် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းကလည်း ဖရက်ဒ်နေရာတွင် အစားထိုးရန်အတွက် ကိုရင်သီယန်အသင်းမှ ကွင်းလယ်ကစားသမား မေကွန်အား ပေါင် ငါးသန်းဖြင့် ခေါ်ယူရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဖရက်ဒ်သည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းက မန်စီးတီးအသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများ ထွက်ပေါ်နေခဲ့သူဖြစ်ပြီး လက်ရှိတွင် မန်ယူအသင်းကပါ ခေါ်ယူရန် စိတ်ဝင်စားနေသူဖြစ်သည်။ မန်ယူအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမား တစ်ဦး သို့မဟုတ် နှစ်ဦးအထိ ခေါ်ယူရန် စီစဉ်လျက်ရှိပြီး နောက်တန်းခံစစ်ကြောင်းအတွက်မူ ကစားသမား လေးဦးအထိ ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**



# ဆာလာနှင့် နှိုင်းယှဉ်မှုကို စီရိုနယ်လ်ဒိုပယ်ချ ရီးယဲလ်မက်ဒရစ်သာ သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးသွားဦးမည်

တိုက်စစ်မှူး စီရိုနယ်လ်ဒိုက လီဗာပူးတိုက်စစ်မှူး ဆာလာနှင့် သူ့ကို နှိုင်းယှဉ်နေမှုများကို ပယ်ချသွားခဲ့ပြီး ၎င်းမှာ မည်သူနှင့်မျှ မတူသည့်ကစားသမားဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ စီရိုနယ်လ်ဒိုမှာ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၃ ဂိုး သွင်းယူထားပြီး ဆာလာက ၄၄ ဂိုး သွင်းယူထားရာ ရီးယဲလ်မက်ဒရစ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်ကို စီရိုနယ်လ်ဒိုနှင့် ဆာလာတို့ အားပြိုင်သောပြိုင်ပွဲအဖြစ် သုံးသပ်နေကြရာ စီရိုနယ်လ်ဒိုက အထက်ပါအတိုင်း တုံ့ပြန်သွားခဲ့ခြင်းဖြစ်သည်။

သို့သော် ဘရာဇီးတိုက်စစ်မှူးဟောင်း စီရိုနယ်လ်ဒိုက ဆာလာမှာ မက်ဆီနှင့် ကစားပုံဆင်တူသည့် ကစားသမားဖြစ်ကြောင်း သူ၏ထင်မြင်ချက်ကို ပြောကြားခဲ့သည်။ ရီးယဲလ်နည်းပြ ဇီဒန်းက စီရိုနယ်လ်ဒိုနှင့် ဆာလာ ဘယ်ကစားသမား ပိုကောင်းသလဲဆိုသည့် မေးခွန်းကို မေးမြန်းခံရချိန်တွင် စီရိုနယ်လ်ဒိုကို ဆာလာနှင့်မျှမဟုတ် ဘယ်ကစားသမားနှင့်မျှမလဲနိုင်ကြောင်း တုံ့ပြန်ခဲ့ပြီးဖြစ်သလို လီဗာပူးနည်းပြ ယာဂန်ကလော့ပ်ကလည်း ဆာလာအနေဖြင့် စီရိုနယ်လ်ဒိုကို လိုက်မီရန် ယခုရရှိနေသော ခြေစွမ်းမျိုး ၁၅ နှစ်လောက် ထိန်းထားပြရန် လိုအပ်ကြောင်း ဆိုခဲ့သည်။

စီရိုနယ်လ်ဒိုက "သူက ကြီးမားတဲ့ စွမ်းဆောင်ရည်တွေနဲ့ မယုံနိုင်လောက်စရာကောင်းတဲ့ ကစားသမားပါ၊ ကျွန်တော် မကြာသေးခင်ကပဲ သူ့အကြောင်း ဖတ်မိပြီး သူ့ရဲ့ စွမ်းဆောင်ရည်အပေါ် သဘောကျနှစ်ခြိုက်မိပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ထို့ပြင် စီရိုနယ်လ်ဒိုက သူမှာ ဘယ်ကစားသမားနှင့်မျှ မတူကြောင်းဆိုခဲ့ပြီး ဆာလာက ဘယ်ဖြင့်ကစားပြီး သူက ညာဖြင့် ကစားသည့် ကစားသမားဖြစ်သလို မိမိက အရပ်ရှည်ပြီး ဆာလာက အနည်းငယ်ပုကြောင်း ဆိုသွားခဲ့သည်။

ထို့ပြင် စီရိုနယ်လ်ဒိုက သူ၏ ရီးယဲလ်အသင်းသာ လီဗာပူးကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက် ကိုင်မြှောက်နိုင်ဦးမည်ဖြစ်သလို မိနစ် ၉၀ အတွင်း အဖြေပေါ်ပြီး ဂိုးများမည့် ပွဲစဉ်ဖြစ်ကြောင်း ခန့်မှန်းပေးသွားခဲ့သည်။

# ဂျိမ်းစ်မီလ်နာနှင့် အမ်မရီချန်တို့နှစ်ဦးလုံး ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ကြံ့ခိုင်မှု ပြည့်ဝနေ

လီဗာပူးနည်းပြ ယာဂန်ကလော့ပ်က ကွင်းလယ်လူ ဂျိမ်းစ်မီလ်နာနှင့် အမ်မရီချန်တို့နှစ်ဦးလုံး ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ကြံ့ခိုင်မှုပြည့်ဝနေကြောင်း အတည်ပြုသွားခဲ့သည်။ မီလ်နာမှာ အသေးစားဒဏ်ရာပြဿနာမှ ပြန်လည်လွန်မြောက်လာပြီးဖြစ်သလို ချန်မှာလည်း ဝက်ဖို့ဒ်နှင့် မတ် ၁၇ ရက် ပွဲစဉ်တွင် ရရှိခဲ့သော နောက်ကျောဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီဖြစ်သည်။ ကလော့ပ်က "မီလ်နာက လုံးဝရှင်းရှင်းလင်းလင်း (ကြံ့ခိုင်မှုပြည့်ဝ)နေပါပြီ၊ အမ်မရီကလည်း အံ့အားသင့်စရာပါ၊ သူက သူပြန်လာနိုင်ပြီလို့ ကျွန်တော့်ကို ပြောခဲ့တယ်"ဟု အဆိုပါ ကစားသမားနှစ်ဦး ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း အတည်ပြုသွားခဲ့သည်။

# ထိန်ပင်သက်သေ ညီညွတ်သောအင်အား

မောင်ရိုးရာ(တောင်ကြီး)

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူတကွ လက်တွဲနေထိုင်ကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် အစိုးရသစ်၊ မူသစ်၊ စနစ်သစ်တို့ဖြင့် ကဏ္ဍစုံတွင် အားသစ်လောင်းလျက် ထာဝရငြိမ်းချမ်းသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ ရောက်အောင် ချီတက်နေပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် စစ်မှန်သော အင်အားဟူသည် ထိုနိုင်ငံအတွင်းရှိ ပြည်သူများပင်ဖြစ်ပေရာ "ပြည်သူနှင့်အတူ" လက်တွဲဆောင်ရွက်နိုင်မှသာ အရာရာအောင်မြင်နိုင်ပေမည်။ ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းထားသည့် အင်အားသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုံးစုံသောကဏ္ဍအသီးသီးတို့တွင် ကြီးမားသော သက်ရောက်မှုရှိနေသည်မှာ မျက်ကွယ်ပြု၍ မရသည့် အမှန်တရားပင်ဖြစ်သည်။

မြန်မာတို့၏ စကားပုံများတွင် "အမှိုက်ကစ ပြာသာဒ်မီးလောင်"ဆိုသည့် စကားပုံမှာ ကြီးမားသော ပြဿနာရပ်တိုင်း သေးငယ်သော အခြေခံအကြောင်းအရာမှ အစပြုခြင်းဖြစ်ကြောင်း အထူးသတိပြုနိုင်ရန် မီးမောင်းထိုးပြထားသည့် မြန်မာ့ဆိုရိုးစကားပုံဖြစ်ပေရာ "မီးဘေးရှောင် မလောင်ခင်တား"ဆိုသကဲ့သို့ ပြဿနာရပ်တစ်ခုကို ကြိုတင်တွက်ဆပြီး မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

**အထူးသတိပြုစရာ**

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် နိုင်ငံတော်ကြီး အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မနားမနေ ကြိုးစားဆောင်ရွက်နေကြသည့် အုပ်ချုပ်သူအစိုးရနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက်ပါ အထူးသတိပြုစရာ သင်ခန်းစာတစ်ခုကို ရရှိစေခဲ့သည့် ဖြစ်စဉ်ဟုဆိုလျှင် မှားမည်မထင်ပေ။

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူတို့၏ အသုံးအဆောင်ပစ္စည်းများသည်လည်း ခေတ်မီတိုးတက်များပြားလာပြီး စွန့်ပစ်အမှိုက်များသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်။ စွန့်ပစ်အမှိုက်များ ပေါင်းစပ်ဓာတ်ပြုခြင်းကြောင့်သော် လည်းကောင်း၊ ရာသီဥတုအပူချိန်လွန်ကဲမှုကြောင့်သော် လည်းကောင်း၊ မီးလောင်မှုကိုဖြစ်ပေါ်စေနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာပျက်စီးစေနိုင်သလို လူ့ပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးပစ်နိုင်သည်အထိ အန္တရာယ်ကြီးမားသွားနိုင်သဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရေး၊ အသုံးအဆောင်ပစ္စည်းများတွင် သတိပေးတားမြစ်ထားသည့် အချက်များကို သတိပြုလိုက်နာလျက် အခြားစွန့်ပစ်ပစ္စည်းများနှင့်အတူ ရောနှောမစွန့်ပစ်ရေးစသည့် အမှိုက်၊ အရာဝတ္ထုများကို သတိပေးထားသည့်အတိုင်း စနစ်တကျစွန့်ပစ်ရန် အခြေခံကျလှသည့်အချက်မှစ၍ သတိပြုလိုက်နာစေတတ်ဖို့ အထူးလိုအပ်လှသည်။

တာဝန်ရှိသူများအနေဖြင့် စွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးချနိုင်သည့် နည်းပညာများကို လူထုအဆင့် ပညာပေးရေးဆောင်ရွက်ပေးနိုင်လျှင် လွန်စွာအကျိုးရှိလှပြီး အမှိုက်တန်ချိန်ပေါင်းများစွာ နေ့စဉ်ထွက်ရှိနေသော မြို့တော်ကြီးများတွင် ထိုအမှိုက်များမှ စွမ်းအင်ထုတ်လုပ်ခြင်း သို့မဟုတ် လူ့အသုံးအဆောင်ပစ္စည်းများ ပြန်လည်ထုတ်လုပ်နိုင်ရန် တစ်ဆင့်ချင်း ဆောင်ရွက်သွားနိုင်မည်ဆိုပါက အမှိုက်များမှ ရွှေဖြစ်လာနိုင်လိမ့်မည်။

စာရေးသူအနေဖြင့် အဓိကတင်ပြလိုသည့် အကြောင်းအရာမှာ ထိန်ပင်အမှိုက်ပုံ မီးလောင်သည့်ဖြစ်စဉ်နှင့် ဆက်စပ်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မီးငြိမ်းသတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသူများအား "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်"က ၁၃-၅-၂၀၁၈ ရက်စွဲဖြင့် ၂၀၁၈ ခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် ရွေးချယ်ဖော်ပြလျက် ပြည်သူသို့ ကျေးဇူးတင်လွှာကို သတင်းစာများ၊ ရုပ်သံလိုင်းများမှ ထုတ်ပြန်ခဲ့ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သည့် "စုပေါင်းအင်အား"ဆိုသော စကားရပ်၏ အဓိပ္ပာယ်မှာ လွန်စွာလေးနက်လွန်းလှသည်။ နိုင်ငံတော် အစိုးရအနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အားကုန်စိုက်ထုတ် ရုန်းကန်ကြိုးစားနေချိန်တွင် ပြည်သူတစ်ရပ်လုံး၏ ကိုယ်စီတာဝန်သိစိတ်ဖြင့် ပြည်သူတစ်ယောက်၊ နိုင်ငံ့သားကောင်း တစ်ယောက်ပီသစွာ တာဝန်ကျေရန်လိုအပ်ပြီး ထိုကဲ့သို့ တာဝန်ကျေခြင်းဖြင့် ပြည်သူတို့၏ ပြည့်ဝသည့် အင်အားများကို နိုင်ငံတော်မှ အားကိုးအားထား ပြုနိုင်မည်ဖြစ်သည်။

> “ နိုင်ငံတော်အစိုးရအနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အားကုန်စိုက်ထုတ် ရုန်းကန်ကြိုးစားနေချိန်တွင် ပြည်သူတစ်ရပ်လုံး၏ ကိုယ်စီတာဝန်သိစိတ်ဖြင့် ပြည်သူတစ်ယောက်၊ နိုင်ငံ့သားကောင်း တစ်ယောက်ပီသစွာ တာဝန်ကျေရန်လိုအပ်ပြီး ထိုကဲ့သို့ တာဝန်ကျေခြင်းဖြင့် ပြည်သူတို့၏ ပြည့်ဝသည့် အင်အားများကို နိုင်ငံတော်မှ အားကိုးအားထား ပြုနိုင်မည်ဖြစ် ... ”

ပြည်သူ့အားမပါလျှင် နိုင်ငံတော်အစိုးရ၏ အေးချမ်းသာယာလှပသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရောက်ရှိစေရန် ချီတက်နေသော ခရီးလမ်းမှာ နှောင့်နှေးနေနိုင်သည်ကို နိုင်ငံသားအားလုံးက အလေးအနက်သိရှိကြရန် လိုအပ်သည်။

ပြည့်အင်အားသည် ပြည်သူများဖြစ်သည်နှင့်အညီ မြန်မာတို့၏ ဇာတိတန်ဖိုးဖြစ်သော "မြန်မာ့စိတ်ရင်းကူညီခြင်း" ဆိုသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသကဲ့သို့ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရ အပြန်အလှန် နားလည်မှုရှိစွာဖြင့် နိုင်ငံတော်တွင် ရင်ဆိုင်ကြုံတွေ့လာရသည့် အခက်အခဲတိုင်း၊ ကိစ္စရပ်တိုင်း၌ တက်ညီလက်ညီပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်သာဖြစ်သည်။

၂၁-၄-၂၀၁၈ ရက်မှ စတင်လောင်ကျွမ်းခဲ့သော ထိန်ပင်အမှိုက်ပုံကြီးအား အချိန်မီငြိမ်းသတ်နိုင်ခြင်း မရှိပါက အမျိုးသားအဆင့်အန္တရာယ်ကျရောက်နိုင်သည်အထိ ပြည်သူများ ရင်ဆိုင်ရနိုင်သည်။ ၂-၅-၂၀၁၈ ရက်တွင် အပြီးမီးငြိမ်းသတ်နိုင်ခဲ့သော်လည်း ကျန်ရှိနေသည့် အကြွင်းအကျန်များ လုံးဝငြိမ်းသတ်နိုင်ခဲ့သည်မှာ ၈-၅-၂၀၁၈ ရက်မှဖြစ်၍ ဧရိယာနှင့်ထုထည်ပမာဏကြီးမားလွန်းသည့် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုမှာ ကာလတိုအတွင်း ငြိမ်းသတ်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

**ဟန်ချက်ညီစွာ ပူးပေါင်း**

တာဝန်ရှိအကြီးအကဲများ၏ စီမံကွပ်ကဲမှု၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွန့်စွန့်စားစား မီးငြိမ်းသတ်မှု၊ တပ်မတော်သားများ၏ ကူညီပါဝင်မီးငြိမ်းသတ်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားသော ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ စေတနာရှင်ပြည်သူများ၊ ပရဟိတအဖွဲ့များ၏ ပူးပေါင်းကူညီလှူဒါန်းမှုနှင့် အပြီးသတ် မီးငြိမ်းသတ်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ခေတ်မီ အဆင့်မြင့်မီးသတ်ဆေးရည် Bio Foam ဂါလန် ၅၀၀၀ အား ထိုင်းနိုင်ငံမှ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်းပေါင်း ၃၄၀၀ အား လှူဒါန်းခဲ့သည်။ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့်မိတ်ဖက်ကုမ္ပဏီများ၏ စေတနာတို့ဟန်ချက်ညီစွာ ပူးပေါင်းနိုင်ခဲ့သည်။ အင်အားကြီးတစ်ရပ်ဖြစ်ကာ ထိန်ပင်အမှိုက်ပုံကို လောင်ကျွမ်းလျက်ရှိသော မီးဘေးအန္တရာယ်၊ မီးလောင်မှုမှ ထွက်ရှိလာသည့် မီးခိုးများ၏ ကြီးမားကျယ်ပြန့်လာမည့် ဘေးဥပဒ်ဆိုးကျိုးများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

**စုပေါင်းညီညာအောင်ကြောင်းဖြာ**

"စုပေါင်းအင်အား" ဆိုသည့် စကားရပ်အတိုင်း စုပေါင်းအားဖြင့် မည်သည့်အခက်အခဲ အန္တရာယ်မျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်သည်ကို အစိုးရနှင့် ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့် မြန်မာ့ဆိုရိုးမှာ ယခုကဲ့သို့ ကြီးမားသည့် ဘေးအန္တရာယ်ကို စုပေါင်းဖြေရှင်းနိုင်စေရန် ပမာနှိုင်း၍ ဖြစ်တည်လာခဲ့ခြင်းဖြစ်ရာ နောင်တွင်လည်း နိုင်ငံတော်နှင့်ပြည်သူအတွက် အခက်အခဲများ၊ ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာရပါက နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးက ကိုယ်စီတာဝန်ကျေစွာ စုပေါင်းအားဖြင့် ကျော်လွှားအောင်မြင်မည်မှာ မြေကြီးလက်ခတ်မလွဲပင်။

**တာဝန်သိသိ စေတနာရှိစေလို**

ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောများပြုန်းတီးလာမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီး၍ ဂေဟစနစ်များ ယိုယွင်းလာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၊ နေရာဒေသအသီးသီးတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမားသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိသည်။ လူတို့၏ ပယောဂကြောင့်လည်း ဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ထိုကဲ့သို့ ဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့လာရသည့်အခါ လူအားဖြင့်သာမက ငွေအားကိုလည်း မြောက်မြားစွာအသုံးပြုဖြေရှင်းကြရသည်။ နောင်တွင်လည်း အနည်းနှင့်အများဆိုသလို သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရဦးမည်ကို ကြိုတင်တွက်ဆလျက် စီမံဆောင်ရွက်သင့်သည်များကို အုပ်ချုပ်သူ မင်းအစိုးရမှလည်းဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ ပြည်သူများကလည်း ကိုယ်စီကိုယ်င တာဝန်သိစိတ်ရှိကြရန် လိုအပ်သည်။ ငွေအားဖြင့် ဖြေရှင်းဆောင်ရွက်ရမည့်ကဏ္ဍများအတွက် နိုင်ငံတော်နှင့် ပြည်သူတွင် လိုအပ်ချက်ရှိလာပါကလည်း ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကဲ့သို့ အင်အားရှိသည့် ဖောင်ဒေးရှင်းများက တာဝန်သိသိ စေတနာရှိရှိဖြင့် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်လှူဒါန်းကြရန်လည်း လိုအပ်သည်။

**ကျေနပ်ဂုဏ်ယူနိုင်**

ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအား စွန့်လွှတ်စွန့်စားကာ ငြိမ်းသတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီများ၊ ပရဟိတအဖွဲ့များ၊ စေတနာရှင်ပြည်သူများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် "ပြည်သူသို့ ကျေးဇူးတင်လွှာ" ဖြင့် လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုထုတ်ပြန် ဖော်ပြခဲ့သည့်အတွက် ဂုဏ်ယူထိုက်သော စိတ်ဓာတ်၊ လုပ်ဆောင်မှု၊ လှူဒါန်းမှုတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုပေးဆပ်ခဲ့ကြသူအားလုံး အမောအပန်းများ ပြေပျောက်၍ ကျေနပ်ဂုဏ်ယူနိုင်ကြမည်မှာ အသေအချာပင်ဖြစ်ပြီး စာရေးသူကလည်း ဤဆောင်းပါးဖြင့် လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။ ။

## မှူခင်းပညာပေးဟောပြော

**ကော့မှူး မေ ၂၅**

ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက် မြို့နယ်ဆောက်လုပ်ရေးရုံးရှေ့တွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲက မှုခင်းပညာပေးယာဉ်ဖြင့် ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့် တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုမခံရစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးတို့ ဟောပြောပြီး ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



## မြစ်သားမြို့အခြေခံပညာကျောင်းများ၌ကျောင်းအပ်နှံမှုများကိုစတင်လက်ခံ

**မြစ်သား မေ ၂၅**

"ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်နှင့်အညီ မြစ်သားမြို့နယ်တွင် မေ ၂၅ ရက်က အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများကို စတင်လက်ခံကြောင်း သိရသည်။

ထိုသို့ကျောင်းအပ်နှံမှုများ လက်ခံရာတွင် KG တန်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ပထမတန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်တစ်စုံနှင့် ဗလာစာအုပ် ခြောက်အုပ်နှုန်း၊ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အခြေခံပညာ အထက်တန်းကျောင်း(မြို့မ) ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

"ကျွန်မသမီးက ဒုတိယတန်းတက်ရမှာပါ၊ ကျောင်းသွားအပ်တော့ အဆင်ပြေပါတယ်၊ ပုံနှိပ်တစ်စုံလည်း ထုတ်ပေးပါတယ်၊ ဘာကြေးညာကြေးဆိုပြီးတော့ ငွေကောက်ခံတာလည်း မရှိပါဘူး"ဟု ကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရွှေ့ပြောင်းတောင်ယာအစား တောင်စောင်းစိုက်ပျိုးရေးစနစ်နှင့် လှေကားထစ်လယ်ယာများ အစားထိုးစိုက်ပျိုးရေးစံပြကွက်များဖော်ဆောင်

**စစ်ကိုင်း မေ ၂၅**

ရွှေ့ပြောင်းတောင်ယာအစား ရေရှည်တည်တံ့ခေတ်မီသည့် တောင်စောင်းစိုက်ပျိုးရေးစနစ်နှင့် လှေကားထစ်လယ်ယာများ အစားထိုးစိုက်ပျိုးရေး စံပြကွက်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖော်ဆောင်လျက်ရှိကြောင်း နာဂဒေသလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခေါင်းဆောင် ဦးသိုက်စိုးထံမှ သိရသည်။

"နာဂဒေသ ဝမ်းစာဖူလုံရေးအတွက် မြေလွတ်မြေရိုင်းတွေ ဖော်ထုတ်ပြီး လယ်မဲ့ယာမဲ့တွေကို ခွဲဝေချထားတာတွေ ဆောင်ရွက်နေသလို မျိုးကောင်းမျိုးသန့်နဲ့ခေတ်မီစိုက်ပျိုးရေးစနစ်တွေ ပညာပေးစည်းရုံး ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဒေသတွင်း တောင်သူတွေရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နေသလို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ကျင့်သုံးနိုင်ဖို့ လုပ်ဆောင်နေပါတယ်" ဟု ဦးသိုက်စိုးက ပြောကြားသည်။

နာဂဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်း သုံးမြို့နယ်တွင် လေရှီးမြို့နယ်သည် လှေကားထစ် လယ်ယာစိုက်ပျိုးနည်းစနစ် ထွန်းကားသည့်အတွက် ဆန်စပါးဖူလုံမှုရှိသော်လည်း ကျန်သည့်နေရာများတွင် တောင်ယာစနစ်ဖြင့် ဆောင်ရွက်နေကြောင်း နာဂဒေသ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင် ဦးထွန်းရှိန်က ပြောသည်။

"လယ်ယာသုံးစက်ကိရိယာတွေ ထောက်ပံ့ပေးခဲ့ပေမယ့် သုံးတာမရှိတဲ့အတွက် အကျိုးဖြစ်တာမရှိခဲ့ပါဘူး၊ တောင်ပေါ်ဒေသမှာ လှေကားထစ်လယ်ယာမြေတွေ ဖော်ထုတ်ပြီး မြေပြန့်လို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလိုကြပြီး လက်တွန်းထွန်စက်နဲ့ နည်းပညာတွေ လိုနေတဲ့အကြောင်း ဒေသခံတွေက တင်ပြလာပါတယ်" ဟု ဦးထွန်းရှိန်က ပြောသည်။

နာဂဒေသတွင် ခေတ်မီ တောင်စောင်းစိုက်ပျိုးနည်းစနစ် (SALT) စံပြကွက်များအဖြစ် လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နယ်၊ လဟယ်မြို့နယ်၊ ထန်ပါခွေမြို့နယ်၊ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နယ်နှင့် ပန်ဆောင်မြို့နယ် ခုနစ်မြို့နယ်တွင် နှစ်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခုနစ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်၌ ၂၈ ဧက၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၃၉ ဧက၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၇ ဧက၊ ၂၀၂၀-၂၀၂၁ခုနှစ်တွင် ၅၈ ဧက၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၆၉ ဧကနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၈၃ ဧကတို့တွင် စံပြကွက်များဖော်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ခေတ်မီ တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် နာဂဒေသတွင် စပါး၊ အစေ့ထုတ်ပြောင်းနှင့် ပဲပုပ်များကိုစမ်းသပ်စိုက်ပျိုးမည်ဖြစ်ရာ စိုက်ပျိုးရေးရုံးချုပ်နှင့်စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့မှ ၂၀၁၈ ခုနှစ်အတွင်း နာဂဒေသ ခုနစ်မြို့နယ်သို့ ဆင်းဧကရီ(၃) စပါးတင်း ၆၀၊ ယာ (၉) စပါး ကိုးတင်း၊ ဘူကျောက်စပါး ၂၁ တင်းနှင့် ရွှေရင်အေးစပါး ၁၉ ဒသမ ၅ တင်း ဖြန့်ဖြူးပေးထားကြောင်း သိရသည်။ ထို့ပြင် ဧကရီ အစေ့ထုတ်ပြောင်း ၁၉ တင်း၊ စပ်မျိုး အစေ့ထုတ်ပြောင်း တင်း ၁၅၀၀ နှင့် စပ်မျိုးစပါး ၁၆ တင်းတို့ကို ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ခတ်မြေသြဇာနှင့် ပိုးသတ်ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**မင်းဘူး မေ ၂၅**

သီးနှံစိုက်ပျိုးချိန်ဖြစ်သော မိုးရာသီကာလများတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဓာတ်မြေ ဩဇာနှင့် ပိုးသတ်ဆေး ရောင်းချသောဆိုင်များအား စိုက်ပျိုးရေးဦးစီးဌာနက ရှောင်တခင်စစ်ဆေးခြင်းနှင့် လစဉ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တရားဝင်ရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသော ပိုးသတ်ဆေးအရောင်းဆိုင် ၄၇ ဆိုင်နှင့် ဓာတ်မြေဩဇာရောင်းချခွင့် လိုင်စင်ထုတ်ပေးထားသောဆိုင် ၁၆ ဆိုင်ရှိသည်။ ယခုကာလတွင် စိုက်ပျိုးရေးဆေးများမှာ အမျိုးမျိုးထွက်ရှိနေပြီး ပိုးသတ်ဆေးများမှာ မသုံးစွဲတတ်လျှင် အသက်အန္တရာယ်ပင် ထိခိုက်နိုင်သောကြောင့် ပိုးသတ်ဆေးရောင်းချသည့် ဆိုင်များအနေဖြင့် တောင်သူများ အလွယ်တကူဖတ်ရှုနိုင်သော မြန်မာလိုသုံးစွဲနည်းအညွှန်းရေးထားသည့် စာများပါရှိရန်လိုကြောင်း၊ အညွှန်းမပါသည့်ဆေးများကို တောင်သူများ ပိုမိုသုံးစွဲမိသောကြောင့်ဓာတ်ကြွင်းအာနိသင်များပြီး ရေရှည်တွင် သီးနှံပင်များပျက်စီးထိခိုက်လာပြီး စားသုံးသူများ အန္တရာယ်ရှိနိုင်သောကြောင့် ဓာတ်ကြွင်းအာနိသင်နည်းသော ဆေးများရောင်းချရန် ဝယ်သူနှင့်ရောင်းသူအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဆေးများကို မသုံးစွဲတတ်ပါက သီးနှံပင်များ သေကျေပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်းများ ကြုံတွေ့ရကြောင်းနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ အတွက်လည်း အန္တရာယ်ရှိသောကြောင့် မြန်မာစာအညွှန်းမပါသောဆေးများကို လုံးဝရောင်းချခွင့်မပြုကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက ရောင်းချခွင့်လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မင်းဘူးခရိုင်သီးနှံကာကွယ်ရေးဌာနမှ သိရသည်။

"မြို့နယ်အတွင်းမှာရှိတဲ့ ပိုးသတ်ဆေးဆိုင်နဲ့ ဓာတ်မြေဩဇာဆိုင်တွေက တောင်သူတွေကို ရောင်းချတဲ့အခါ စနစ်တကျရောင်းချဖို့နဲ့ သုံးစွဲနည်းတွေကို ကျွန်တော်တို့စိုက်ပျိုးရေးဌာနက နည်းပညာပေးပြီး သင်တန်းတွေတက်ခိုင်းတယ်၊ သင်တန်းဆင်းလက်မှတ်ရရှိမှသာ ပိုးသတ်ဆေးရောင်းချခွင့်ပေးပါတယ်" ဟု မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားပြုလုပ်ပေး

**ဝိုင်းမော် မေ ၂၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုပုံစံဇယားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၈ ရက်မှ ၂၃ ရက်အထိ မွေးဖွားမှုနှုန်းတိုးခြင်း ၄၅၁ ဦး၊ သေဆုံးစာရင်းပယ်ဖျက်ခြင်း ၁၅၃ ဦး၊ အိမ်ထောင်စုဇယား မိတ္တူနှင့် ခွဲထွက်ခြင်းအတွက် အိမ်ထောင်စု ၂၉၂၀၊ နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်မှု ၃၈၀၊ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးပျက်စီးမိတ္တူထုတ်ပေးမှု ၁၉၂ ဦးနှင့် အိမ်ထောင်စုဇယားတွင် အင်အားတိုးခြင်း ၈၉ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာမိုးထံမှ သိရသည်။

**ဦးလေးကြီး**

## ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**နေပြည်တော် မေ ၂၅**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၄ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒ (၁၂) ရပ်ကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ စာရင်းအင်းအချက်အလက်များ မှန်ကန်တိကျစွာရရှိရေး၊ ဒေသစီးပွားဖွံ့ဖြိုး တိုးတက်စေရေးအတွက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP တိုးတက်မှုရှိလာစေရေးကို ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦးက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ် စီမံကိန်း ဦးစီးမှူးများ တက်ရောက်ကြသည်။

**ထွန်းထွန်းဝင်း (ခရိုင် ပြန်/ဆက်)**

# ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်း ရရှိသုံးစွဲနိုင်ရေး နေပြည်တော်တွင် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၅**

ဒက္ခိဏခရိုင် စားသုံးသူရေးရာအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် တာဝန်ရှိသူများသည် နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဈေးဌာနအသီးသီးတို့၌ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးပြောကြားခြင်း၊ ဗီနိုင်းပိုစတာများကပ်၍ အသိပညာပေးဆောင်ရွက်ပေးလျက်ရှိပြီး ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးအတွင်းရှိ ဆိုင်ခန်းများအား မေ ၂၃ ရက် နံနက် ၉ နာရီခွဲက သွားရောက်စစ်ဆေးကြသည်။

ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခွင့်၊ သတင်းအချက်အလက် ပြည့်စုံစွာရရှိနိုင်ခွင့်၊ မိမိစိတ်ကြိုက် ရွေးချယ်နိုင်ခွင့်၊ တိုးတက်ဖြစ်ပေါ်နေသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် ကြားနာနိုင်ခွင့်၊ အခြေခံလိုအပ်ချက်များ အပေါ်တွင် စိတ်ကျေနပ်မှု ရရှိနိုင်ခွင့်၊ နစ်နာဆုံးရှုံးမှုများအတွက် တင်ပြတိုင်ကြားနိုင်ခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် သိသင့်သိထိုက်သည်များကို သိရှိလေ့လာနိုင်ခွင့်၊ ပစ္စုပ္ပန်သာမက အနာဂတ်တွင်ပါ ပြည့်စုံသာယာသော ဝန်းကျင်ကောင်း၌ ရှင်သန်နေထိုင်လုပ်ကိုင်နိုင်ခွင့်များ ရရှိစေရန်ရည်ရွယ်၍ ဒက္ခိဏခရိုင် စားသုံးသူရေးရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်း ဦးဆောင်သည့် အဖွဲ့နှင့် ဇမ္ဗူသီရိမြို့နယ်ထွေ/အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ ဈေးအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့သည်။

ဒက္ခိဏခရိုင် စားသုံးသူရေးရာအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် တာဝန်ရှိသူများက ရွှေကြာပင်ဈေးအတွင်း လိုက်လံစစ်ဆေးခဲ့ရာတွင် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ အသိပညာပေးပြောကြားခြင်း၊ စားသုံးသူကာကွယ်ပေးရေး ဥပဒေများအတိုင်း ရောင်းဝယ်ဖောက်ကားမှု ရှိ-မရှိ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိခဲ့သော ကျင်းထုံခြင်ဆေးခွေဘူးများအား အဖွဲ့ဝင်များရှေ့တွင် ဖျက်ဆီးမြေမြှုပ်ခြင်း၊ သက်တမ်းလွန်ပစ္စည်းများ နောင်တွင် မရောင်းချရေး ဝန်ခံကတိရေးထိုးစေခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်မောင်**

## ရမည်းသင်းတွင် ကျောင်းအပ်ရာ၌ စာအုပ်၊ စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေး

**ရမည်းသင်း မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံပညာကျောင်းများတွင် ၂၀၁၈-၂၀၁၉ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီမှစ၍ လက်ခံလျက်ရှိသည်။

အဆိုပါ ကျောင်းအပ်လက်ခံရာတွင် မည်သည့် အခကြေးငွေမျှ ကောက်ခံခြင်း၊လက်ခံခြင်းမပြုဘဲ၊ အသက် ငါးနှစ်ပြည့်သူတိုင်းအား KG တန်းနှင့် အသက် ခြောက်နှစ်ပြည့်ပြီးသူတိုင်းကို ပထမတန်း (Grade -1)၊ လာရောက်အပ်နှံရာတွင်လည်း မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်း မရှိသေးသူများအတွက်လည်း အဆင်ပြေစွာ ကျောင်းအပ်လက်ခံပြီး အခမဲ့ မူလတန်းပညာရေးနှင့်အခမဲ့ အလယ်တန်း၊ အထက်တန်းပညာရေးကို အထောက်အကူပြုစေရန် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်း ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ပြန်/ ဆက်)**



# တရုတ်-မြန်မာ အိမ်ခြံမြေအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေး နားလည်မှုစာချွန်လွှာ တရုတ်နိုင်ငံတွင် ရေးထိုးခဲ့

**ရန်ကုန် မေ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးခရိုင် ဖောဆန်းမြို့တွင် မေ ၂၂ ရက် မှ ၂၄ ရက်အထိ ပြုလုပ်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံရှိ "LESSO HOME" ကုမ္ပဏီနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ တရုတ်- မြန်မာ အိမ်ခြံမြေအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးခဲ့ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"ဖိတ်ကြားချက်နဲ့ သွားတက်တာပါ၊ သူတို့က မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတွေရှိတယ်၊ သက်ဆိုင်တဲ့ ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်ဖို့ MoU ထိုးခဲ့တာပါ၊ အဓိကကတော့ အိမ်ခြံမြေလုပ်ငန်းအတွက်ပါ၊ အသေးစိတ် က ၇ လပိုင်းကျမှ ဆွေးနွေးရမှာပါ" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်ကပြောသည်။

တရုတ်နိုင်ငံရှိ အကြီးဆုံးကုမ္ပဏီများထဲတွင် ပါဝင်သော LESSO HOME ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေလုပ်ငန်းများတွင်သာမက အခြားသော စီးပွားရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားမှုရှိနေကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ သိရသည်။

"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့ သူတို့အများကြီးစိတ်ဝင်စားမှုရှိတယ်၊ အိမ်ခြံမြေအပြင် သူတို့မှာ တခြားအစီအစဉ်တွေလည်းရှိတယ် ဆိုတာ သိခဲ့ရတယ်၊ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ စိုင်းပြင်းနေပြီ၊ အဲဒီလို ကုမ္ပဏီအကြီးကြီးတွေ ရင်းနှီးမြှုပ်နှံမှု အကြီးကြီးတွေဝင်လာမှ တိုင်းပြည်နဲ့ လူမျိုးအတွက် အများကြီးအကျိုးရှိမယ်"ဟု အသင်းဒုတိယ ဥက္ကဋ္ဌ (၁) ဦးစိုင်းခွန်နောင်က ပြောသည်။

အဆိုပါ LESSO ကုမ္ပဏီသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဟိုတယ် ၁၀၀၀ စီမံကိန်း၊ အိမ်ရာစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ အိမ်ရာစီမံကိန်းများအပြင် အဆင့်မီဈေးများ ဆောက်လုပ်ခြင်း၊ နိုင်ငံတကာသို့ ပရိဘောဂပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းများ အစရှိသည့် လုပ်ငန်းပေါင်းများစွာကို လုပ်ဆောင်နေသောကုမ္ပဏီ ဖြစ်ကြောင်း သိရသည်။

စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်မောင်နှင့် အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုင်းခွန်နောင်တို့က မြန်မာနိုင်ငံ အိမ်ခြံမြေနှင့် ပတ်သက်၍ အိမ်ခြံမြေ အလားအလာနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များအား ပါဝင်ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၄၀ ကျော်မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သီသီမင်း**

# မြန်မာနိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ် ဦးနု နေအိမ်ပြခန်း ဖွင့်လှစ်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် "နု-အက်တလီ"စာချုပ်ကို ချုပ်ဆိုခဲ့သော မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ ဦးနုအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်ပုံများကို ဦးနုကွယ်လွန်ချိန်ထိ နေထိုင်ခဲ့သည့် နေအိမ်တွင် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြခန်းအဖြစ် မေ ၂၅ ရက် နံနက် ၁၀ နာရီက ၎င်းနေထိုင်ခဲ့သည့် ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီး ပြည်ထောင်စုလမ်းသွယ်ရှိ အိမ်အမှတ်(၄၂)၌ ဖွင့်လှစ်ခဲ့ရာ အခမ်းအနားသို့ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်တို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "နောင်မျိုးဆက်ရှေးယခင်က နိုင်ငံရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများ၏ သမိုင်းများကို သိရှိနိုင်ရန် ၎င်းတို့၏ဖြတ်သန်းခဲ့မှု၊ နေထိုင်ခဲ့မှုဘဝများကို သိရှိရန် လိုပါတယ်၊ လွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်း ကြိုးပမ်းနေသည့်ကာလ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီး တစ်နှစ်အတွင်းလွတ်လပ်ရေးရမည်ဆိုသည့်ကာလအတွင်းမှာ ဗိုလ်ချုပ်ကျဆုံးပြီး ဒုတိယခေါင်းဆောင်အဖြစ် နု-အက်တလီစာချုပ်နဲ့ မိမိတို့နိုင်ငံ လွတ်လပ်ရေးရခဲ့တာ ဖြစ်ပါတယ်၊ ယခုအိမ်ကိုလာရောက်ခြင်းဖြင့် ဘဘဦးနု၏ သမိုင်းဖြတ်သန်းမှုများကို မြင်နိုင်မှာဖြစ်ပါတယ်" ပြောကြားသည်။

အဆိုပါပြခန်းတွင် ဘုရားခန်း၊ ဧည့်ခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်းနှင့် ဦးနုရေးသားခဲ့သည့် စာအုပ်များ၊ ဓာတ်ပုံများ၊ လက်ရေးမူများစသည့် အသုံးအဆောင်ပစ္စည်းများကို ပြသသွားမည်ဖြစ်ရာ ပြခန်းဖြစ်မြောက်ရေးအတွက် ဝန်ကြီးချုပ်ဦးနု၏လုပ်ဖော်ကိုင်ဖက်များ၊ စာရေးဆရာများ၊ ဦးနုထာဝရ ဖောင်ဒေးရှင်းအဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြပြီး ပြခန်းတွင် ပြသရန် ဦးနုနှင့် ပတ်သက်သည့် မှတ်တမ်း၊ ဓာတ်ပုံများ၊ စာအုပ်များ၊ စာတမ်းများနှင့် ပြင်ဆင်စရာရှိသည်များကို ရှေးလက်ရာမူများ မပျက်အောင် အနည်းငယ်ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

"ဦးနုထာဝရဖောင်ဒေးရှင်းကို ၁၉၉၅ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့တာပါ၊ အခုဆိုရင် ၂၄ နှစ်ရှိပါပြီ၊ ဘဘနုရဲ့ စာပေ၊ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ ဘဘနုရဲ့သမီး ဒေါ်စန်းစန်းနုနဲ့ မောင်နှမတွေလို ဆောင်ရွက်ခဲ့တာပါ၊ အဲဒီခေတ် အဲဒီအခါက ဝန်ကြီးချုပ်တွေရဲ့ နေထိုင်မှုအပြုအမူဟာ ဘယ်လောက်ရိုးသားတယ်ဆိုတာ အများပြည်သူမြင်စေချင်တဲ့အတွက် ဒီပြခန်းကို ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်၊ ဒီနေ့ဟာ ဘဘနုရဲ့ ၁၁၁ နှစ်ပြည့် မွေးနေ့ပါ၊ မွေးနေ့ကို အကြောင်းပြုပြီး သူခေါင်းချသွားတဲ့ ဒီအိမ်ကလေးမှာ ပြတိုက်လည်း မဟုတ်ပါဘူး၊ ပြခန်းလေးပါ၊ သမိုင်းဆိုင်ရာဓာတ်ပုံ အထောက်အထား၊ သူကိုယ်ပိုင်သုံးသွားတဲ့ လက်ရေးမူ၊ ပစ္စည်း၊ အသုံးအဆောင်တွေ အများအပြားရှိတဲ့အတွက် ဒီအိမ်ကလေးကို သူရှိနေသကဲ့သို့ ကျွန်တော်တို့က ပြခန်းလေးပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဦးနု ထာဝရဖောင်ဒေးရှင်းအဖွဲ့ဝင် စာရေးဆရာ မောင်သွေးသစ်က ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနုကို ၁၉၀၇ ခုနှစ် မေ ၂၅ ရက်တွင် အဖ ဦးစံထွန်းနှင့် အမိ ဒေါ်စောခင်တို့မှ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့၌ မွေးဖွားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ကျောင်းသား သပိတ်အတွင်းဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဉ္စမတန်းမှ ပါဝင်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် မြို့မ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ(ဝိဇ္ဇာ)ဘွဲ့ ရရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ ကာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ယခုပြခန်းထားရှိသည့် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာနည်မောင်**

# မြိတ်ကျွန်းစုတွင် သစ်သားငါးဖမ်းလှေများအစား သံထည်ငါးဖမ်းလှေများ တည်ဆောက်

**မြိတ် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်ကျွန်းစုဒေသတွင် ယခုအခါ သစ်များရှားပါးလာမှုကြောင့် ငါးဖမ်းလှေများ အဓိက ပြုပြင်တည်ဆောက်နေသည့် လွှန်းကျင်းလုပ်ငန်းများတွင် သစ်သားငါးဖမ်းလှေများအစား သံထည်ငါးဖမ်းလှေများကို ပြောင်းလဲတည်ဆောက်လျက်ရှိကြောင်း ဒေသခံလွှန်းကျင်းလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

အဆိုပါ လွှန်းကျင်းများတွင် မြိတ်ကျွန်းစု ဒေသခံများအတွက် ဝါလပ်လှေများ၊ ဝါတန်းလှေများ၊ မီးထွန်းလှေများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလှေများ၊ ကုန်တင်လှေများနှင့် အခြားလှေအမျိုးမျိုးကို ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းလုပ်ကိုင်နေသည့် လွှန်းကျင်းသမားများ ယခုအခါ သစ်များ ရှားပါးလာမှုကြောင့် သစ်လှေအသစ် ပြုလုပ်နိုင်ရန်နှင့် ရှိပြီးသား လှေများကိုလည်း ပြုပြင်နိုင်ရန် ခက်ခဲနေခြင်းတို့ကြောင့် သစ်သားလှေများအစား သံခွံလှေများကို ပြောင်းလဲတည်ဆောက်နေကြရ ကြောင်း သိရသည်။

"ကျွန်တော်တို့ မြေပေါ်လွှန်းကျင်းကို၂၀၀၃ ခုနှစ်မှာ စတင်တည် ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှာတည်ဆောက်မှု ပြီးစီးခဲ့ပါတယ်၊ လွှန်းကျင်းအကျယ်အဝန်းက လေးဧက အကျယ်အဝန်းရှိပြီး လှေအကြီးအသေး အစင်း ၆၀ ကို တစ်ပြိုင်တည်း လွှန်းတင်ပြုပြင် တည်ဆောက်နိုင်ပါတယ်၊ လွှန်းကျင်းမှာ ဒီနေ့အထိ လှေအစင်းပေါင်း ၆၅၃၁ စင်း ကိုပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး လှေအသစ် ၁၅၁ စင်းကို လည်း အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်၊ အခုနောက်ပိုင်းသစ်တွေရှားပါးလာတဲ့အတွက် သစ်ဈေးနှုန်းတွေလည်း မြင့်တက်လာတယ်။

"သစ်လှေတစ်စင်း တည်ဆောက်ရင် လှေအကြီးအသေးအပေါ် မူတည်ပြီး လေးလမှ ခြောက်လအထိကြာတယ်၊ သံခွံလှေ တစ်စင်းတည်ဆောက်မယ်ဆိုရင် အနည်းဆုံး အချိန်ခြောက်လ ကြာပါတယ်၊ လှေအရွယ်အစားအပေါ် မူတည်ပြီးကွာခြားချက် ရှိပါတယ်၊ အခုနောက်ပိုင်းဆိုရင် လှေပြုပြင်ပြင်ဆင်တာပဲဖြစ်ဖြစ်၊ လှေအသစ် တည်ဆောက်တာပဲဖြစ်ဖြစ် သစ်တွေက ရှားပါးလာတဲ့အတွက် သစ်ဈေးတွေကလည်းမြင့်လာပါတယ်၊ ဒါကြောင့် အခုနောက်ပိုင်းမှာ သံထည်လှေနဲ့သင်္ဘောတွေ တည်ဆောက်လာတာ တွေ့ရပါတယ်"ဟုကျွန်းစုမြို့နယ် မအိုင်ကျေးရွာ အုပ်စု ပထော်ပထက်ကျွန်းပေါ်ရှိ အောင်မြတ်ဖြိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် မြေပေါ်လွှန်းကျင်း မန်နေဂျာ ဦးကျော်ကျော်လင်းက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မြိတ်မြို့နှင့် ကျွန်းစုမြို့နယ်အတွင်းတွင် ငါးဖမ်းလှေ၊ ကုန်တင်လှေနှင့် အခြားလှေအမျိုးမျိုး ပြုပြင်ပေးနေသော လွှန်းကျင်းလုပ်ငန်း လေးခုရှိပြီး ကော့သောင်းမြို့တွင် လွှန်းကျင်းလုပ်ငန်း တစ်ခုရှိကြောင်းနှင့် စုစုပေါင်း မြေပေါ်လွှန်းကျင်းလုပ်ငန်း ငါးခုရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# မူးယစ်ကင်းစင်နယ်မြေ ဆိုင်းဘုတ်စိုက်ထူ ဘားအံ၌ ရှုတ်ချ

**ဘားအံ မေ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဒေသခံတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာ ၁၀ ရွာတွင် မူးယစ်ကင်းစင်နယ်မြေဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ရှုတ်ချခြင်းပြုလုပ်လျက်ရှိရာ မေ ၂၂ ရက်က ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ ဝင်းကျန်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မူခင်းအသိပညာပေးဟောပြောပွဲနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရှုတ်ချပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းက မှုခင်းဆိုင်ရာ အသိပညာကိုလည်းကောင်း၊ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုးက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များနှင့် လိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ သိမှတ်စရာများကိုလည်းကောင်း တက်ရောက်လာကြသော ပြည်သူများအား ရှင်းလင်းဟောပြောကြ သည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်ကာ ဝင်းကျန်-ထုံးအိုင်-ဖာလင်ကျေးရွာသွားလမ်းတစ်လျှောက် မူးယစ်ဆေးဝါးရှုတ်ချကြောင်း လမ်းလျှောက်ချီတက်ကြွေးကြော်ခဲ့ကြကာ "ဝင်းကျန်ကျေးရွာမူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်သည်" ဆိုင်းဘုတ်ကိုစိုက်ထူခဲ့ကြကြောင်းနှင့် ဘားအံမြို့နယ်အတွင်း ကော့မူးရာကျေးရွာ ၊ဝင်းကျန်ကျေးရွာများအပါအဝင် မူးယစ်ကင်းစင်နယ်မြေဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ရှုတ်ချခြင်းကို ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း ခင်ဦးတွင်ဆောင်ရွက်

**ခင်ဦး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဗအိုးကျေးရွာတွင် အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများအား နေ့ချင်းပြီးတပ်ဆင်ခြင်း (One Stop Service) ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာမီးလင်းရေး ကော်မတီဝင်များ ပူးပေါင်းပြီး မေ ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP)မှ ရွေ့ပြောင်းစီမံချက်ဖြင့် ၁၁ ကေဗွီလိုင်း၊ ၁ ဒသမ ၈၅ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် ဧပြီလကုန်တွင် လျှပ်စစ်ဓာတ်အားရရှိခဲ့သည့် အတွက် ကျေးရွာသုံး (၅/၁၀ အမ်ပီယာ) အိမ်သုံးမီတာအလုံး ၅၀ ကို နေ့ချင်းပြီး တပ်ဆင်ပေးကြောင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မင်း၏ ပြောကြားချက်အရ သိရသည်။

**စိုးဝေ(ပြန်/ဆက်)**

# ဆေးဝါးမဏ္ဍိုင် ဘီပီအိုင် (အပိုင်း-၁)

ကိုကိုအောင် (စက်မှုဆေးဝါး)



ဆေးဝါးစက်ရုံ (အင်းစိန်) (မူလစက်ရုံ)

**နှစ် ၆၀ ပြည့် ဘီပီအိုင်**

၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဘီပီအိုင် (သို့မဟုတ်) ဆေးဝါးစက်ရုံ(အင်းစိန်)ကို တည်ထောင်ဖွင့်လှစ်ခဲ့သည့် သက်တမ်း နှစ်ပေါင်း ၆၀ ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ သက်တမ်းရင့်လာသော်လည်း အိုမင်းဟောင်းနွမ်းသည့် အသွင်မဆောင်ဘဲ ခေတ်မီသစ်လွင်သည့် ဆေးဝါးထုတ်လုပ်မှုလိုင်းများနှင့် ဂုဏ်ယူဖွယ်ခံ့ညားထည်ဝါသည့် ဆေးဝါးစက်ရုံကြီးအဖြစ်တွေ့နိုင်သည်။

**ISO လက်မှတ်ရရှိခြင်း**

ဆေးဝါးစက်ရုံ(အင်းစိန်)၏ ဆေးဝါးထုတ်လုပ်မှုများအတွက် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ အခြေစိုက် (Joint Accreditation System of Australia & Newzeland ) အဖွဲ့အစည်းနှင့် ဘီပီအိုင်ဆေးဝါး ဖြန့်ချိမှုများအတွက် ဗြိတိန်နိုင်ငံအခြေစိုက်(United Kingdom Accreditation Services)အဖွဲ့အစည်းတို့မှ စစ်ဆေးအသိအမှတ်ပြုထုတ်ပေးသည့် (ISO9001:2015) လက်မှတ်ကို ၂၀၁၈ ခုနှစ် ဧပြီလအတွင်းရရှိခဲ့သဖြင့် စက်ရုံ၏နှစ်(၆၀)ပြည့် အခါသမယနှင့် တိုက်ဆိုင်နေသည့် ဂုဏ်ယူဖွယ်အခြေအနေဖြစ်သည်။

**စက်ရုံတည်ထောင်ရန် အစပျိုးခြင်း**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ပြန်လည်ထူထောင်ရေးအတွက် ၁၉၅၂ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ် ပြည်တော်သာညီလာခံကို ကျင်းပခဲ့ပြီး စီမံကိန်း ၁၀ ခု ချမှတ်ခဲ့သည်။ ယင်းစီမံကိန်းများတွင် ဆေးဝါးစက်ရုံတစ်ရုံတည်ထောင်ရန် ပါဝင်ခဲ့ပြီး ထိုစဉ်က ၂၃၄ ကြိမ်မြောက် ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် အတည်ပြုခဲ့သည်။ ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် ဗြိတိန်နိုင်ငံ လီဗာပူးမြို့အခြေစိုက် အီဗန်းဆေးဝါးထောက်ပံ့ရေးလီမိတက် (Evans Medical Supplies Ltd) တို့ ဆေးဝါးစက်ရုံတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။

**စက်ရုံတည်ထောင်ခြင်း**

အထက်ပါစာချုပ်အရ ၁၉၅၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်က ပန္နက်ရိုက်အုတ်မြစ်ချ၍ စက်ရုံစတင်တည်ဆောက်ခဲ့သည်။ ၁၉၅၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် စက်ရုံ၏ အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် စက်ပစ္စည်းများတပ်ဆင်ခြင်းတို့ ရာနှုန်းပြည့်နီးပါးပြီးစီးခဲ့ပြီး ဆေးဝါးအမည်ပေါင်း ၄၇ မျိုးကိုထုတ်လုပ်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က BPI (Burma Pharmaceutical Industries) အမည်ဖြင့် စက်ရုံအား ဖွင့်လှစ်ပေးခဲ့သည်။

ဘီပီအိုင်ဆေးဝါးစက်ရုံ စတင်ဖွင့်လှစ်စဉ်က ဆေးဝါး ၄၇ မျိုးခန့်သာ ထုတ်လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ကာကွယ်ဆေး၊ ပဋိဇီဝဆေး၊ မြွေဆိပ်ဖြေဆေးစသည်ဖြင့် ဆေးဝါးထုတ်လုပ်မှုလိုင်းများ တိုးချဲ့တည်ထောင်ပြီး ဆေးဝါးအမည်စုံတို့ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခုအခါဆေးဝါး စုစုပေါင်း ၂၀၇ မျိုး ထုတ်လုပ်လျက်ရှိသည်။

**ဆေးဝါးစက်ရုံများ တိုးချဲ့တည်ထောင်ခြင်း**

ဆေးဝါးထုတ်လုပ်မှုနည်းပညာနှင့် ဆေးဝါးအမည်သစ်များ သုတေသနပြု ထုတ်လုပ်နိုင်ရေးအတွက် သုတေသနဌာနကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် ၁၉၈၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ တိုးပွားလာသောလူဦးရေနှင့်အညီ တိုးမြင့်လာသည့် ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို ပိုမိုဖြည့်တင်းပေးနိုင်ရေးအတွက် ကျောက်ဆည်၊ စစ်ကိုင်း၊ လှည်းကူး၊ ပြင်ဦးလွင်မြို့များတွင် ဆေးဝါးစက်ရုံအသစ်များကို လည်း ထပ်မံတိုးချဲ့တည်ထောင်ခဲ့သည်။

ဆေးဖက်ဝင်စိမ်းပြာရေညှိ (Spirulina) မှ ဆေးဝါးများထုတ်လုပ်ရန်အတွက် ဆေးဝါးစက်ရုံ (စစ်ကိုင်း)ကို ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ပူးပေါင်းကာ ဆေးဝါးများဖက်စပ်ထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် အဖြစ်များသည့် အသည်းရောင်အသားဝါ(ဘီ)ရောဂါအတွက် ကာကွယ်ဆေးစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံ၍ ဆေးဝါးများထုတ်လုပ်လျက်ရှိသည်။ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များ အဓိကထုတ်လုပ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆေးဝါးစက်ရုံ(အင်ရောင်း)ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဆေးဝါးများထုတ်လုပ်လျက်ရှိသည်။ ဆေးဝါးမျိုးစုံ တိုးမြှင့်ထုတ်လုပ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ဆေးဝါးစက်ရုံ (ပြင်ဦးလွင်) ကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

**BPI အမည်ဖြင့် ဆေးဝါးများထုတ်လုပ်ခြင်း**

BPI ဆေးဝါးများအား ၁၉၈၉ ခုနှစ်မှစ၍ MPF အမည်ဖြင့်ထုတ်လုပ်ခဲ့သော်လည်း အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်မှစ၍ စက်မှုဝန်ကြီးဌာန၏ ဆေးဝါးစက်ရုံများဖြစ်သည့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း) တို့မှ မူလအမည် BPI အမှတ်တံဆိပ်ဖြင့် ဆေးဝါးမျိုးစုံ ၂၀၇ မျိုး ထုတ်လုပ်လျက်ရှိသည်။



ဆေးဝါးစက်ရုံ (အင်းစိန်) (တိုးချဲ့စက်ရုံ)

**ခေတ်နှင့်အညီ ပြောင်းလဲမှုများပြုလုပ်ခြင်း**

မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်မှု၌ သက်တမ်းအရှည်ကြာဆုံးနှင့် အကြီးမားဆုံးစက်ရုံဖြစ်သည့် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ခေတ်သစ်ဆေးဝါးထုတ်လုပ်မှု နည်းပညာအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ချမှတ်ထားသည့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ WHO GMP Guidelines နှင့် ကိုက်ညီစေရေးအတွက် ဆေးဝါးထုတ်လုပ်မှုလိုင်းများကို နိုင်ငံတကာအဆင့်မီဖြစ်ရန် New BPI Project ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့တည်ထောင်ခဲ့သည်။

**မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးလိုင်းသစ် တည်ထောင်ခြင်း**

မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးလိုင်း ( Snake Anti-Venom Production Plant) သစ်ကို ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ယခင်ကရှိနှင့်ပြီး နည်းပညာသာမက ဩစတြေးလျနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ နည်းပညာသစ်များပါ ဖြည့်ဆည်းနိုင်ခဲ့သဖြင့် အရည်အသွေးကောင်းမွန်သည့် မြွေဆိပ်ဖြေဆေးများကို ပြည်တွင်းလိုအပ်ချက်ဖူလုံအောင် ဖြည့်တင်းပေးနိုင်ရုံသာမက အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သို့ တင်ပို့ခဲ့သည်။ ။

# ငှါကိုနမ်းတဲ့ မုန်တိုင်း ရုပ်ရှင်ဇာတ်ကားသစ် ဇွန် ၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသမည်

သတင်း
ညွန့်ကိုကို
ဓာတ်ပုံ
ရဲထွဋ်

ရန်ကုန် မေ ၂၅

**ဘိုဘို အင်န်တာတိန်းမန့် ထုတ်လုပ်ရေးမှ စီစဉ်သည့် “ငှါကိုနမ်းတဲ့ မုန်တိုင်း” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

ဒါရိုက်တာ အောင်ဇော်လင်း၊ ဝင်းလွင်ထက် ရိုက်ကူးသည့် “ငှါကိုနမ်းတဲ့ မုန်တိုင်း” ရုပ်ရှင်သည် စာရေးဆရာ ညေး၏ “ငှါကမ်းရိုးတန်းကို လာနမ်းတဲ့ မုန်တိုင်း” ဝတ္ထုကို ဂီတလောကတွင် အောင်မြင်လျက်ရှိသည့် လွှမ်းပိုင်နှင့် ရဲရင့်အောင်တို့ အပြင် အကယ်ဒမီ ဖွေးဖွေး၊ အကယ်ဒမီ နေအောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ မြတ်ကေသီအောင်တို့က ပါဝင်သရုပ်ဆောင် ရိုက်ကူးထားခြင်းဖြစ်သည်။

ငှါကိုနမ်းတဲ့ မုန်တိုင်း ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သည့် ရဲရင့်အောင်က “စိတ်တွေလှုပ်ရှားပြီး စိတ်နဲ့ လူနဲ့ တောင်မကပ်ဘူး၊ ဒီကားမှာ ကျွန်တော့် ပုံစံက ဆိုးတယ်၊ ပိုက်ဆံရှိတယ်၊ လုပ်ချင်တာလုပ်တယ်၊ တဇွတ်ထိုးဆန်တယ်ပေါ့၊ ကျွန်တော့်ကိုယ်ကျွန်တော် ကျေနပ်တယ်၊ နောက်လုပ်မယ့်အရာတွေအတွက် အားရတယ်၊ ဒီထက်ပိုပြီး ကျွန်တော်လုပ်ချင်သေးတယ်၊ ကျွန်တော်ကြိုးစားထားတာလေး ရင်ထဲရောက်သွားစေချင်ပါတယ်” ဟု ပြောသည်။

အကယ်ဒမီ ဖွေးဖွေးက “ဒီကားက ဂီတလောကမှာ အောင်မြင်ပြီးသားဖြစ်တဲ့ ရဲရင့်အောင်၊ လွှမ်းပိုင်တို့နဲ့ ပထမဆုံးရိုက်ကူးတဲ့ကားမို့ ရင်ခုန်ပါ



အကယ်ဒမီ နေအောင်



အကယ်ဒမီ ဖွေးဖွေး



အကယ်ဒမီ မြတ်ကေသီအောင်



ရဲရင့်အောင်



လွှမ်းပိုင်

တယ်၊ ဖွေးဖွေးနဲ့ မရိုက်ဖူးတဲ့သူတွေပေါ့၊ ဒီကားမှာ ကိုယ်လုပ်ပြရတာက ကြားပုံစံလေးပေါ့၊ ကိုယ့်ရည်းစားကို ချစ်နေရက်နဲ့ မတော်တဆ သစ္စာဖောက်မိတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ရတာပါ၊ သရုပ်ဆောင်ရတာက အပြင်းစားကြီးမဟုတ်ပေမယ့် အခြားဇာတ်ကားတွေနဲ့ မတူညီတဲ့ ပုံစံမျိုး သရုပ်ဆောင်ထားပါတယ်”ဟု ဆိုသည်။

သရုပ်ဆောင် လွှမ်းပိုင်က “ဒီကားကိုရိုက်တာ နှစ်နှစ်၊ သုံးနှစ်လောက်ရှိပြီဆိုပေမယ့် ကျွန်တော်တို့ အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်၊ ဇွန် ၁ ရက်မှာ ရုံတင်ပါပြီ၊ အဲဒီအခါကျရင် လာရောက်ကြည့်ရှုပြီးတော့ ကျွန်တော်တို့ကို facebook ကနေ ဝေဖန်ပေးပါလို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်၊ ကိုယ့်မျက်နှာကိုယ် ပိတ်ကားမှာ ကြည့်ရှုရမှာမို့ ရင်ခုန်နေပါတယ်”ဟု ပြောသည်။

ဇာတ်ပို့အဖြစ် ပါဝင်ခဲ့သူ အကယ်ဒမီနေအောင်က “ငှါကိုနမ်းတဲ့ မုန်တိုင်း”ဇာတ်ကားမှာ ကိုယ်ပါဝင်တဲ့ အခန်းနည်းပေမယ့် ဖွေးဖွေးဆိုတာလည်း မြေးတွေလို အမျိုးတော်နေတော့ လာတာပါ၊ ဇာတ်ကတော့ ကျွန်တော်ပါတဲ့အခန်းပဲ ဖတ်ထားတော့ သူတို့နဲ့ အပေးအယူပဲ တိုက်ထားတော့ ကြည့်ပြီးမှသိမယ်၊ စီစဉ်သူ ကိုဘိုဆန်းကလည်း ကောင်းတာတွေပဲ စီစဉ်တာမို့ ကောင်းမှာပါ”ဟု ဆိုသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သည့် အကယ်ဒမီ မြတ်ကေသီအောင်က “ဒီကားမှာက အစ်မက Indoor အခန်းတွေပဲ ပါတော့ ရန်ကုန်မှာပဲ ရိုက်တာပါ၊ ဒီကားက လူငယ်တွေကြိုက်မယ့် ဇာတ်ကား ဖြစ်မှာပါ၊ အကုန်လုံးက အခုခေတ် ရေပန်းစားနေတဲ့ လူငယ်တွေဆိုတော့ ကြိုက်မှာပါ” ဟု ပြောသည်။

“ငှါကိုနမ်းတဲ့ မုန်တိုင်း” ရုပ်ရှင်ဇာတ်ကား၏ ရည်ရွယ်ချက်မှာ လူတစ်ယောက်၏ အကျင့်စရိုက်နှင့် စိတ်နေသဘောထားတို့သည် ငယ်စဉ်ဘဝ ဖြတ်သန်းခဲ့ရသည့် ပတ်ဝန်းကျင်နှင့် မိသားစုတို့၏ နွေးထွေးမှု အပေါ်မူတည်ကာ ပြောင်းလဲစေတတ်ကြောင်း၊ ငယ်စဉ်ဘဝက စိတ်ဒဏ်ရာ ရရှိခဲ့သော ကလေးသူငယ်များသည် ကြီးပြင်းလာသည့်အခါ အများနှင့် မတူဘဲ လောကကြီးကို မုန်းတီးနာကြည်းသော အစွန်းရောက် အတ္တကြီးသူများ ဖြစ်လာကြောင်း၊ မိန်းကလေးတစ်ယောက်၏ ဘဝတွင် ချစ်သူအိမ်ထောင်ဖက်ကို ရွေးချယ်ရာတွင် အရေးကြီးကြောင်း၊ ဆုံးဖြတ်ချက်မှားလျှင် တစ်သက်စာ ဒုက္ခရောက်တတ်ကြောင်း၊ လူငယ်များသည် စိတ်အလိုလိုက်ကာ မှားယွင်းတတ်ပြီး ထိုမှားယွင်းမှုကို အချိန်မီ ပြုပြင်ထိန်းသိမ်းရန် လိုအပ်၍ ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဆက်လက်မှားယွင်းပါက ဘဝတစ်ခုလုံး ရေတိမ်နစ် ဆုံးရှုံးတတ်ကြောင်း၊ ယနေ့ခေတ် လူငယ်များ၏ ပတ်ဝန်းကျင်တွင် အရက်၊ မူးယစ်ဆေးဝါးနှင့် လိင်ပိုင်းဆိုင်ရာကိစ္စများကို ဖြားယောင်းနေသော အန္တရာယ်များဝိုင်းနေပြီး ထိုအရာများကြောင့် လူငယ်တို့၏ ဘဝများ ပျက်စီးစေနိုင်ကြောင်းတို့ကို သိစေလိုသည့် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

## ခေါက်နိုင်သည့်စမတ်ဖုန်းကို ပထမဆုံးမိတ်ဆက်သွားနိုင်ရန် Huawei မှ တရုတ်နည်းပညာကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်



ခေါက်နိုင်သည့်စမတ်ဖုန်းများထုတ်လုပ်ရန် နာမည်ကျော်စမတ်ဖုန်းထုတ်လုပ်သည့် လုပ်ငန်းများမှ စမ်းသပ်ဖန်တီးနေ လျက်ရှိကြရာ Samsung အမှတ်တံဆိပ်သည် ပုံကြမ်းနှင့် ရုပ်သံသတင်းများအစောဆုံး ထွက်ပေါ်လာခဲ့ပြီး ယခုအခါ Huawei မှ ၎င်းထက်စောစွာမိတ်ဆက်ပေးနိုင်ရန် တရုတ်နိုင်ငံအခြေစိုက် Display ကုမ္ပဏီတစ်ခုဖြစ်သော BOE နှင့် ပူးပေါင်းဖန်တီးလျက်ရှိနေပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံသတင်းဌာနတစ်ခုမှ ဖော်ပြခဲ့ကြောင်း သိရသည်။

Huawei သည် ၎င်း၏ နောက်ဆုံးထုတ်စမတ်ဖုန်းဖြစ်သော P20 Series စမတ်ဖုန်းများ ဈေးကွက်အတွင်း အောင်မြင်မှု များစွာရရှိခဲ့ပြီး စမတ်ဖုန်းလောကတွင် ထိပ်တန်းစမတ်ဖုန်းများနှင့် ယှဉ်ပြိုင်လာနိုင်ခဲ့ရာ ယခုကဲ့သို့ခေါက်နိုင်သည့် စမတ်ဖုန်းကို Samsung ထက်စောစွာ ယခုနှစ်နိုဝင်ဘာလတွင် မိတ်ဆက်ပေးသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

ခေါက်နိုင်သော မျက်နှာပြင်နှင့် စမတ်ဖုန်းများကို အဆိုပါ BOE ကုမ္ပဏီမှ လွန်ခဲ့သော ၂၀ ရက်မှစတင်၍ အမေရိကန်တွင် ပြုလုပ်လျက်ရှိသည့် SID Display Week တွင် မိတ်ဆက်ပြသပေးသွားခဲ့ပြီး Huawei နှင့် ပူးပေါင်းဆောင်ရွက်နေသည်ဆိုသည့် သတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Huawei နှင့် ပူးပေါင်းထုတ်လုပ်မည့် ခေါက်နိုင်သည့် စမတ်ဖုန်းအရွယ်အစားမှာ ရှစ်လက်မ မျက်နှာပြင်အကျယ် ဖြစ်လာနိုင်ဖွယ်ရှိပြီး စမတ်ဖုန်းဈေးကွက်အတွင်း အရှိန်ပြင်းပြင်းနှင့် ခရီးနှင်လျက်ရှိနေသော Huawei အတွက် ပထမဆုံး ဖန်တီးမိတ်ဆက်နိုင်မည်ဆိုပါက စမတ်ဖုန်းလောကတွင် ထိပ်တန်းအဆင့်သတ်မှတ်ချက်တစ်ခု ရရှိလာနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ပြောဆိုနေကြသည်။ BOE မှ မိတ်ဆက်ပြသပေးခဲ့သည့် ခေါက်နိုင်သည့် မျက်နှာပြင်မှာ အကြိမ်အရေအတွက် တစ်သိန်းနီးပါးခန့် ကွေးနိုင်ဆန့်နိုင်ပြီး အချင်းဝက် တစ်မီလီမီတာခန့်အထိ ခေါက်ချိုးနိုင်ကြောင်းသိရသည်။

ခေါက်နိုင်သည့် စမတ်ဖုန်းများအတွက် မူပိုင်ခွင့်တင်ထားပြီး စမ်းသပ်ဖန်တီးနေသော စမတ်ဖုန်းလုပ်ငန်းများမှာ Huawei အပြင် Samsung ၊ LG ၊ Xiaomi ၊ Oppo ၊ ZTE နှင့် Lenovo စသည့် အမှတ်တံဆိပ်များဖြစ်ကြပြီး အမှန်တကယ် လက်တွေ့မိတ်ဆက်ပေးနိုင်ရန် အလားလာရှိသည်မှာ Huawei နှင့် Samsung အမှတ်တံဆိပ်တို့သာ ထိပ်ဆုံးမှ သတင်းကြီးလျက်ရှိနေကြောင်း သိရသည်။

ဓာဏ်

## Apple ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၅၃၉ သန်းကျော် လျော်ကြေးပေးရဖွယ်ရှိနေသည့် Samsung

Samsung မှ မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် ၂၀၁၁ ခုနှစ်မှ စတင်ကာ တရားရင်ဆိုင်နေရပြီး ယခုအခါ အမေရိကန် ဗဟိုတရားရုံးမှ အမေရိကန်ဒေါ်လာ ၅၃၉ သန်းကျော်ကို လျော်ကြေးပေးဆောင်ရန် အမိန့်ချလိုက်ပြီဖြစ်ကြောင်း သိရသည်။ Apple ကုမ္ပဏီမှထုတ်လုပ်လိုက်သော မိုဘိုင်းဖုန်းများ၏ ပုံစံဒီဇိုင်းများကို လိုက်လံတုပသည်ဟုဆိုကာ Samsung ကို တရားဆွဲဆိုထားသည်မှာ ခုနစ်နှစ်ခန့်ကြာပြီးနောက် ယခုကဲ့သို့အမိန့်ချခဲ့ပြီး ယခင်ကလည်း Samsung မှ အမေရိကန်ဒေါ်လာသန်း ၁၂၀ ကျော်ကို Apple ထံလျော်ကြေးပေးဆောင်ခဲ့ရခြင်းလည်းရှိကြောင်း သိရသည်။

iPhone များ၏ ကိုယ်ထည်ဒီဇိုင်းနှင့် ဘေးပေါင် တပ်ဆင်ထားမှု ဒီဇိုင်းများ၊ မျက်နှာပြင် အပြင်အဆင်ဒီဇိုင်းများကို Samsung ဖုန်းများတွင် တုပကာ ထည့်သွင်းထုတ်လုပ်ထားသည်ဟု စွပ်စွဲချက်ဖြင့် တရားဆွဲဆိုခြင်းခံထားရပြီး Apple သည် ၎င်းတို့ထုတ်လုပ်သော iPhone များ၏ အသေးစိတ်ဒီဇိုင်းမှအစ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်များကိုပါ အသေးစိတ်မူပိုင်ခွင့်မှတ်ပုံတင်ထားသောကြောင့် ယခုကဲ့သို့ Samsung မှ လျော်ကြေးများ ပေးဆောင်ရခြင်းဖြစ်ကြောင်းသိရသည်။ Apple မှ လျော်ကြေးငွေထက် ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို ကာကွယ်လို၍ ယခုကဲ့သို့တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ALEX




စည်းလွတ် ဝါးလွတ်
ဒေတာအတွက်
ananda ရဲ့ 4G+
only
35,000 Ks
for SIM + mifi + 30 days
unlimited data to share
4G+
ananda
mifi ဆိုတာ သယ်ဆောင်ရလွယ်ကူပြီး
ဘယ်ပဲရောက်နေရောက်နေ device ၁၀ လုံးအထိ
ချိတ်ဆက်သုံးစွဲလို့ရတဲ့ ပစ္စည်းလေးဖြစ်ပါတယ်။
buy now
www.ananda.com.mm
anandalivemore
ananda

CRÖWN EDUCATION

SIM GLOBAL EDUCATION
www.simge.edu.sg

စတင်ကာမှ အကောင်းဆုံး စီးပွားရေးကျောင်း SIM ဆွေးနွေးပွဲ



Yangon Seminar
Sat, 2 Jun 2018
10:00 Am - 12:00 Noon
NOVOTEL HOTEL, (Eureka Room)

Mandalay Seminar
Sun, 3 Jun 2018
10:00 Am - 12:00 Noon
HOTEL MANDALAY, (Zabei Phyu Room)

- စင်ကာပူ SIM တွင် လေ့လာသင်ယူပြီး အင်္ဂလန် University of London, ဩစတြေးလျ RMIT, အမေရိကန်မှ University at Buffalo, The State University of New York မှ ပေးအပ်မည့်ဘွဲ့များကို စင်ကာပူနိုင်ငံတွင် ရယူနိုင်မည့်အကြောင်း
- Business Management, Finance and Economic, Accounting and Finance, Management and Marketing ဘာသာရပ်များ၏ သင်ကြားသည့်ဘာသာရပ်များအကြောင်း

SIM မှ ချီးမြှင့်မည့် ၁၀၀% ပညာသင်ဆု

Tel : 01 527 838, 09 44 55 66 701, 09 44 55 66 702

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)သတ္တမတန်း(C)မှ မိုင်းငခမ်း၏ ဖခင်အမည်မှန်မှာ ဦးမောင်အိုက်ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်ဖခင်အမည်မှန်

နမ့်ခမ်းမြို့ အထက(၁)၊ သတ္တမတန်း(B)မှ မိုင်းနိုင်ကျော်ထွန်း၏ အမည်မှန်မှာ မိုင်းကျော်ထွန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးညီရွှေ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့နယ်၊ မူလွန်(လုလျန်း) ဆဋ္ဌမတန်းမှ မော်သော်ဇင်ထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၆-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့နယ်၊ အလက(မန်းပူး) စတုတ္ထတန်းမှ မောင်လုမ်ပူး၏ဖခင်အမည်မှန်မှာ ဦးမောင်လေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၈-၁၂-၂၀၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ အလက (မန်းပူး) သတ္တမတန်းမှ မောင်သိန်းထွန်း၏ဖခင်အမည်မှန်မှာ ဦးကျော်အေး ဖြစ်ပါကြောင်း။

T. KATE
(Dip in Eng) UFL
English 4 Skills
(specialClass)
အိမ်လိုက်သင်သည်။
Ph-09-977204880

Teacher ဖြိုး
B.Sc(Hons:), M.Sc(Maths)
သင်္ချာ (တန်းစုံ)
Ph: 09-4200 83128

Victoria Hospital

ဥရောပမှ နှလုံးနှင့် သွေးကြော အထူးကုဆရာဝန်ကြီး

HVC

Dr. Pavlin Pavlov
MD, Fellowship in Interventional Cardiology (Bulgaria)

- နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောဆောက်တိုင် (Stent) ထည့်၍ နှလုံးသွေးကြောချဲ့ကုသခြင်း (Angioplasty)
- နှလုံးခုန်စက် (Pacemaker) တပ်ဆင်ခြင်း
- (Diabetes Foot Ulcer Revascularization)
- (Venous Thrombolysis)

BOOKING - HUNT LINE : +95 1 9666141, HOT LINES : +95 9 783666 141~4, EXT - 7080 (OR) 2



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရွှေဂုံတိုင်တာဝါ၊ ၇-လွှာ၊ (KBZ ဘဏ်အပေါ်)
2 Master Bedrooms, 2 Single Rooms, Fully Furnished, 5 AC 1350 Sqft ၂၁၀၀သိန်း။
လက်ရှိ ၁လ ၁၄သိန်း၊ နိုင်ငံခြားသားငှား။
ဖုန်း-၀၉-၄၂၀၂၂၇၈၀၈

PH:(09 77 51 450 70)

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09 5024774
09 73179228
09 49155515
09 49225338

N-WINNER Co.,Ltd
Ph:09450073838,09783233356-57,09254418033

| | | | |
|---|---|---|---|
| (6011sqft) | | | 13000 L |
| (40'x50') | | 3RC | 5900L |
| (60'x120') | | 1½RC | 5500L |
| (60'x78') | | | 3700 L |
| (22'x60') | | 2BN | 900 L |
| Condo (1750sqft)1M,1B | | | 1750L |
| (15'x55')1B | | 1F | 520L |
| (40'x100') | | | 30L |
| (100'x70')2M,2B | | 2RC | 20L |
| (80'x80')1M,3B | | 2RC | 15L |
| Twin Rose Condo (1850sqft)2M,1B,F.F | | | $ 2000 |
| Condo (1200sqft)1M,2B,F.F | | | 11L |

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

1 Sqft = 6000 Ks
(အရောင်းကျ ရောင်းပေးသည်)
Ph: 09-785084831

ကွန်ဒိုတိုက်ခန်းအမြန်ရောင်းမည်
ပေ(၂၆×၆၀)၊ အခန်း(၂)ခန်းပါ
ပါကေး၊ ကြွေပြားခင်းထားသည်။
ဆက်သွယ်ရန်-၀၉-၉၅၄၅၂၂၅၃၃
၀၉-၄၀၀၉၇၃၆၅၄
ကျောက်တံတားမြို့နယ်

ရွှေဗဟာ
09 -5106146
09 -775106146

09-73122029,09-795669534

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၆ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆၀ နှင့် ဆက်သွယ်သည့်

၂၀၁၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၈၅

ဦးခင်ဇော်ဝင်း နှင့် ဒေါ်သင်းသင်းလှိုင် (၎င်း၏ အခွင့်ရကိုယ်စားလှယ်-ဒေါ်ပွင့်ဖြူသင်း)

ဒီကရီအနိုင်ရသူ တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၂၀)နေ တရားရှုံးဒေါ်သင်းသင်းလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၄ရက်၊ ၁၃၈၀ခုနှစ်၊ ပထမဝါဆိုလဆန်း၂ ရက်၊ မွန်းမတည့်မီ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ခုနှစ်၊ မေလ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စုစန္ဒာဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မုံရွာမြို့၊ ချောင်းဦးမြို့နယ်နေ ဦးပိုလ်သန်း-ဒေါ်ယဉ်မေတို့၏သား ဦးဝင်းသန်း [၅/ခဥတ(နိုင်)၀၀၈၄၆၄]နှင့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ပေါက်ကုန်းရပ်နေ ဦးဝင်းမောင်-ဒေါ်မမကြီးတို့၏သမီး ဒေါ်တင်တင်အေး[၁/ဗမန(နိုင်)၀၃၃၈၄၀]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၄-၄-၂၀၁၈ရက်တွင် ကမာရွတ်မြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာအပ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးတို့မှအစ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး [၁/ဗမန(နိုင်)၀၃၃၈၄၀]

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် ( ၁၅ ) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆု လက်မှတ်များအား အက္ခရာ (၄၅) လုံး ရောင်းချခဲ့ရာ ရောင်းရငွေအပေါ် ၆၀% ဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၇) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၃) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၁၅) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၁၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၁၈၂) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် မြန်မာနိုင်ငံ FDA အသိအမှတ်ပြု လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်နှင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရမည်ဖြစ်ပါကြောင်း တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၈-၅-၂၀၁၈ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - ၂၈-၆-၂၀၁၈ရက်(ကြာသပတေးနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မကွေးတိုင်းဒေသကြီး၊ ပြည်တော်သာလမ်း၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၃၆၈၅၊ ၀၆၃-၂၅၉၃၈၊ ၀၉-၂၅၆၄၄၉၁၀၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-
(က) ဘိလပ်မြေ(ပြည်တွင်း) (၇၀၀၀၀၀)အိတ်
(ခ) ကျောက်စရစ် (၃၄၆၀၀)ကျင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၅-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များအတွက် ဖုန်းအမှတ်-၀၉၅၁၉၄၁၆၃ သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ထုတ်ယူရမည့်ရက် - ၃၀-၅-၂၀၁၈ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၆-၂၀၁၈ (သောကြာနေ့)၊ ညနေ (၄:၀၀)နာရီတိတိ

၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး မကွေးမြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး၊**
**မကွေးမြို့၊ ဖုန်း-၀၉-၄၅၄၁၉၀၀၀၇**

ဆင်ဖြူတော်
Ph: 09260593388, 09260593399

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးတေဇာအောင်[၁၄/ဝခမ(နိုင်)၁၁၂၁၈၄]နှင့် ဒေါ်သန္တာထွန်း[၁၂/ဥကတ(နိုင်)၁၇၈၉၀၈]တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၂-၅-၂၀၁၈ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ တစ်ဦးကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာထွန်း[၁၂/ဥကတ(နိုင်)၁၇၈၉၀၈]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ (ဘ)ဦးအာလမ္ဘန်(ခ)ဦးညိမ်းတင်(ကွယ်လွန်)-(မိ)ဒေါ်မြ[၁၂/တတန(နိုင်)၀၈၉၂၆၄] ကိုင်ဆောင်သူတို့မှ သားဖြစ်သူ ဦးစိုးသန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်သီဂီလှိုင်(LL.B)** | **ဒေါ်နွယ်နွယ်နေမျိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၁၇၇)** | **(စဉ်-၁၃၉၁၈)** |

**ရုံး/အိမ်၊ အမှတ်(၁၃၂)၊ မဗေဒါ(၁)လမ်း၊ မင်းပိုင်းရပ်ကွက်၊ တွံတေးမြို့။ ဖုန်း-၀၉-၅၀၄၄၁၆၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၇၅၃)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှမြိုင်(CC-၀၄၅၇၁၅) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူသူ၊ ပိုင်ဆိုင်ထားသူ ဒေါ်ပပခိုင်[၁၄/မအပ(နိုင်)၁၉၃၉၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၁)**
**အမှတ်(၇၈၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၀၁၂၅၃၀**

09-421117007

အိမ်ပြောင်း/အိမ်ရွှေ့
09-261111549
09-257962225

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၄ FG ၊ မြေကွက်အမှတ်-၅၄၂/ဘီ+ဘီ[၁] မြေပေါ်တွင် ဆောက်လုပ်ထားသော တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်-၅၄၂/ဘီ ဟု ခေါ်တွင်သော အဆောက်အဦ၏ ပဥ္စမထပ်(၅၄၂ ဘီ/5A)၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိ (ခေါင်းရင်းခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်/အိမ်ရှင်ဖြစ်သော ဒေါ်ကြည်ကြည်ညွန့်[၁၂/ကမရ(နိုင်)၀၂၃၅၅၉]မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လူနေထိုင်ခွင့်အသင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ပိုးအိအိစံ(LL.B) (LL.M)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်-၂၆၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

CHERRY OO TRIPLE WIN
WORLD CUP 2018
နှစ်သောင်းကျပ်နှင့်အထက် နာရီတစ်လုံးဝယ်ယူပါက...
CHERRY OO
ချန်ပီယံအသင်းခန့်မှန်းဖြေဆိုပွဲ
ကျပ် ၃၅သိန်းကျော်တန် နာရီနှင့်
အခြားတန်ဖိုးကြီး နာရီ (၂) လုံး အပါအဝင်...
မဲဖောက်ပါ ဒီဖြစ်ကက်ဝင်းမဲ
50% 25% 15% 30% 10% 20%
i Phone X 10 လုံး
SAMSUNG S9 Plus 10 လုံး
+ 10% GIFT VOUNCHER
အသေးစိတ်ကို အောက်ပါလင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။
www.facebook.com/cherryoowatchgallery

SO YOUNG
အလှအပနှင့်ဆံပင်ကုသမှုစင်တာ
"SO YOUNG" နှင့်
DAILY OPEN
(10:00 AM - 8:00 PM)



Online မှ ဆေးမေးနိုင်ပါ။
အသေးစိတ်သိရှိလိုလျှင် Facebook's page " So Young အလှအပနှင့် ဆံပင်ကုသမှုစင်တာ " တွင် လေ့လာနိုင်ပါသည်။

ဆင်ဖြူတော်
အိမ်ခြံမြေအကျိုးဆောင်
မြေကွက်အိုးပင်လိုလျှင် 40' × 60' မြေဖြင့်အိမ်
အရောင်း(6500)သိန်း
Ph: 09260593388, 09260593399

ငှားမည်

မြေကွက်များဈေးကောင်းပေး၍ဝယ်လိုသည်
ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက် ငွေချေပေးမည်၊ ပွဲခပေးရန်မရှိ
ဖုန်း 01-2339310, 01-2339355, 01-578044

ပယ်ဘန်း
ရွှေဂုံတိုင်လမ်းပေါ်
Royal ဂျွန် ရွှေဂုံတိုင်
4 Master Bed Rms | 2 Car Parking | 2021 KEY အပ် | ဦးဆုံးဝယ်သူ 10 ဦးအား
သိန်း 1000 ကို 1 နှစ် 1% အတိုးနှုန်း
နေ့ရက်၊ 1,2,3 June - 2018 အချိန်၊ 9:00 AM - 6:00 PM
(၂၈၁)၊ ရွှေဂုံတိုင်လမ်းမပေါ်၊ ရွှေဂုံတိုင်ဟိုတယ် (၅)ကွက်ကျော်။
09 799 089 042
09 443 199 101



တရုတ်
ENGLISH
Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 420230133

09-771408547

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၁)ရပ်ကွက် ပြည်လမ်း (၆)မိုင်ခွဲ အမှတ်(၃၃)၌ ရုံးတည်ရှိသော IMPETUS INTERNATIONAL TRADING COMPANY LIMITED. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

IMPETUS | IMPETUS | IMPETUS | IMPETUS | IMPETUS

အထက်ဖော်ပြပါ IMPETUS အမည်ပါကုန်အမှတ်တံဆိပ်များဖြစ်သော ...

လွှဲအပ်ညွှန်ကြားချက်အရ - ဦးအောင်မြင့်ထက် (LL.B)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၅/ဥတ္တရသီရိရပ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(ဉ-၂၁၁၄)၊ ဧရိယာ(၀. ၅၁၆)ဧကရှိ ဦးသက်ထွန်း[၁၂/ဗဟန(နိုင်)၀၁၂၂၈၈] (ဘ) ဦးလှစိန်အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်စာချုပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၄၅၁၃/၂၀၁၈(၂-၅-၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက် ဦးသက်ထွန်း၏ အထူးကိုယ်စားလှယ်လွှဲစာ၇ရှိထားသူ ဒေါ်ကြည်ကြည်ရှိန်[၁၂/ဒဂမ(နိုင်)၀၂၅၁၄၈] (ဘ) ဦးစိုးအောင်မှ ဦးစိုးသိန်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ကြော်ငြာစာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ် ...

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၂ (အက်စ်၇၁)၊ မြေကွက်အမှတ် -V၁၈၂၊ မြေကွက်တည်နေရာအမှတ်-၁၁၈၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးအောင်ခင်နှင့် ဒေါ်စိန်စိန်မြင့် အမည်ပေါက် နှစ်(၉၀)ဂရန်သက်ကုန်မြေအား အမည်ပေါက်ဖြစ်သော ခင်ပွန်းဦးအောင်ခင်သည် (၂၆-၉-၂၀၀၈)ရက်တွင်ကွယ်လွန်သဖြင့် ဒေါ်စိန်စိန်မြင့် [၁၂/တမန(နိုင်)၀၄၅၃၅၂]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် ခင်ပွန်းဦးအောင်ခင် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်သည် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိန်စိန်မြင့်မှ ဆက်လက်ပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်းနှင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်မှာမှန်ကန်ကြောင်း (၂၂-၁၁-၂၀၁၇) ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစိစစ်ရာ(၂)ခန်းတွဲ (၈) ထပ်တိုက်၊ (၁)လုံးရှိပြီးဒေါ်စိန်စိန်မြင့်မိသားစု(၄)ခန်းနေထိုင်ပြီး ကျန်အခန်းများသည် အပျောက်အခန်းများဖြစ်ပြီး လျှောက်ထားသူမှ အပျောက်အခန်းများပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၂)လမ်း၊ အမှတ်(၈၆၈)ရှိ အလျားပေ(၆၀)×အနံ(၁၃)ပေ မြေကွက်အားမူလရောင်းချပိုင်ခွင့်ရှိသူဦးထွန်းအေး[၁၄/ပသရ(နိုင်)၀၀၆၆၂၀]ကိုင်ဆောင်သူထံမှလည်းကောင်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၁)လမ်း၊ အမှတ်(၃၃)ရှိ အလျား(၁၈)ပေ×အနံ(၃၀)ပေမြေကွက်အား မူလရောင်းချပိုင်ခွင့်ရှိသူ ဦးစံရွှေ[၁၂/အစန(နိုင်)၀၇၁၇၀၂]ဆိုသူထံမှလည်းကောင်း ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက တစ်ဦးတည်းပိုင် တရားဝင်ဝယ်ယူလက်ရောက်ရရှိထားပြီး၊ ပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ချို[၁၂/အစန(နိုင်)၁၇၂၁၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းဟန်(LL.B)** (စဉ်-၁၁၉၈၆)
**ဦးကြည်စိုး(LL.B)** ၂(စဉ်-၇၃၇၂)

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉၂၆၃၉၀၀၃၉၉၊ ၀၉-၄၂၁၁၀၃၄၅၄**



**Aldersgate College Philippines**

**Congratulations!** Master of Public Administration & Master of Business Administration




ဝံ-ကလိဘို

မြန်မာ့ရိုးရာအဌဘောထိန်း

City Mart, Ocean, Capital, Orange, Sein Gay Har


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်းဝင် စက်ခေါင်းမောင်း(၄) ရာထူး(၁၃)နေရာအတွက် လျှောက်လွှာများ လျှောက်ထားနိုင်သည်။

၂။ အရည်အချင်းသတ်မှတ်ချက်

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားအမျိုးသားများဖြစ်ရမည်။

(ခ) ၃၁-၅-၂၀၁၈ ရက်တွင် အသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက (၃၅) နှစ်ထက် မကျော်ရ။

(ဂ) အနိမ့်ဆုံးပညာအရည်အချင်း AGTI,B.Tech (MP, MT, EP, EC , Mechatronics) ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ၊ (၂)လက်မ၊ ကိုယ်အလေးချိန် (၁၁၀) နှင့် (၁၆၀) အတွင်းရှိပြီး မျက်မှန်တပ်ဆင်သူများမဖြစ်စေရ။

၃။ ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊ (၆)လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ

(ခ) ဘွဲ့၊ ဒီပလိုမာ အောင်လက်မှတ်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)

(ဂ) ဝန်ထမ်း(အမြဲတမ်း)များသည် သက်ဆိုင်ရာဌာန အကြီးအကဲမှ တစ်ဆင့်တင်ပြရမည်။ ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများသည် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)၊ (၁)လအတွင်း ရရှိထားသော အကျင့်စာရိတ္တနှင့်ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် (မူရင်း)

(ဃ) ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်

၄။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၃၉)ပတ် တက်ရောက်ရမည်။ ဌာနတွင် အနည်းဆုံး (၁၀)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

၅။ လျှောက်လွှာကို မြန်မာ့မီးရထား(ရုံးချုပ်)၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ နေပြည်တော်ဘူတာကြီးသို့ ၁၅-၆-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီး ရေးဖြေ၊ လူတွေ့ စစ်ဆေးမည့်နေ့နှင့် အသေးစိတ်များကို ဆက်လက်အကြောင်းကြားမည်။

**စုံစမ်းရန် ဖုန်း-၀၆၇-၇၇၁၁၄၊ ၇၇၀၄၁**

# ဈေးပြိုင်ရောင်းချရန်ကြော်ငြာခြင်း

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၏ အသုံးပြု၍မရတော့သည့် ဆေးရုံသုံး ခုတင်အဟောင်းများနှင့် ဆေးရုံသုံး ပရိဘောဂအဟောင်းများ (၂၂)မျိုးတို့ကို မျက်မြင်အတိုင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

| | |
|---|---|
| လေလံလျှောက်လွှာ စတင်သည့်ရက်/အချိန် | - ၂၈-၅-၂၀၁၈ ရက် |
| လေလံလျှောက်လွှာပိတ်မည့်ရက်/အချိန် | - ၈-၆-၂၀၁၈ရက်၊ ညနေ၄နာရီ |
| ဈေးပြိုင်ရောင်းချမည့်ရက် | - ၁၂-၆-၂၀၁၈ ရက် |

**ရုံးချိန်အတွင်းစုံစမ်းရန် ဖုန်း-၀၁-၉၆၉၀၂၉၅**

**လေလံခေါ်ယူရေးအဖွဲ့**


ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

သင်္ချာကျော်မြင့် M.Sc (Maths). Final.
(4-6-18)
မဟာကျော် အဝေးသင်
Ph:09-250359833, 09-796313677, 09-263451177

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးသွားအတွက်
Box
09-450042704
09-250095116
09-420096296

အမြန်ရောင်းလိုသည်
(12x50) မြေညီထပ်+ပထမထပ်၊ Aircon-3 လုံး၊
မီတာ (၂) လုံး၊ ပြင်ဆင်ပြီး ကားပါကင်ရှိ
ဦးဝိစာရလမ်း၊ ပုဇွန်တောင်မြို့နယ်၊
မြေညီ+ပထမထပ်နှစ်လွှာပေါင်း (၁၃၅၀ သိန်း)
ဖုန်း-09 5122233, 09 975122233

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
Ph: 09-770639155
09-770639166

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355





MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့်MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြနု
## အသက်(၉၆)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း [ကာကွယ်ရေးဦးစီးချုပ်၊ ရေ-ငြိမ်း]-ဒေါ်အေးအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြနု သည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးဘွန်ကြည်)-ဒေါ်ချိန်ကြည်**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စိန်ကြည်
## အသက် (၈၉) နှစ်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်-ECCမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းမိုးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက် တို့၏အဘွားသည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဝန်ထမ်းများအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာဂျယ်ရမီသာထွန်း
## အသက်(၇၀)
### ပါမောက္ခ(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်

ပါမောက္ခ ဒေါက်တာဂျယ်ရမီသာထွန်း အသက်(၇၀) ပါမောက္ခ(ငြိမ်း)၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်သည် ၂၃-၅-၂၀၁၈ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

**စနေနေ့ည ချစ်တပည့်များ**
**Junction ကောင်းသန့် Restaurant**

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမဒေါ်နူရာဂျန်ဘီ (ခ) ဒေါ်မြင့်မြင့်ဝင်း
### ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ရှေ့နေချုပ်ရုံး၊ အောင်ဆန်း (၆)
## အသက် (၇၀)

ဟာဂျီဦးဇော်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်)၏ဇနီး ဒေါ်မြင့်မြင့်ဝင်း အသက် (၇၀)သည် ၂၀-၅-၂၀၁၈ ရက် မွန်းလွဲ ၁၂း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဉာဏ်ဝင်း၊ ဦးမြညိမ်း၊ ဦးမြင့်နိုင်၊ ဦးတင်မြင့်၊ ဦးအောင်မြင့်၊**
**ဦးဟန်ညွှန့်၊ ဒေါ်နန်းခမ်းအုံ၊ ဦးကျော်စိန်**
**(နေပြည်တော်ရှိ အောင်ဆန်း-၆ သူငယ်ချင်းများ)**

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမဒေါ်နူရာဂျန်ဘီ (ခ) ဒေါ်မြင့်မြင့်ဝင်း
### ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ရှေ့နေချုပ်ရုံး၊ အောင်ဆန်း(၆)
## အသက် (၇၀)

စိတ်ထားကောင်းမွန်လှသော အစ်မ ဒေါ်မြင့်မြင့်ဝင်း ကွယ်လွန်သွားသည့် အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(အောင်ဆန်း ၆ မှချစ်ညီမများ)**
**ဒေါ်ခင်လှရီ၊ ဒေါ်ခင်ခင်စိုး၊**
**ဒေါ်လှလှတင်၊ ဒေါ်ခင်မာမာလတ်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်ကြီးအောင်(မြန်မာ့ရုပ်ရှင်လုပ်ငန်း)
## အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၆၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (နိုင်ငံတော်တရားသူကြီးချုပ်၊ သရေစည်သူ၊ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်-ဒေါ်မမကြီး)တို့၏တစ်ဦးတည်းသောသား၊ (ဦးဘမောင်၊ ဦးဘသန်း-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်မိမိထွေး(အထက-၁၊ ဒဂုံ၊ ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းမြတ်အောင်-ဒေါ်တင်မို့မိုဇော်၊ ဒေါ်မြတ်ကြွေ(Michiko) တို့၏ချစ်လှစွာသောဖခင်၊ မထွေးကြွေဝင်း (Tania-Singapore)၊ မောင်ကြွေဒီအောင်(Eddie, Idaho State University U.S.A)၊ မသုန္ဒြေဝင်း(Trixie, PISM) တို့၏ချစ်လှစွာသော ဘိုးဘိုးသည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မော်လီ (ခ) ဒေါ်မြင့်မြင့် (အလုံ)
## အသက်(၈၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၀)နေ (ဦးတင်အောင်)၏ဇနီး၊ (ဒေါ်မေရီအောင်)၊ (ဦးဆန်နီအောင်)၊ ဒေါ်ခင်ခင်ထွန်း(ဒုလက်ထောက်ညွှန်မှူး၊ ရေနံဓာတု-ငြိမ်း)၊ ဦးသိန်းထိုက်(ဆေး-ငြိမ်း၊ ကျောက်တံတား၊ စထဟ)-ဒေါ်ချိုချို၊ ဦးသိုက်ထွန်း-ဒေါ်ဝင်းမြင့်သန်း၊ ဦးထိန်ဝင်း (အင်းယားလိတ်ဟိုတယ်) - ဒေါ်မြတ်နှင်းခိုင် (MFTB)၊ (ဦးထိန်လင်း)-ဒေါ်စိုးစိုးဦး(ရေနံဓာတု)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘွားသည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါဖြင့် ၂၆-၅-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် သန်လျင်အမိုးနီအဒေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြည်း-၃၄၁၇၉ ဗိုလ်မှူးစိုင်းထက်တင် (ယာယီတပ်ရင်းမှူး)
### တေဇ(၂၈)
## အသက် (၄၀)

အမှတ်(၃၄၁)၊ ခြံကြီးဝန်း၊ ရွာကြီးကုန်းရပ်ကွက်၊ သာယာဝတီမြို့နေ ဗိုလ်ကြီးကြင်သိမ်း(ငြိမ်း)-ဒေါ်စောတင်တို့၏သား၊ အမှတ်(၄)၊ ဓမ္မာရုံလမ်း၊ သာယာဝတီမြို့နေ (ရဲမှူးစိုးမြင့်)-ဒေါ်နော်အေးထွန်းတို့၏သားသမက်၊ ဦးတင်ကိုကိုဦး-ဒေါ်နော်စိုးသီတာထွန်းတို့၏ညီ၊ ဦးမျိုးကျော်သူ-ဒေါ်တင်ချိုချိုလတ်၊ ဦးမျိုးမင်းသန့်-ဒေါ်တင်စုစုမြတ်တို့၏မောင်၊ ဒေါ်နော်စိုးရတနာထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံထက်မြတ်၊ မောင်စွမ်းရည်ထက်တင်၊ မမွန်မြတ်ထက်တင်တို့၏ဖခင် ဗိုလ်မှူးစိုင်းထက်တင်သည် ၂၄-၅-၂၀၁၈ ရက် နံနက် ၁၀း၃၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြဝင်း(ခ)ရှီရော်အင်း (ညောင်လေးပင်မြို့)
## အသက်(၈၉)နှစ်
### ကျားမင်းဆေးလိပ်ရုံ၊ ဒါနပတိတဆန်စက်/ရေခဲစက်

မိခင်အရင်းသဖွယ်လေးစားချစ်ခင်ရပါသော စိတ်ထားဖြူစင် မြင့်မြတ်လှသည့် ဒေါ်မြဝင်း(ခ)ရှီရော်အင်း (ညောင်လေးပင်မြို့) အသက်(၈၉)နှစ်သည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုအားလုံးနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဇော်ကြီး၊ အောင်သန်း**
**အေးမော်၊ အေးခိုင်၊ အေးကြိုင်၊ စန်းနွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၃၄၁၇၉ ဗိုလ်မှူးစိုင်းထက်တင် (ယာယီတပ်ရင်းမှူး)
## အသက် (၄၀)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဘန်းယဉ်မြို့နေ ဒေါ်နော်စိုးရတနာထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဝေယံထက်မြတ်၊ မောင်စွမ်းရည်ထက်တင်၊ မမွန်မြတ်ထက်တင်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဗိုလ်မှူးစိုင်းထက်တင်သည် ၂၄-၅-၂၀၁၈ ရက် နံနက် ၁၀း၃၀ နာရီတွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၂၈)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## စီရောက်ချူ(ခ)ဒေါ်ခင်ကြည်
### (ဖျာပုံ)
## အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၃ ရပ်ကွက်၊ ၈ လမ်း၊ အမှတ် (၁၄)၊ ပထမထပ်နေ (ဦးစီစွီအူး-ဒေါ်ကျင်စိန်) တို့၏ သမီး၊ ဦးတန်အီဟွီး(ခ)ဦးဖွမ်းနား (ဘင်အန်းဆန်စက်) ၏ဇနီး၊ မသန်းသန်းဝင်း(ခ)တန်ဘိဂှာ၊ မောင်ရန်ဝင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ ဦးဘစိန်-ဒေါ်တင်မေခင်တို့၏ အစ်မကြီး၊ ဒေါက်တာ အထွန်း၊ ဒေါက်တာကံစိုး၊ မယဉ်ယဉ်မေတို့၏ ကြီးတော်သည် ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဉာဏ်ကြီး
### ကုန်သွယ်ရေး(ငြိမ်း)
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ် (၉၃)နေ (ဦးသီဟ-ဒေါ်အေးသင်)တို့၏ သား၊ ဦးဉာဏ်ထွန်းထွန်း-ဒေါ်ခင်အုန်းမြင့်၏ အစ်ကို၊ ဦးဉာဏ်မျိုးထွန်း၊ ဦးဉာဏ်မျိုးသန့်-ဒေါ်တင်နွယ်အေးတို့၏ ဖခင်၊ မနှင်းအိန္ဒြာသန့်၏ အဘိုး၊ ကိုပြည့်ဖြိုးဟိန်း၏ ဘကြီး၊ ဒေါ်ခင်ညွှန့်၏ခင်ပွန်းသည်၂၅-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အဒေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြသွေး
## အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် အလယ်ပိုင်း၊ အမှတ်(၂၇၉)နေ (ဦးတင်အို-ဒေါ်သန်းစိန်)တို့၏ သမီး၊ တာမွေမြို့နယ်၊ (၁၆၅)လမ်း၊ အမှတ် (၁၆) နေ (ဦးမြင့်သိန်း-ဒေါ်တိုးရွှေ) တို့၏သမီးချွေးမ၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၉၆)နေ ဗိုလ်ကြီးဟိန်းမင်း-မထက်ထက်တင်ဦး (မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသီရိတင်ဦး၏ အဘွား၊ ဒေါက်တာဦးတင်ဦး၏ ချစ်လှစွာ သောဇနီးသည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီ တွင် လှိုင်သာယာမြို့နယ်၊ ထိန်ပင်အဒေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော် လမ်း၊ အမှတ်(၂၉၆) နေ ဒေါက်တာဦးတင်ဦး၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုသန့်စင်လင်း(ခ)ကိုဖြိုး
## အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ တိုက်အမှတ် (၁၃၀)၊ အခန်း(၁၇)၊ သုံးလွှာနေ ဦးမြင့်နိုင် (ရဲဝံ့နဂါး၊ ပြည်ပအလုပ်အကိုင်)-ဒေါ်စမ်းစမ်းယုတို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား ကိုသန့်စင်လင်း (ခ)ကိုဖြိုးသည်၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၃း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး ကင်ဆာဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဆူးလေဘုရားလမ်း၊ ရဲဝံ့နဂါး၊ ပြည်ပ အလုပ်အကိုင်ရုံးခန်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မေသင်း (ခ) ဒေါ်လှညွှန့် (Peggy Thin)
## အသက် (၈၄) နှစ်

မိဘဆရာကဲ့သို့ ရိုသေလေးစားချစ်ခင်ရပါသော [ဦးထွန်းဝေ(ကျန်းမာရေးဝန်ကြီး-ငြိမ်း)] ၏ ဇနီးဖြစ်သူ ဒေါ်ခင်မေသင်း(Peggy Thin) (ခ) ဒေါ်လှညွှန့်သည် ၂၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း (အသည်းအထူးကုဆရာဝန်ကြီး)**
**ဒေါက်တာဒေါ်ခင်လေးရီ**

ရာသီဥတု
ပြောင်းလဲမှု
လျော့ကျရေး
အစိမ်းရောင်
စီးပွားရေးကို
ဖော်ဆောင်ပေး

### ရဟန်းဒါယိကာမကြီး
## ဒေါ်လုံး
## အသက်(၁၀၀)
### (ရေတာရှည်-ထန်းကုန်း)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်နေ ဦးဥတ္တမဇိဝ (တေဇစက္ကီ ကမ္မဌာန်းကျောင်းတိုက် ပဓာန နာယကဆရာတော်)၊ (ဦးအောင်ကြည်)-ဒေါ်ကြင်သောင်း၊ ဒေါ်အေးညို-(ဦးစံလင်း)၊ တကက အောင်မြင့်(စနရ-၁)-ဒေါ်ခင်စိုး၊ဦးညီမွေး-ဒေါ်စိန်သန်း (ထခွဲ-လ ၅၊ လှိုင်သာယာ)၊ ဦးညီအေး၊ ဒေါ်ခင်တင့်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွား၊ရဟန်းဒါယိကာမကြီး ဒေါ်လုံးသည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [မိခင်ကြီးအားရည်စူး၍ ၂၈-၅-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ ပစ္စည်းလေးပါး ဒါယကာကြီး
## ဦးကြည်မြင့်(ပျဉ်းမကုန်းရွာ)
## အသက်(၉၁)နှစ်
### မြနန်းသဇင် သွေးဆေးတိုက်
### လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဆောင်းပဟေမာန်အိမ်ရာ၊ တိုက်(၁၂)၊အခန်း(၂)နေ ဒေါ်ထွေးကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ထိုက်ထိုက်ဝင်း၊ ကိုပြည်ဇော်မျိုး ညွှန့်-မမေဝါလွင်၊ (ကိုရဲနိုင်ထွန်း)-မမေအောင်စိုး၊ ကိုကျော်စိုးလှိုင်-မခိုင်ပြည့်စုံ၊ ကိုဇော်ထက်-မမြရတနာလဲ့လဲ့ထွန်း၊ Dr.ရန်ပိုင်ထွန်း - Dr.မေစံပါယ်ခင်မောင်၊ ကိုကျော်ထက်ဝင်း၊ မနိုသဇင်ခင်မောင်၊ ကိုဖြိုးပြည့်သိန်း၊ မမေသူတင်၊ မမြသက်ဖူး၊ ကိုသီဟစုအောင်၊ ကိုပြည့်စုံစိုး(AIR KBZ)၊ မနွယ်တာရာ ခင်တို့၏အဘိုး၊ ကိုဝေယံသိန်း-မခိုင် မြတ်နွယ်၊ မနှင်းသီရိဇော်၊ မနှင်းသီတာဇော်၊ မောင်ဖွဲ့ရဲပိုင်၊ မောင်ကောင်းဇင်သူ၊ မောင်ကောင်းပြည့်ဟိန်း၊ မခေတ်သခင်၊ မမြတ်သီရိဇော်တို့၏ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၁၈ (ကြာသပတေး နေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မြေး၊ မြစ်များ

### ရဟန်းဒါယကာကြီး
## ဦးစောညွှန့် (ကတိုးကောနှပ်)
## အသက်(၉၀)

အမှတ်(၄၉၂)၊ မဟာဗန္ဓုလလမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ (ဒေါ်တင်အုံး)၏ ခင်ပွန်း၊ ဦးအောင်မျိုးနိုင်-ဒေါ်ကေသီခိုင်၊ ဦးအောင်ဆန်းနိုင်-ဒေါ်သီရိနိုင် တို့၏ ချစ်လှစွာသောဖခင်၊ မရွှန်းလဲ့မျိုးနိုင်၊ မောင်ဘုန်းဇေယျာနိုင်၊ မောင်ဥက္ကာကျော်ခန့်၊ မောင်ခန့်ဇေယျာနိုင်တို့၏အဘိုး ဦးစောညွှန့်သည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) ည ၈း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၈ (သောကြာနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၀ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မေ(မြောက်ဦး)
## အသက်(၈၉)နှစ်
### အထက-ပြ(ငြိမ်း) M.E.H.S အ-ထ-က(၁)ဒဂုံ

ရမ်းဗြဲမြို့နေ (ဦးဘမြိုင် စက်ရှင်တရားသူကြီး-ဒေါ်အောင်လှမေ)တို့၏ သမီး၊ (ဦးဘိုးမြစိန် အမျိုးသားကျောင်းအုပ်ငြိမ်း၊ -ဒေါ်ရွှေခိုင်ဖြူ)တို့၏ သမီးချွေးမ၊ (ဦးလှထွန်းအောင်၊ ဒု-ညွှန်မှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၏ ဇနီး၊ သားသမီး ခုနစ်ယောက်တို့၏ မိခင်၊ မြေးငါးယောက် တို့၏ အဘွားသည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက်၄း၃၀နာရီတွင် ၁/၉၄၂၊အနော်ရထာလမ်း၊ ဒဂုံမြို့သစ်အရှေ့၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒဂုံမြို့သစ်နေအိမ်မှ နံနက် ၁၀ နာရီနှင့် အမှတ်(၂၀)၊ (၄၂)လမ်း၊ (အောက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးလှသောင် (သီတာစက္ကူစက်)
## အသက် (၈၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမ၊ အမှတ်(၆၉) နေ ကိုစိန်သိန်း-မမာလာမြင့်၊ မဆွေဆွေဝင်း၊ ကိုမောင်မောင်ဦး၊ ဒုရဲမှူးကြီး ဇော်လင်း-မအေးသီတာ၊ မဖြိုးဝင့်သူတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး၊ မြစ် ခုနစ်ယောက်တို့၏အဘိုး၊ (ဒေါ်ကျင်အေး)၏ခင်ပွန်း ဦးလှသောင် (သီတာစက္ကူစက်) သည် ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) ည ၁၁း၀၃ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၈(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အဒေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူး စိုင်းထက်တင်(ခ) မောင်မောင်စည်သူသိမ်း
### ကြည်း-၃၄၁၇၉၊ တေဇ (၂၈)၊ ယာယီတပ်ရင်းမှူး
## အသက် (၄၀)

သာယာဝတီမြို့နေ ဗိုလ်ကြီးကြင်သိမ်း(ငြိမ်း)-ဒေါ်စောတင်တို့၏ သား၊ သာယာဝတီမြို့နေ (ရဲမှူး စိုးမြင့်)-ဒေါ်နော်အေးထွန်းတို့၏ သားသမက်၊ ဦးတင်ကိုကိုဦး-ဒေါ်နော်စိုးသီတာထွန်း၊ ဦးမျိုးကျော်သူ-ဒေါ်တင်ချိုချိုလတ်၊ ဦးမျိုးမင်းသန့်-ဒေါ်တင်စုစုမြတ်တို့၏ ညီ၊ မောင်၊ မောင်ဝေယံထက်မြတ်၊ မောင်စွမ်းရည်ထက်တင်၊ မမွန်မြတ်ထက်တင်တို့၏ ဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေး၊ ဒေါ်နော်စိုးရတနာထွန်း၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဗိုလ်မှူးစိုင်းထက်တင်(ခ)မောင်မောင်စည်သူသိမ်းသည် ၂၄-၅-၂၀၁၈ ရက်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝန်ကြီးဌာန လေးခု၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် မေ ၂၅**

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် **ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**က ဝန်ကြီးဌာနအနေဖြင့် ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးဆက်သွယ် ဆက်စပ်ပေးသည့်တာဝန်ကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သတင်းအချက်အလက် ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းဟူသည့် လုပ်ငန်းတာဝန်သုံးခုကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုလုပ်ငန်းတာဝန်သုံးခုကို ဆောင်ရွက်ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်ကာ ဝန်ဆောင်မှု **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

# ကမ္ဘာ့အဆင့် အလှမယ်ပြိုင်ပွဲကြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည်




**ရန်ကုန် မေ ၂၅**

ထိုင်းနိုင်ငံအခြေစိုက်အဖွဲ့အစည်းက ဦးဆောင်၍ စစ်ပွဲနှင့်အကြမ်းဖက်မှုများ ရပ်တန့်စေရေးအတွက် “STOP THE WAR & VIOLENCE” ခေါင်းစဉ်ဖြင့် ကျင်းပသည့် Miss Grand International(MGI) 2018 ကမ္ဘာ့အဆင့် အလှမယ်ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

“အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့အတွက် အခြားအာရှတစ်နိုင်ငံနဲ့ ဆွေးနွေးထားပေမယ့် မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အလှအပတွေ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့စရိုက်တွေ ပြုပြင်ပြောင်းလဲဖို့ ဖော်ဆောင်နေတဲ့ အခြေအနေတွေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေမှုတွေကို ထင်ဟပ်ပြသနိုင်ဖို့ Hello Madam Media Group ရဲ့ **စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**

# တရုတ်နှင့် မြန်မာ ခြေစမ်းပွဲ ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၅**

တရုတ်ဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ တရုတ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို မေ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၅ မိနစ်တွင် ကျင်းပမည်ဖြစ်သည်။

ယခုခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် အန်တွမ်နီဟေးအတွက် ပထမဆုံးပွဲဖြစ်ပြီး ကစားသမားအပြောင်းအလဲ၊ အသင်းခေါင်းဆောင်အပြောင်းအလဲအပါအဝင် နည်းပြသစ်လက်ထက်တွင် မြန်မာအသင်း ဘယ်လိုပုံစံဖြင့် ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်အသင်းနှင့် ခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻**



# တိုင်းရင်းသားပေါင်းစုံနှင့် မိုင်းဖုန်းဆရာတော်၏ ငြိမ်းအေးရေးတရားပွဲများ

● သီပေါကိုလတ်

နိုင်ငံတော်က အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်နှင့် သဒ္ဓမ္မဇောတိကဓဇ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရသည် နှစ်စဉ် ဝါတွင်းကာလ၌ တောတောင်အတွင်းရှိ တရားလိုဏ်ဂူတော် တစ်ခုခုတွင် တစ်ပါးတည်း ဧကစာရီကျင့်သုံး၍ ဝါကပ်လေ့ရှိခဲ့သည်။

ဝါတွင်းလွတ်ကင်းသီတင်းကျွတ်ကာလ၌ လိုဏ်ဂူတော်မှထွက်ကြွ၍ နေရာဒေသအနှံ့ရှိ တိုင်းရင်းသားပေါင်းစုံတို့ထံ ကြွရောက်ကာ တရားဟောကြားတော်မူသည်။ ၂၀၁၈ ခုနှစ် မေလ ဒုတိယရက်သတ္တပတ်ကလည်း တောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒ(MA)နှင့်အတူ တန့်ယန်းမြို့နယ်မှ အမြင့်ပေပေါင်း ၈၇၇၇ ပေကျော်ရှိ လွယ်လိန်းတောင်ပေါ်၌ စေတီတော်တည်ထားကိုးကွယ်ရေးအတွက် ဆောင်ရွက်တော်မူခဲ့သည်။ ဒေသခံတိုင်းရင်းသားများကိုတွေ့ဆုံ၍ တရားဟောကြားပေးတော်မူခဲ့သည်။

ဆက်လက်၍ မိုင်းရယ်မြို့နယ်၊ လားရှိုးမြို့နယ်၊ မိုင်းယော်မြို့နယ်၊ သိန္နီမြို့နယ်များသို့ ကြွရောက်ပြီး ဒေသခံရဟန်းရှင်လူ တိုင်းရင်းသားပေါင်းစုံတို့ကို တရားဟောကြားတော်မူသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



# တိုင်းနိုင်း (ခေါ် ) တိုင်းလိုင်ရှမ်းလူမျိုးစုတို့၏အကြောင်း



● စိုင်းဇော်လတ်(လင်းခေး)

### နောက်ခံသမိုင်း

တိုင်းနိုင်း (ခေါ် ) တိုင်းလိုင်ကို မြန်မာဘာသာအားဖြင့် ရှမ်းကလေး၊ ရှမ်းဗမာ၊ ရှမ်းနီ သို့မဟုတ် မြန်မာဆန်သောရှမ်းတိုင်းရင်းသား လူမျိုးစုနွယ်ဟု ခေါ်ဆိုခဲ့ကြလေသည်။

တိုင်းနိုင်း (ခ) တိုင်းလိုင်ရှမ်းတိုင်းရင်းသား လူမျိုးစုသည် ယူနန်ကုန်းမြင့်ဒေသမှ စတင်ဆင်းသက်လာခဲ့ကြသော လူမျိုးများဖြစ်ကြောင်း ၎င်းတို့လူမျိုးစုအကြောင်း နောက်ခံသမိုင်းတွင် ဖော်ပြထားရှိသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ မြောက်ဘက်ဆုံးတွင် တည်ရှိသော ကချင်ပြည်နယ် တောတောင်ထူထပ်၊ သဘာဝရေမြေကောင်းမွန်သည့် ရတနာမြေ၌ ကချင် ခြောက်မျိုး၊ ရှမ်း ငါးမျိုးတို့ဖြင့် အေးအတူပူအမျှလက်တွဲ၍ အတူတကွ စုပေါင်းမှီတင်းနေထိုင်လျက်ရှိကြသော လူမျိုးစုတစ်စုဖြစ်သည်။

မြစ်ဝါမြစ်ဝှမ်းအရပ်မှ တဖြည်းဖြည်း ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ခြင်းအားဖြင့် ယူနန်ကုန်းမြင့်သို့ ရောက်ရှိလာခဲ့ကြသည်။

သမိုင်းကြောင်းတွင် မွန်ဂိုကုန်းမြင့် အရှေ့တောင်ဘက်ရှိ ရှမ်းလူမျိုးများအား တာတာတို့က တိုက်ခိုက်ခဲ့ကြပြီး အနောက်တောင်ဘက်ရှိ ရှမ်းတို့အား ဝမ်ချီစစ်သူကြီးက တိုက်ခိုက်ခဲ့သောကြောင့် တောင်ဘက်သို့ တဖြည်းဖြည်း ပြောင်းရွှေ့လာခဲ့ကြရာမှ အချို့ သံလွင်မြစ်ဝှမ်း ရှမ်းကုန်းမြင့်ဒေသ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနယ်အသီးသီးသို့ ပျံ့နှံ့သွားခဲ့ကြသည်။

တချို့မှာ ဟူးကောင်းတောင်ကြားမှ တစ်ဆင့် ချင်းတွင်းမြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းနှင့် မြန်မာပြည်အလယ်ပိုင်းဒေသများအထိ ပျံ့နှံ့ရောက်ရှိလာခဲ့ကြကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

### အများဆုံးနေထိုင်ရာဒေသနှင့် အခေါ်အဝေါ်

တိုင်းလိုင်ရှမ်းလူမျိုးစုတို့သည် ကချင်ပြည်နယ်၊ မြေပြန့်မြစ်ရိုး၊ သံလမ်းရိုး၊ ဗန်းမော်၊ မိုးမောက်၊ ရွှေကူ၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်မြို့နှင့် တနိုင်းဒေသတို့တွင် အများဆုံးနေထိုင်ကြသည်။ ယင်းအပြင် မြန်မာနိုင်ငံအောက်ပိုင်း မြေနိမ့်လွင်ပြင်ဒေသတို့၌လည်း တိုင်းလိုင်ရှမ်းလူမျိုးများ နေထိုင်လျက်ရှိကြသည့်အတွက် တစ်နည်းအားဖြင့် မြေနိမ့်လွင်ပြင်ရှမ်းဟု ခေါ်ဆိုသမုတ်ထားရှိကြောင်း မှတ်သားရသည်။

ရှမ်းဘာသာစကားအရ တိုင်းလိုင် (တိုင်းနိုင်း)၊ မြန်မာတို့က ရှမ်းကလေး၊ ရှမ်းဗမာ၊ ရှမ်းနီဟု ခေါ်ဆိုခဲ့ကြသည်။ မြန်မာဆန်သော ရှမ်းလူမျိုးဟု အဓိပ္ပာယ်တွင်သည်ဟု ဆိုသည်။ ရှမ်းဗမာဟုဆိုထားသော်ငြား ရှမ်းဗမာလူမျိုး(ကပြား)မဟုတ်သော ရှမ်းဗမာ၊ ဗမာလူမျိုးနှင့်အသွင်တူသည့် ရှမ်းဖြစ်ကြောင်း ဖော်ပြထားရှိသည်။

ရှေးအခါက တိုင်းလိုင်လူမျိုးတို့သည် စစ်တိုက်သောအခါ အင်္ကျီ၊ ဘောင်းဘီအနက်ရောင်အနားတွင် အနီရောင်ခါးစည်းကွပ်ဝတ်ဆင်ထားကြသဖြင့် ရှမ်းနီဟု ခေါ်ဆိုခဲ့ကြသည်။ စစ်တိုက်ရာတွင် ရဲရင့်သောကြောင့် တိုင်းလိုင်တို့အား သူရဲ၊ ဒရဲဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ပင်လည်ဘူးဒေသတွင် ညောင်ရွှေစော်ဘွားကြီးအား စစ်ကူတိုက်ပေးခဲ့ကြပြီး ၎င်းတို့အိမ်သို့မပြန်တော့သည့် တိုင်းလိုင်လူမျိုးအချို့တို့သည် တောနီတောင်၊ တောင်လေးလုံး အရပ်ဒေသတို့တွင်လည်း အခြေချနေထိုင်ခဲ့ကြကြောင်း သိရသည်။

တိုင်းလိုင်တို့၏ မြို့တော်(မြို့ဟောင်း) နှစ်မြို့ရှိခဲ့လေသည်။ မိုင်းမော့မြို့သည် တိုင်းလိုင်တို့၏ ပထမမြို့တော်ဖြစ်ပြီး ၎င်းတို့က ပျောက်ဆုံးနေသော တိုင်းလိုင်တို့၏ မိုင်းမော့မြို့ဟောင်းဟု ခေါ်ဆိုကြသည်။ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာနှင့် ၁၈ မိုင်အကွာ စန်းကား ( စကားဝါတော)ကျေးရွာအုပ်စု တာစန့်ကျေးရွာအနီးမှ မျက်မှောက်ကာလ ရှေးဟောင်းသုတေသနယဉ်ကျေးမှုဇုန် (ANCIENT SITE ZONE - AZ)မှာ တိုင်းလိုင်(ရှမ်းနီ)တို့၏ မြို့ဟောင်း မိုင်းမော့ဝိန်းစွမ်မြို့တော် တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဒုတိယမြို့တော်မှာ ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးအင်းတည်ရာ

အထူးကဏ္ဍ [ ခ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»»

မေ ၁၉ ရက်တွင် တောင်အလုံးသုံးဆယ်ဟု အမိပ္ပာယ်ရသော ကွတ်ခိုင်မြို့အနီးမှ လွိုင်ဆမ်ဆစ်တောင်ပေါ်သို့ ကြွရောက်၍ စေတီတော်တည်ထားကိုးကွယ်သွားနိုင်ရန်အတွက် စီမံပေးတော်မူခဲ့သည်။ ဆက်လက်၍ ကွတ်ခိုင်မြို့သို့ ကြွရောက်ပြီး လူမျိုးဘာသာမရွေး တိုင်းရင်းသားအားလုံး မေတ္တာတရားကို အခြေခံသော ငြိမ်းချမ်းမှုရရှိရန် တရားဟောကြားတော်မူခဲ့သည်။ ထိုရက်မတိုင်မီက ယင်းဒေသတစ်ဝိုက်၌ တိုက်ပွဲသံများထွက်ပေါ်ဖြစ်ပွားခဲ့ရာ နေရာပင်ဖြစ်၏။

> ဆရာတော်ကလည်း လူမျိုးဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ မေတ္တာတရားဖြင့် တစ်တန်းတည်းထား၍ ဆက်ဆံတော်မူခဲ့သည်။ အခြားဘာသာဝင်များနှင့် တွေ့ဆုံလျှင်လည်း တလေးတစားနှုတ်ဆက်သည်။ အယူဝါဒမတူသော်လည်း မေတ္တာတရားဖြင့် ပေါင်းစပ်ဆက်သွယ်ရကြောင်း လက်တွေ့ပြသတော်မူခဲ့သည်။

မိုင်းဖုန်းဆရာတော်သည် သိန်းနီမြို့နယ်အတွင်းရှိ ကျေးလက်ဒေသအချို့သို့လည်း ကြွရောက်၍ တရားဟောကြားတော်မူခဲ့သည်။ မေ ၂၁ ရက်တွင် လားရှိုးမြို့ရှိ တပ်မတော်မိသားစုများကိုလည်း တွေ့ဆုံ၍ တရားဟောကြားချီးမြှင့်ပေးတော်မူသည်။ ညနေပိုင်းတွင် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ နောင်မွန်ကျေးရွာသို့ ကြွရောက်ကာ တရားဟောကြားတော်မူသည်။

ဆက်လက်၍ သီပေါမြို့နယ် နောင်ကော်ကြီးကျေးရွာ ရတနာကန်တော်အနီးမှ တောင်ကုန်းပေါ်သို့ ကြွရောက်ပြီး ဖယောင်းတိုင်မီးအလင်းရောင်များဖြင့် ကြိုဆိုဖူးမြော်နေကြသည့် ရာပေါင်းများစွာသော ဒေသခံတိုင်းရင်းသားများအား ည ၁၂ နာရီ ၁၅ မိနစ်အထိ တရားဟောကြားပေးတော်မူသည်။ ၎င်းညပိုင်းတွင် ရတနာကန်တော်အတွင်း၌ တည်ဆောက်ထားသော စံကျောင်းတော်၌ ကျိန်းစက်ပြီး မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် စံကျောင်းတော်မှထွက်ကြွကာ ထပ်မံတရားဟောကြားပေးတော်မူခဲ့သည်။

နေ့လယ်ပိုင်းတွင် နမ့်လန်ဒေသရှိ ရှေးဟောင်းလွယ်မွမ်းစေတီတော်သို့ ကြွရောက်ကြည်ညိုပြီး ဒေသခံတိုင်းရင်းသားများကို တရားဟောကြားတော်မူသည်။ ထို့မှတစ်ဆင့် နမ့်လန် အလယ်ကျောင်း စာသင်တိုက်သို့ ကြွရောက်ပြီး အသင့်စောင့်ကြိုနေသည့် တိုင်းရင်းသားများနှင့် ပရိသတ်များကို တရားရေအေးတိုက်ကျွေးတော်မူခဲ့ပြန်သည်။

ညနေပိုင်းတွင် သီပေါ ဘော်ကြိုဆရာတော်၊ နမ့်လန်ဆရာတော်တို့နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ငြိမ်းချမ်းရေးနယ်မြေနှင့် ကျေးရွာအချို့သို့ ဆက်လက်ကြွရောက်ကာ တရားဟောကြားတော်မူသည်။ ဆက်လက်၍ မိုင်းရယ်မြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ်များသို့ပါ ကြွရောက်၍ ဒေသခံတိုင်းရင်းသားများကို တရားဟောကြားတော်မူခဲ့သည်။

မိုင်းဖုန်းဆရာတော်သည် တရားနာပရိသတ်နှင့် ဒေသခံတိုင်းရင်းသားများအား ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အခြေခံငါးပါးသီလစောင့်ထိန်းရေးနှင့် မေတ္တာတရားအခြေခံသော ငြိမ်းချမ်းရေးကို နှလုံးသားမှာ တည်ဆောက်ရေးတို့အတွက် အထူးဟောကြားတော်မူခဲ့သည်။

လူသားတို့တွင်စွဲကပ်နေသည့် လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ရောဂါဆိုးကြီးသုံးမျိုးကို ပျောက်ကင်းစေနိုင်ရေးအတွက်လည်း "လောဘရောဂါကို ဒါနဆေးနှင့် ကုသပါ၊ ဒေါသရောဂါကို သီလမေတ္တာဆေးနှင့် ကုသပါ၊ မောဟရောဂါကို ဘာဝနာဆေးနှင့် ကုသပါ"ဟု ဟောကြားညွှန်ပြပေးတော်မူခဲ့သည်။

ထို့အပြင် လွန်ကဲသောစွဲလမ်းတပ်မက်မှု၏ ဒုက္ခများမှ ကင်းဝေးစေနိုင်ရန်အတွက် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာတရားတို့၏ ကြောင်းကျိုးဆက်နွှယ်ချက်တို့ကိုလည်း ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် ဟောပြောတော်မူသည်။

တရားပွဲသိမ်းခါနီးတိုင်းတွင် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့သနည်းအရ အနန္တစကြဝဠာရှိ အနန္တသတ္တဝါတို့ကို ဦးဆောင်၍ မေတ္တာပို့သည်။

ပြီးလျှင် ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် ရေစက်သွန်းချ အမျှအတန်းပေးတော်မူသည်။ ထိုသို့ မိုင်းဖုန်းဆရာတော်ကြီး၏ မေတ္တာပို့ရေစက်ချအမျှပေးဝေမှုကို တရားနာပရိသတ်နှင့် ဒေသခံတိုင်းရင်းသားတို့က တစ်ခဲနက်သာဓုခေါ်ဆိုခဲ့ကြသည်။ ရှမ်းတောင်တန်းကြီးများထံ ပွဲတင်ထပ်ရောက်ရှိသွားခဲ့ရလေသည်။

မိုင်းဖုန်းဆရာတော် ကြွရောက်သည့်ဒေသများတွင် တိုင်းရင်းသားများက အထူးနှိုးဆော်ဖိတ်ကြားရလေ့မရှိဘဲ စည်ကားစွာ ကြိုဆိုလေ့ရှိကြသည်။ ဆရာတော်ကြွရောက်လာမည်ဟု သတင်းကြားသည်နှင့် တစ်ပြိုင်တည်း မမောနိုင်မပန်းနိုင် အသင့်ပြင်ဆင်ကြတော့သည်။ မည်သူမျှ တကူးတက ခိုင်းစေညွှန်ကြားရန်မလိုဘဲ စွမ်းရာဘက်က ပါဝင်ဆောင်ရွက်ကြခြင်းမှာ မိုင်းဖုန်းဆရာတော်၏ မေတ္တာတရားကြောင့်ဖြစ်မည်ဟုထင်ကြောင်း ဒေသခံ ကိုစိုင်းစိုင်းက ပြောပြသည်။ မိုင်းဖုန်းဆရာတော်အနေဖြင့် ကြွရောက်သည့်ဒေသများရှိ ဘုရားကျောင်းကန်ဇရပ်များ ပြုပြင်မွမ်းမံရန် လှူဒါန်းပေးခြင်း၊ ရဟန်းသာမဏေ၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများနှင့် ချို့တဲ့နွမ်းပါးသူများကို စွန့်ကြဲထောက်ပံ့ပေးခြင်းတို့ ပြုတော်မူခဲ့သည်။

မိုင်းဖုန်းဆရာတော်၏ တရားပွဲများသို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်၊ ရှမ်း၊ ပလောင်၊ ဗမာ၊ ကချင်၊ လီဆူ၊ ကိုးကန့်၊ ပအိုဝ်း စသည့် တိုင်းရင်းသားပေါင်းစုံလာရောက်၍ တရားနာယူခဲ့ကြသည်ကို တွေ့မြင်ရသည်။

မိုင်းဖုန်းဆရာတော်အား ဒေသခံတိုင်းရင်းသားများသာမက အခြားဘာသာဝင်များကလည်း လေးစားကြည်ညိုကြသည်။ ဆရာတော်ကလည်း လူမျိုးဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ မေတ္တာတရားဖြင့် တစ်တန်းတည်းထား၍ ဆက်ဆံတော်မူခဲ့သည်။ အခြားဘာသာဝင်များနှင့် တွေ့ဆုံလျှင်လည်း တလေးတစားနှုတ်ဆက်သည်။ အယူဝါဒမတူသော်လည်း မေတ္တာတရားဖြင့် ပေါင်းစပ်ဆက်သွယ်ရကြောင်း လက်တွေ့ပြသတော်မူခဲ့သည်။

ထို့ကြောင့် မိုင်းဖုန်းဆရာတော်ဆိုလျှင် လူမျိုးဘာသာမရွေး ချစ်ခင်လေးစားကြည်ညိုခဲ့ကြသည်။ အချို့ကဆိုလျှင် တိုင်းရင်းသားတို့၏ အသည်းနှလုံးဆရာတော်ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသေးသည်။ ဆရာတော်သည် နိုင်ငံရေးတရား၊ လူမျိုးခွဲခြားရေးတရားတို့ကို ဟောပြောခြင်းမရှိပါ။ လူသားတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား လေးပါးကို လက်ကိုင်ထား၍ ကျင့်သုံးသွားမည်ဆိုပါက ငြိမ်းအေးသောလူ့လောကကြီးဖြစ်ပေါ်လာစေနိုင်ကြောင်း ဟောပြောတော်မူလေ့ရှိသည်။

မိုင်းဖုန်းဆရာတော်၏ အာသီသဆန္ဒတော်အတိုင်း ဒေသခံတိုင်းရင်းသားများသာမက လောကတစ်ခုလုံးငြိမ်းအေးသာယာမှု ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

အထူးကဏ္ဍ [ က ] မှ »»»

(စည်ခမ်းကြီးမြို့) မင်းနေပြည်တော်ဖြစ်သည်။ စည်ခမ်းကြီးမြို့သည် သာသနာသက္ကရာဇ် ၂၅၆ ခုနှစ်မှ ဥတ္တရစောဖြူမင်း အုပ်ချုပ်ခဲ့အပြီး ၉၄ နှစ်အကြာ၌ နတ်နဂါးများ အင်းတည်ခဲ့ကြရာမှ အင်းတော်ကြီးအင်းအဖြစ် ပြောင်းလဲတည်ရှိလာခဲ့သော တိုင်းလိုင်တို့၏ ဒုတိယမြို့တော်ဖြစ်ကြောင်း တိုင်းလိုင်လူမျိုးစုတို့၏ သမိုင်းမှတ်တမ်းများအရ လေ့လာသိရသည်။



**တိုင်းလိုင်တို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ**

တိုင်းလိုင်တို့သည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်ကြသည်။ သာသနာဘာသာရေး ရိုသေကိုင်းရှိုင်းမှုအားကြီးသော လူမျိုးများဖြစ်ကြသည်။ ဘိုးဘွားစဉ်ဆက်အမွေဓလေ့ထုံးတမ်းများကို မြတ်နိုးအလေးထားကြသူများ ဖြစ်သည်။ အိမ်ဆောက်၊ အိမ်သစ်တက်၊ မင်္ဂလာဆောင်၊ ခေါင်းလျှော်ခြင်းအမှုများအား ရက်ကောင်းရာဇာများ ရွေးချယ်သတ်မှတ်ကြသည်။

ထူးခြားသည့်ရိုးရာဓလေ့မှာ တိုင်းလိုင်တို့သည် အင်္ဂါ၊ စနေ၊ တနင်္ဂနွေနေ့များကို ရွေးချယ်၍ အိုးစည်တီး ခေါင်းလျှော်လေ့ရှိကြသည်။ နာမကျန်းလူနာများအား အင်္ဂါ၊ ကြာသပတေး၊ တနင်္ဂနွေနေ့၌ ရေချိုးပေးကြသည်။ အောင်စံဖြိုး ရေချိုးခြင်းဟုဆိုသည်။ အိမ်ထောင်ဖက်များ ရွေးချယ်ရာတွင် ဦးသာစိန်ပန်း ဒန်းလှရာသည်ဟု ခေါ်ကြသည်ဟု ယုံကြည်ထားခဲ့ကြသည်။

ခရီးသွားရာတွင် လဆန်း ၉ ရက် လူကိုးဦးမသွားကောင်း၊ လူကိုးဦးဖြစ်ပါက ကျောက်ခဲတစ်လုံးထည့်ကာ "မောင်ကျောက်ခဲလိုက်ခဲ့"ဟု အဆိုကျင့်သုံးလေ့ရှိကြသည်။ လဆန်း ၉ ရက်တွင် လယ်မထွန်ကောင်း၊ မောင်းမထောင်းကောင်း၊ ငုတ်မစိုက်ကောင်း စသည်ဖြင့် အထူးဂရုပြုကြကြောင်း၊ ကျားဖြူရှင် (ကိုးမြို့ရှင်)အား ယုံကြည်ကြဆဲပင်ဖြစ်ကြောင်း သိရသည်။

ရိုးရာပွဲများအဖြစ် ကထိန်ပွဲ၊ ရှင်ပြုပွဲ၊ တိုင်းလိုင်ရိုးရာသင်္ကြန်ပွဲ၊ တိုင်းလိုင်ရှမ်းနှစ်သစ်ကူးပွဲ၊ ရိုးရာမင်္ဂလာဆောင်ပွဲ၊ တိုင်းလိုင်ရိုးရာ နတ်ကြီးတက်ပွဲ၊ တိုင်းလိုင်မျိုးနွယ်တို့၏ သိင်္ဂြိုဟ်ခြင်းအခမ်းအနားတို့ကို ဆင်ယင်ကျင်းပလေ့ရှိကြသည်။

ထူးခြားသောရိုးရာပွဲတော်များမှာ တိုင်းလိုင်တို့ရိုးရာ ရှင်ပြုပွဲအခမ်းအနားရက်မတိုင်မီ ရိုးရာအစားအစာ ထန်းလျက်ပေါက်ပေါက်ဆုပ်ပြုလုပ်ပြီး ပွဲတော်နေ့ အလှူပွဲလာသူများအား အလှူရှင်များက ပေါက်ပေါက်ဆုပ်လက်ဆောင်ပြန်လည်ပေးခြင်း၊ တိုင်းလိုင်ပျိုမေများက ပွဲမတိုင်မီ ညအခါ မောင်းထောင်းတေးတိုင်၍ သီဆိုဆန်ဖွပ်ခြင်းနှင့် မည်သည့်ရှမ်းလူမျိုးနွယ်တို့မှမရှိသော ကော်ပတန့်လမ်းပြဗုံပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်နေ့တွင် ကျင်းပလေ့ရှိသော တိုင်းလိုင်တို့၏ ထင်ရှားသော ရိုးရာပွဲတော်များဖြစ်ကြောင်း လေ့လာသိရှိနိုင်သည်။

**ရိုးရာဝတ်စားဆင်ယင်မှုနှင့် ရိုးရာနေအိမ်**

တိုင်းလိုင်အမျိုးသားများသည် ပုဆိုးဝတ်ကြသည်။ အမျိုးသမီးတို့က ရှေးက ကန့်လန့်စင်း ဘဲ့ဖုံးလုံချည်၊ ရင်ဖုံးနှစ်ထပ်( ဘေးထောင့်အနည်းငယ်ခွဲ)အင်္ကျီကို ဝတ်ဆင်ကြသည်။ ရှေးအမျိုးသားတို့သည် ပုဆိုးတောင်ရှည်အကွက်ကျဲ၊ ရင်ဖုံးတိုက်ပုံအင်္ကျီ၊ သျှောင်ထုံးထုံး၊ ခေါင်းပေါင်းမိတ်ရှည်(ပိတ်စရှည် )ကို ပေါင်း၍ ဝတ်ဆင်ခဲ့ကြသည်။

တိုင်းလိုင်ရှမ်းလူမျိုးတို့၏ နေအိမ်သည် အများအားဖြင့် ခြေတံရှည်အိမ်ဖြစ်သည်။ ခြေတံရှည်အိမ်အောက်တွင် နွားချည်ခြင်း၊ စပါးထောင်းရန် မောင်းဆင်ခြင်း၊ မျိုးစေ့များလှောင်ရန် စပါးပုတ်၊ မျိုးစေ့ပုတ်၊ ကောက်ညှင်းပုတ်များထားရှိရန်ဖြစ်ကြောင်း၊ တိုင်းလိုင်တို့၏ နေအိမ်အား သုံးခန်း၊ ငါးခန်း နှစ်ဆောင်ပြိုင်အိမ် ဆောက်လုပ်နေထိုင်လေ့ရှိကြကြောင်း၊ အချို့အိမ်သည် ဧည့်ခန်းတွင် မီးဖိုထားရှိကြကြောင်း၊ မီးဖိုချောင်ဘက်၌ အိမ်ကပြင်ထားရှိကာ ထမင်းဟင်းချက်ပြုတ်ရန်၊ ဆွမ်းချက် ရေအိုး၊ ရေမှုတ်တို့ကို သီးသန့်စီထားရှိကြသည်ကို မြင်တွေ့နိုင်သည်။

တိုင်းလိုင်တို့၏ ထူးခြားသည့်နေအိမ်များအဖြစ် အချို့သည် အိမ်အစွန် တစ်ဖက်တစ်ချက်စီ အစွန်းထုတ်ထားလေ့ရှိကြသည်။ ၎င်းအစွန်းနေရာများတွင် လယ်ယာလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် ပီလောလျှော်တို့ကို ထားရှိလေ့ရှိကြသည်။ မီးဖိုဘက်တွင် ရေသွန်ချောင်ဟုခေါ်သော အိမ်ကပြင်ပါရှိသော နေအိမ်များဖြင့် တိုင်းလိုင်ရှမ်းတိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်ပတ်သက်၍ စာဖတ်ပရိသတ်များ မျှဝေခံစားလေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

အချုပ်အားဖြင့် ၂၀၁၈ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပပြီးစီးခဲ့သော ပထမအကြိမ် ရှမ်းတိုင်းရင်းသားလူမျိုးစုတို့၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်သို့ စာရေးသူသွားရောက်လေ့လာခဲ့သည်များမှ တိုင်းလိုင် (ခေါ်) တိုင်းနိုင်၊ မြန်မာအခေါ် ရှမ်းကလေး၊ ရှမ်းဗမာ၊ ရှမ်းနီသို့မဟုတ် မြန်မာဆန်သောရှမ်းလူမျိုးတို့အကြောင်း တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ခါကာဘိုရာဇီတောင်ခြေမှ တိဗက်ကျေးရွာများ

● မောင်ဖုန်းပြည့်(တက္ကသိုလ်)

### တိဗက်တို့မြေ

တိဗက်ဒေသဟုဆိုလျှင် ဂမ္ဘီရဆန်သော မဟာယာနဗုဒ္ဓဘာသာထွန်းကားရာ နယ်မြေအဖြစ် မြန်မာအများက နားလည်ကြပါသည်။ “လာဆာ”ဟူသော ကမ္ဘာ့ခေါင်မိုး တိဗက်မြို့တော်မှ တိဗက်ရဟန်းမင်းကြီးစိုးစံခဲ့ရာ ပိုတလာနန်းတော်ကြီး၏ ဓာတ်ပုံကိုလည်း မြင်ဖူးကြပါသည်။ တိဗက်ဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဘက် ထိပ်တည့်တည့်တွင်ရှိပြီး မြန်မာနိုင်ငံထဲတွင် မြန်မာနိုင်ငံသား တိဗက်လူမျိုးများနေထိုင်သည့် တိဗက်တွင် ကျေးရွာများရှိသည်ကိုတော့ သိသူနည်းကြပါသည်။

မြန်မာနိုင်ငံ၏မြောက်ဖျား ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်ဒင်မြို့နယ်ခွဲရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးထဲတွင် မေခမြစ်ဖြစ်လာမည့် ကဆန်ခချောင်းဘေး ဝဲ၊ ယာ၌ ရဝမ်တိုင်းရင်းသားများနေထိုင်သော ကျေးရွာများရှိသည်။ ယင်းရဝမ်ရွာများကို ကျော်လွန်သွားပြီးနောက် ကဆန်ခချောင်းဖြစ်လာမည့် စိန်ခူးဝမ်ချောင်းနှင့် အဒွန်ဝမ်ချောင်းတို့ဆုံရာ တဖုန်ဒမ်းရွာ(ရဝမ်ရွာ)သို့ ရောက်မည်။ တဖုန်ဒမ်းမှ အနောက်မြောက်ဘက် စိန်ခူးဝမ်ချောင်းအတိုင်း ဆက်သွားလျှင် တအွန်ဒမ်းရွာ၊ ဂူဘားရွာနှင့် မဒိန်းရွာဟူသော တိဗက်ရွာသို့ ရောက်မည်။ တဖုန်ဒမ်းမှ မြောက်ယွန်းယွန်း အဒွန်ဝမ်ချောင်းကြောအတိုင်းသွားလျှင် တဆူထုရွာ၊ တလားထုရွာ၊ လေးအိမ်တန်းရွာ၊ ခရောင်းရွာဟူသော တိဗက်ရွာသို့ ရောက်သွားမည်ဖြစ်သည်။

### မြန်မာ့မြောက်ဖျားမှ နောက်ဆုံးလူနေရွာ

တဟွန်ဒမ်းရွာသည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးရှိ နောက်ဆုံးလူနေရွာဖြစ်သည်။ ခါကာဘိုရာဇီရေခဲတောင်ထိပ်ကြီး၏ အခြံအရံ ရေခဲတောင်များ ပတ်လည်ဝိုင်းလျက် ပေ ၆၀၀၀ အမြင့်တွင်တည်ထားသော မြန်မာနိုင်ငံသား တိဗက်တို့၏ ရွာဖြစ်သည်။ ရေခဲတောင်များမှ မြစ်ဖျားခံလာသော အဒွန်ဝမ်ချောင်းဘေးမှ သာယာအေးမြလှသော ရွာဖြစ်ပါသည်။ အအေးပိုသော ဆောင်းနှစ်များတွင် ရေခဲပြင်ဖွေးဖွေးဖြင့် ရှုမောစရာလည်း ဖြစ်ပါသည်။ တောင်ကြားချိုင့်ဝှမ်းရှိ မြေပြန့်တွင် ဂျုံခင်း၊ ပြောင်းခင်း၊ လူးခင်း၊ ဆပ်ခင်း၊ မုန်ညင်းခင်းတို့အလယ်တွင် သစ်လုံးအိမ်ကိုယ်စီဖြင့် အိမ်ခြေ ၁၃ လုံးနှင့် ကျယ်ဝန်းသော တောင်ယာကွက် ၁၃ ကွက်၊ လူဦးရေ ၁၈၀ နီးပါး နေထိုင်လျက်ရှိသည်။ ရွာအဝင်တံတားထိပ် ရွာအလယ်သစ်ပင်များနှင့် ရွာဦးတိလောကမုန်ကူစေတီတော် ပတ်ဝန်းကျင်၊ အိမ်တိုင်းရှိ ဘုရားဆောင်ဝန်းကျင်တို့တွင် တိဗက်ဘုရားရှိခိုးရောင်စုံအလံ (Prayer Flags)များ တလူလူလွှင့်ထူထားသော ရွာဖြစ်သည်။ ခါကာဘိုရာဇီတောင်ခြေနှင့် ၃၇ မိုင်ကွာဝေးသည့်အတွက် တောင်တက်သမားနှင့် ရုက္ခဗေဒ၊ သတ္တဗေဒသုတေသီတို့ အခြေခံစခန်းအဖြစ် စခန်းချသည့်ရွာလည်းဖြစ်သည်။

### ရောက်လာသောမြေ

ဤနေရာတွင် မြန်မာ့မြောက်ဖျားဒေသတစ်ခုလုံး မြန်မာနယ်နိမိတ်အတွင်းသို့ ရောက်လာပုံကို အကျဉ်းမျှတင်ပြလိုပါသည်။ ဗြိတိသျှတို့ ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်ပြည်လုံးကို အပြီးအပိုင် သိမ်းပိုက်လိုက်သော်လည်း ပူတာအိုခရိုင် မြောက်ပိုင်းဒေသများသည် မည်သူ့အုပ်ချုပ်မှုအောက်တွင်မျှ မရှိသေးသည့် တောရိုင်းဒေသကြီး No Man's Land ဖြစ်ခဲ့သည်။ မြန်မာ့ရွှေနန်းတော်နန်းတွင်း ပုရပိုက်များတွင် ပူတာအိုတစ်ဝိုက်ရှိ ခနီးလောင်း (ခနီးလုံး) ရှမ်းစော်ဘွားတို့ နယ်မြေသည် မြန်မာဘုရင်ပိုင်နက်အဖြစ် ဖော်ပြထားသော်လည်း နယ်နိမိတ်မျဉ်း တိတိကျကျ သတ်မှတ်ထားခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ယခု တိဗက်ရွာများရှိရာနေရာ မြန်မာ့မြောက်ဖျားပိုင်းသည် မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရလက်အောက်တွင်မျှ မရှိသေးသည့်ဒေသဖြစ်သည်။

ဤအတောအတွင်း (၂၀ ရာစု အစောပိုင်းအတွင်း)က ကမ္ဘာကျော် ရုက္ခဗေဒသုတေသီ ကင်းဒမ်းဝါ့ဒ်(Kingdom Ward)သည် မြန်မာ့မြောက်ဖျားဒေသများသို့ လှည့်လည်သုတေသနပြုခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ကင်းဒမ်းဝါ့ဒ်သည် ဧရာဝတီမြစ်ဖျားဒေသသို့ ရောက်သွားသောအခါ တရုတ်နိုင်ငံမှ ဝင်ရောက်စူးစမ်းလေ့လာနေကြောင်း တွေ့ရှိရသဖြင့် ဗြိတိသျှအစိုးရထံ သတင်းပို့လိုက်သည်။

ထို့ကြောင့် ဗြိတိသျှအစိုးရသည် မြေတိုင်းအဖွဲ့အပါအဝင်ဖြစ်သော စစ်တံခွန်အဖွဲ့ကို စေလွှတ်ပြီး ပူတာအိုမြောက်ဘက် (ယခု ပူတာအိုခရိုင်) ဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးလေ့လာသည်။ ၁၉၁၄ ခုနှစ်တွင် ပူတာအိုနယ်ခြားခရိုင်ဖွင့်၍ အုပ်ချုပ်ရေးကို အခိုင်အမာ စတင်ဆောင်ရွက်ပြီး ဧရာဝတီမြစ်ဖျားပိုင်း မြစ်လက်တက်၊ ချောင်းလက်တက်အားလုံးပါဝင်သည့် ရေဝေရေလဲ ရေခဲတောင်ထိပ်များကို မြန်မာပြည်အတွင်းထည့်သွင်းလျက် မြန်မာပြည်မြောက်ဖျား နယ်နိမိတ်မျဉ်းများကို ရေးဆွဲအတည်ပြုခဲ့သည်။

ဤနယ်နိမိတ်များကို မတ်မဟွန်းလိုင်းဟုခေါ်တွင်ပြီး ၁၉၁၄ ခုနှစ်တွင်ပင် ဗြိတိသျှအစိုးရနှင့် တိဗက်အစိုးရတို့ နယ်နိမိတ်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ (ထိုစဉ်က တိဗက်သည် ရဟန်းမင်းကြီး ဒလိုင်းလားမားအုပ်ချုပ်သည့် သီးခြားလွတ်လပ်သော နိုင်ငံဖြစ်ပါသည်။ ၁၉၅၉ ခုနှစ်တွင် တရုတ်တပ်နီများ ဝင်ရောက်သိမ်းပိုက်လိုက်ပြီးမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်နယ်ဖြစ်သွားခြင်းဖြစ်သည်)

ထိုသို့ နယ်နိမိတ်မျဉ်း ရေးဆွဲလိုက်ခြင်းကြောင့် ခါကာဘိုရာဇီ၊ ဂမ်လန်ရာဇီ အပါအဝင် အရှေ့တောင်အာရှ၏ အမြင့်ဆုံးရေခဲတောင်များတည်ရှိရာ မြန်မာ့မြောက်ဖျားဒေသသည် မြန်မာ့ပိုင်နက်အတွင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သလို ဧရာဝတီမြစ် မြစ်မဟာကြီးကိုလည်း မြစ်အစမှ ပင်လယ်ဝအထိ မြန်မာတို့ လုံးလုံးလျားလျား ပိုင်စိုးခွင့်ရလိုက်ခြင်းလည်း ဖြစ်ပါသည်။

### ဝင်လာသောတိဗက်များ

ခရစ်နှစ် ၁၈၉၂ ခုနှစ်ခန့်တွင် တိဗက်-မြန်မာနယ်စပ်အနီးမှ မိသားစုတစ်စု မြန်မာ့မြောက်ဖျားဒေသသို့ စတင်ရွှေ့ပြောင်းလာခဲ့သည်။ ဂွန်ဘို (Gunbo)ခေါ် အဘွားအိုတစ်ဦးနှင့် သားများဖြစ်ကြသော ဒေါ်ဂျီ (Dawgyi) နှင့် စွမ်ချီ (Sumchi) တို့ပါဝင်ပြီး ယခုနယ်နိမိတ်ကျောက်တိုင် ၄၄ အနီးမှ ဝင်ရောက်လာခဲ့ကြသည်။ ယင်းတိဗက်မိသားစုတို့သည် ရဝမ်တိုင်းရင်းသားမျိုးနွယ်ခွဲ ထလု (ThaLa) တို့နေထိုင်ရာ အဒွန်ဝမ်ချောင်း၏ မြောက်ဘက်တွင် တဟွန်ဒမ်းရွာကို တည်ထောင်ခဲ့ကြသည်။

၁၉၀၄ ခုနှစ်ခန့်တွင် စာဂျေစာရီ (Sajay Sari) နှင့် ဟဲလု (He' Lu) ဟူသော တိဗက်အမျိုးသား နှစ်ဦးသည် စိန်ခူးဝမ်မြစ်ဖျားပိုင်း တရူးလခါးတောင်ကြားမှလည်းကောင်း၊ နှစ်အနည်းငယ်အကြာတွင် တိဗက်ဒေသ ဂူဘားနယ်မှ ပဲမဆောင်းကြီးဆိုသူ ခေါင်းဆောင်သော တိဗက်လူမျိုးအုပ်စုကြီးသည် လား၊ သိုး၊ နွား စသော တိရစ္ဆာန်များကိုပါ မောင်းယူလာလျက် အထက်ပါတောင်ကြားမှ လည်းကောင်း ရေခဲတောင်ကြီးများကို ကျော်ဖြတ်၍ ဝင်ရောက်လာခဲ့ကြသည်။ မူလကနေရာအမျိုးမျိုးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး မိမိတို့နေရင်းဒေသ ဂူဘားနယ်နှင့်ဆင်တူသည့် နေရာတွင် အခြေချလိုက်ကြပြီး ရွာကိုလည်း ဂူဘားရွာဟု အမည်တပ်ခဲ့ကြသည်။

### ယခု မြန်မာတိဗက်များ

ယခင်က မြန်မာပြည်တွင်းသို့ ရောက်ရှိနေသော တိဗက်များကို တိုင်းရင်းသားအဖြစ် အသိအမှတ်မပြုခဲ့။ ထို့ကြောင့် လွတ်လပ်ရေးခေတ်ဦးအထိ တိဗက်ရွာများမှ တိဗက်များ ပူတာအိုသို့လာလျှင် ခုနစ်ရက်ထက် ပိုနေခွင့်မရှိ။ ပိုနေလိုလျှင် သက်တမ်းတိုးလျှောက်ရသည်။

နောင်တွင် တိဗက်ရွာသားများကို မှတ်ပုံတင်များထုတ်ပေးသောအခါ တိုင်းရင်းသားဖြစ်စေရန်သဘောဖြင့် (ရဝမ်မျိုးနွယ်ခွဲ) ထလုတိုင်းရင်းသားအနေဖြင့် ထုတ်ပေးခဲ့သည်။ ယခုမူ မြန်မာတိဗက်ဟု အသိအမှတ်ပြုထားပြီဟု သိရပါသည်။ စင်စစ် ယခု မြန်မာတိဗက်တို့သည် မျိုးဆက် ငါးဆက်မျှ ဤမြေ ဤဒေသတွင် နေခဲ့ပြီးဖြစ်၍ မိမိတို့ကိုယ်မိမိတို့ မြန်မာနိုင်ငံသားဟု အသွေးထဲအသားထဲက ခံယူထားကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသား တိဗက်တို့အနေဖြင့် ရဝမ်မျိုးနွယ်ခွဲ ထလုဟူသော အမည်ထက် တိဗက်-မြန်မာဟူသော နာမည်ကို ပိုမိုခုံမင်လိုလားကြပါသည်။

နိုင်ငံသားမှတ်ပုံတင်တွင် တိဗက်-မြန်မာဟု အသိအမှတ်ပြုခံချင်ကြပါသည်။ ဖဆပလအစိုးရခေတ် ၁၉၅၆ ခုနှစ်ခန့်က နယ်မြေများဝင်လာပါသည်ဟုဆိုပြီး တရုတ်တပ်များတစ်နှစ်ခန့်တပ်စွဲခဲ့သည့် ဒေသတချို့မှာ တဟွန်ဒမ်းရွာ၏မြောက်ဘက် ဝမ်စီဝမ်တောအနီးအထိသို့ပင် ရောက်ရှိခဲ့သဖြင့် ထိုဖြစ်ရပ်မျိုး ထပ်ဖြစ်လာမည်ကို မြန်မာနိုင်ငံသားတို့အနေဖြင့် စိုးရိမ်ခဲ့ကြရသည်။ မကြာမီတွင် UNESCO အဖွဲ့က ခါကာဘိုရာဇီဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းရန် စီစဉ်နေပြီဖြစ်သည်။ ရွာများကို ခါကာဘိုရာဇီဥယျာဉ်ကြီးအတွင်းတွင် စနစ်တကျစီစဉ်ပေးရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးရေးစီမံချက်များကိုတော့ ရွာသူ ရွာသားများ လိုက်နာရမည်ဖြစ်သည်။

### တိဗက်တို့၏ လူနေမှုဘဝနှင့် ဓလေ့ထုံးစံ

မြန်မာ့တိဗက်တို့သည် အလုပ်ကြိုးစား၍ ဂျုံ၊ ပြောင်း၊ လူး၊ ဆပ်၊ အာလူး၊ ဟင်းသီးဟင်းရွက်တို့ကို စနစ်တကျစိုက်ပျိုးကြသည်။ အခြားရွာများရှိ ဂျုံခင်းများမှာ နှစ်ပေ၊ သုံးပေခန့်ရှိသည့်အချိန်တွင် တိဗက်တို့၏ ဂျုံခင်းများမှာ လူတစ်ရပ်လောက်မြင့်၍ သန်မာလှသည်ကို တွေ့ရသည်။ တိဗက်တို့သည် နွား၊ သိုးစသည်တို့ကို မွေးမြူ၍ ထောပတ်၊ ဒိန်ခဲ၊ နို့ခဲများပြုလုပ်စားသုံးကြသည်။

တစ်ချိန်က စာမရိခေါ် Yark အမွေးရှည်နွားများကို မွေးမြူခဲ့ကြဖူးသည်။ အေးမြ၍ လေကောင်းလေသန့်ရသော ဒေသတွင် နေထိုင်ခြင်း၊ အလုပ်နှင့်လက်မပြတ်လုပ်ကိုင်ခြင်း၊ ဂျုံနှင့် နို့၊ ပြောင်း၊ ထောပတ်၊ ဒိန်ခဲနှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၊ တိဗက်ထောပတ်နှင့် နို့ပါဝင်သော တိဗက်လက်ဖက်ရည် (လက်ချားခရော့)ကို မပြတ်သောက်သုံးခြင်းတို့ကြောင့် ကျား၊ မ မရွေး တိဗက်တိုင်းသည် အရပ်အမောင်းကောင်း၍ သန်မာထွားကျိုင်းကြသည်။ သာမန်အထမ်းဝန်ထမ်းများ သယ်ပိုးနိုင်သည့် အလေးချိန်ထက် နှစ်ဆအထိ ထမ်းပိုးသွားလာနိုင်ကြသည်။ ရုပ်ရည်လည်း ဖြူစင်တင့်တယ်ကြသည်။

တိဗက်တို့သည် ကလေးလူကြီးမရွေး၊ အပြုံးပန်း အမြဲဆင်မြန်းထားကြပြီး သူတို့ဒေသသို့ ခက်ခက်ခဲခဲ ရောက်လာတတ်သော ဧည့်သည်များအပေါ် တာဝန်ကျေကြသည်။ မရှိ ရှိတာကို ကျွေးမွေးချင်တတ်ကြသည်။ မဟာယာနဗုဒ္ဓဘာသာဝင်များဟု ဆိုသော်လည်း ယခု ထေရဝါဒဗုဒ္ဓသာသနာတော်ကိုပါ လေးလေးမြတ်မြတ် ယုံကြည်ကိုးကွယ်လျက်ရှိကြပါသည်။ တိဗက်တို့သည် ဘာသာစကားအုပ်စုအရ မြန်မာနှင့် အနီးစပ်ဆုံးဖြစ်ပြီး တိဗက်ရော မြန်မာပါ ဗုဒ္ဓဘာသာကိုအမှီပြု၍၊ အိန္ဒိယအက္ခရာတို့ကို အမှီပြု၍ စာပေတီထွင်နိုင်ခဲ့ခြင်းကြောင့် ယဉ်ကျေးမှုအရာ၌ ရှေ့တန်းရောက်ခဲ့သည်ဟု ပညာရှင်တို့ ဆိုမိန့်ကြပါသည်။

ပူတာအိုမြောက်ဘက်ရှိ ကျေးရွာအားလုံးနီးပါးသည် ခရစ်ယာန်ကျေးရွာများဖြစ်၍ မြန်မာ့မြောက်ဖျားမှ တဟွန်ဒမ်း၊ တအွန်ဒမ်း၊ ဂူဘားနှင့် မဒိန်းရွာများတွင်သာလျှင် ဗုဒ္ဓဘာသာရွာများရှိတော့သဖြင့် ဤရွာများသည် မြန်မာ့မြောက်ဖျားမှ ဗုဒ္ဓဘာသာခံတပ်ရွာများဖြစ်သည်ဟု တင်စားခေါ်ဆိုနိုင်ပါသည်။ ယခုဘာသာခြား သာသနာပြုတို့ အလွယ်တကူ ထိုးဖောက်၍မရသေးသော ကျေးရွာများလည်း ဖြစ်ကြသည်။

တိဗက်ရွာ လေးရွာအနက် တဟွန်ဒမ်းရွာတွင်သာ စေတီတော်ရှိပြီး ကျန်သုံးရွာတွင် မရှိသေး။ ထို့ကြောင့် ထိုရွာသားတို့သည် စေတီတော်တစ်ဆူစီ တည်ထားလိုသော ဆန္ဒရှိနေကြသည်။ ၂၀၁၅ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း တက္ကသိုလ်ခြေလျင်တောင်တက်အသင်းနှင့် သဘာဝခေါ်သံတောင်တက်အဖွဲ့တို့က လူမှုရေး၊ ကျန်းမာရေးအထောက်ကူပြုခရီးစဉ်တွင် တိဗက်ရွာများသို့ရောက်ခိုက် အထက်ပါကိစ္စကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် ရွာသုံးရွာတွင် စေတီတစ်ဆူစီ တည်ထားပေးခဲ့ပါသည်။ ဝေးလံခေါင်ဖျားသောဒေသသို့ အခက်အခဲအမျိုးမျိုး ရင်ဆိုင်၍ ဘုရားတည်နိုင်ခဲ့ခြင်းကြောင့် တိဗက်ဗုဒ္ဓဘာသာဝင်တို့မှာ အထူးဝမ်းမြောက်ကြည်နူးခဲ့ကြသည်။

တဟွန်ဒမ်း၊ တအွန်ဒမ်း၊ ဂူဘား၊ မဒိန်း၊ လေးအိမ်တန်းရွာများသည် ဗုဒ္ဓဘာသာဝင် တိဗက်တို့၏ ရိုးရာယုံကြည်မှုအတိုင်း ဘုရားရှိခိုးတံခွန်အလံများကို မြောက်ပြန်လေနှင့်အတူ တလွင့်လွင့်လွှင့်ထူလျက် မြန်မာ့မြောက်ဖျားဒေသတွင် ငြိမ်းချမ်းသာယာစွာ ရပ်တည်လျက်ရှိကြပေပြီ။

မြန်မာနိုင်ငံသားလည်းဖြစ်၍ မြန်မာတို့နှင့် ဘာသာစကားအရ တစ်မျိုးနွယ်တည်းဖြစ်သော တိဗက်တို့၏ ချစ်စရာ၊ ခင်မင်စရာ၊ မြတ်နိုးစရာ၊ ရိုးရာဓလေ့ထုံးစံတို့သည် ခါကာဘိုရာဇီ တောင်ကြီးနှင့်အတူ ထာဝရခိုင်မာစွာ တည်တံ့နိုင်ပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။ ။



***စာကိုး*** - *ဘာသာလောကကျမ်း (ဦးဖေမောင်တင်)၊ ခါကာဘိုခရီးသည် (ယိမ်းနွဲ့ပါး)၊ ၂၀၁၂၊ ၂၀၁၅၊ ၂၀၁၆ ခါကာဘိုဒေသခရီးကြမ်းအတွင်း ဒေသခံတို့နှင့် ဆွေးနွေးမေးမြန်းချက်များ*

# ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအက သင်တန်းဆင်းပွဲ ကျင်းပ



**ရွှေကျင် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်းအကသင်တန်းဆင်းပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ရှမ်းကြေးရပ်ကွက် မူကြိုကျောင်းခန်းမ၌ ကျင်းပသည်။

ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်းအကသင်တန်းကို မြို့နယ်အတွင်းရှိ ကရင်လူငယ်မောင်မယ် ၃၆ ဦးအား ပဲခူးမြို့မှ ကရင်ဒုံးယိမ်းဆရာ ဆရာမများဖြင့် ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၂၂ ရက်အထိ သင်ကြားပေးခဲ့သည်။ ရွှေကျင်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောဆန်နီက ကရင်ရိုးရာအမွေအနှစ်များ မပျောက်ပျက်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်အား ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ကလေးငယ်များအား သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကရင်တိုင်းရင်းသားရိုးရာဒုံးယိမ်းအကသင်တန်းဆင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်ဆေး၊ ပဲခူးတိုင်းဒေသကြီး ကရင် စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ ရွှေကျင်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ နှင့် ဒေသခံကရင်လူမျိုးများ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## သခွတ်ပွင့်ကြော်



သခွတ်ပွင့်ကို အများအားဖြင့် ပြုတ်ပြီး ငါးပိရည်နဲ့ အတို့အမြှုပ်အဖြစ် အစားများကြပါတယ်။ တချို့ကတော့ သခွတ်ပွင့်ကို ရေနွေးဖြော ပါးပါးလှီးပြီး ဆီကျက်လောင်းကာ နှမ်းလှော်၊ မြေပဲလေးစိတ်ကွဲထောင်းတို့နဲ့ သုပ်စားကြပါသေးတယ်။ စာရေးသူတို့အမေကတော့ သခွတ်ပွင့်ဆိုရင် အခြောက်လှန်းပြီး ပြန်ကြော်စားရတဲ့အရသာကို ပိုကြိုက်တယ်လို့ ဆိုပါတယ်။

အဖြူရောင်သခွတ်ပန်းတွေက မိုးဦးလေဦးကျအချိန်တွေမှာ လှိုင်လှိုင်ပွင့်တတ်တာပါ။ မိမိတို့ငယ်စဉ်က မိုးဦးကျအချိန် လျှပ်စီးတွေလက် မိုးတွေခြိမ်းလာပြီဆိုရင် ကောင်းကင်မှာ သိကြားမင်းနဲ့ အသူရာနတ်တွေ စစ်ဖြစ်နေတဲ့အသံတွေလို့ လူကြီးသူမများက ပုံပြင်သဖွယ်ပြောပြပါတယ်။ အဲဒီမှာ သခွတ်ပွင့်ရဲ့ နောက်ခံဇာတ်လမ်းလည်းပါလာပြီး အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်။

အသူရာနတ်မင်းရဲ့သမီးကို သိကြားမင်းခိုးယူသွားရာကစလို့ ရန်ဘက်တွေ ဖြစ်လာကြပြီး အသူရာနတ်မင်းက တာဝတိံသာကို စစ်ချီပါသတဲ့။ နတ်သိကြားတွေနဲ့ စစ်ဖြစ်တဲ့အခါ အသူရာတွေစစ်ရှုံးလို့ မြင်းမိုရ်တောင်ထက်ကနေ ပစ်ချခြင်းခံရပါသတဲ့။ မိန်းမောရာကနေ နိုးထလာတဲ့အသူရာတွေဟာ ဆွတ်ဆွတ်ဖြူအောင်ပွင့်နေတဲ့ သခွတ်ပွင့်တွေကိုမြင်မှ သူတို့ရောက်နေတဲ့နေရာဟာ အနီရောင်ရဲရဲကသစ်ပန်းတွေပွင့်တဲ့ သိကြားမင်းစံရာ တာဝတိံသာမဟုတ်ပါကလား၊ အသူရာပြည်ပါပဲလားဆိုတာကို သတိဝင်လာပြီး တာဝတိံသာကို တစ်ဖန် စစ်ချီကြပြန်ပါသတဲ့။ အဲဒီအကြောင်းအရာကိုယူပြီး သီချင်းရေးဆရာ မြို့မငြိမ်းက "နှစ်တိုင်းပင် သခွတ်ပွင့်ချိန်မှာ သိကြားနဲ့ အသူရာ သမက်နဲ့ ယောက္ခမ ဘောက်ကျလို့လည်း အားမရနိုင်ရှာ" ရယ်လို့ စာသားသွင်းပြီး "သခွတ်ပန်း"အမည်နဲ့ သီချင်းရေးဖွဲ့ရာမှာ နာမည်ကြီးပြီး အလွန်လူကြိုက်များပါတယ်။

အထက်အညာဒေသဘက်မှာက လက်ပံပွင့်၊ သခွတ်ပွင့်၊ မန်ကျည်းဖူး၊ မန်ကျည်းရွက် အစရှိတဲ့ အပွင့်အရွက်တွေကို နှစ်ပေါက်ထားစားသုံးဖို့ကို အချဉ်တည်၊ အခြောက်လှန်းကာ သိုမှီးထားတတ်ကြပါတယ်။ သခွတ်ပွင့်ကို အခြောက်လှန်းမယ်ဆိုရင် အပွင့်အတွင်းက ဝတ်ဆံလေးတွေကိုဖယ်ပြီး အပွင့်ကိုထက်ခြမ်းခွဲကာ ခြောက်သွေ့သွားအောင် ကျဲကျဲပူတဲ့နေမှာ နှစ်နေလောက်ပြရပါတယ်။ ထူးခြားချက်က ဖြူဆွတ်နေတဲ့ သခွတ်ပွင့်တွေဟာ နေလှန်းလိုက်ရင်မည်းသွားတတ်ပြီး ချက်ပြုတ်တဲ့အခါလည်း အရောင်ညိုမည်းသွားပါတယ်။ သခွတ်ပွင့်ရဲ့ အကျိုးဂုဏ်ကို ဥတုဘောဇနသင်္ဂဟကျမ်းမှာ "သခွတ်ပွင့်သည် ချို၊ ဖန်၊ ခါး အရသာရှိ၏။ အေး၏။ အစာကို မျှစေတတ်၏။ သွေး၊ သလိပ်တို့ကို နိုင်၏"လို့ ဖော်ပြထားပါတယ်။

နေလှန်းထားတဲ့ သခွတ်ပွင့်ခြောက်တွေကို ကြော်စားတော့မယ်ဆိုရင် အပွင့်တွေနူးပွလာအောင် ဦးစွာ ရေအေးနဲ့ နှစ်နာရီလောက် စိမ်ရပါမယ်။ မြန်ချင်ရင်တော့ ရေနွေးနဲ့ စိမ်လိုက်ပါ။ အပွင့်တွေရေနူးပြီး ပွလာတဲ့အခါ ရေညှစ်ပြီး မထူမပါးလှီးကာ အသင့်ပြင်ထားပါ။ ကြက်သွန်ဖြူ ကြက်သွန်နီ ထောင်းပြီးသား အရောကို ဆီမွှေးသတ်ပါ။ ကြက်သွန်ကြော်တွေ ရွှေရောင်သမ်းလာတဲ့အခါ သခွတ်ပွင့်များကို ထည့်လှိမ့်ပေးပါ။

ပြီးက အပွင့်များနူးလာအောင် ရေထည့်ပြီး အဖုံးအုပ်ကာ ဆက်တည်ထားပါ။ ဆီဆူသံပေးပြီး ဆီပြန်စပြုလာတဲ့အခါ အပေါ့၊ အငန်မြည်းလို့ မီးဖိုမှချကာ စားရန်အသင့်ဖြစ်ပါပြီ။ သခွတ်ပွင့်ကြော်ရဲ့အရသာဟာ ချို၊ ဖန်အရသာမှာ အခါးလေးစွက်နေတာကြောင့် နှုတ်မြိန်အောင် အစွမ်းထက်တဲ့ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်ဖြစ်ပါတယ်။

**စံလွင် (ငါးဦးစီး)**

## ဖာပွန်မြို့၌ ရှမ်းစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျင်းပ

**ဖာပွန် မေ ၂၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ရှမ်းစာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအတွက် ရည်ရွယ်ပြီး နှစ်စဉ်သင်ကြားပို့ချလျက်ရှိသော ရှမ်းစာပေနှင့်ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၂၀ ရက်က ဖာပွန်မြို့ ဝေမှုန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းစာပေနှင့်ယဉ်ကျေးမှုနာယက အေးသုခကျောင်းဆရာတော် ဦးဝါရိန္ဒက ဩဝါဒမိန့်ကြားခဲ့ပြီး ဖာပွန်မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဖိုးခင်က သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းတွင် ဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဖိုးခင်၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးကျော်ညွန့်နှင့် တာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းဆရာ ဦးစိုင်းနောင့်စိုင်းက သင်တန်းဖွင့်လှစ်ရခြင်းမှာ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများမပျောက်စေရန် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းသင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် အေးသုခကျောင်းဆရာတော်နှင့် ဆရာတော်သံဃာတော်များ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သင်တန်းသား သင်တန်းသူများ၊ ဖာပွန်မြို့ရှိ ရှမ်းတိုင်းရင်းသားများနှင့် မြို့မိမြို့ဖများ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ်မြောက် မရမာကြီးအမျိုးသားနေ့ စစ်တွေမြို့၌ ကျင်းပမည်

**စစ်တွေ မေ ၂၅**

မရမာကြီးတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရခိုင်ပြည်နယ်)က ကြီးမှူး၍ တတိယအကြိမ်မြောက် မရမာကြီး အမျိုးသားနေ့ကို စစ်တွေမြို့၌ မေ ၂၉ ရက် နယုန်လပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ် မရမာကြီးအမျိုးသားနေ့ကို ကျောက်ဖြူမြို့မှာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်နဲ့ ယခု တတိယအကြိမ်ကို စစ်တွေမြို့မှာ ကျင်းပခြင်းဖြစ်ပါတယ်၊ မရမာကြီးအမျိုးသားနေ့ ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးတွင် မိမိတို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ဖော်ထုတ်ပြသနိုင်မယ့် အမျိုးသားနေ့ဆိုတာ ရှိသင့်ပါတယ်၊ ဒီလို မိမိတို့ရဲ့အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မိမိတို့လူမျိုးစုရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ထုတ်ခွင့်ရရှိပြီး ပြည်နယ်အတွင်း ဖြန့်ခွဲနေထိုင်ကြတဲ့ မရမာကြီးတိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် ဒေသနေတိုင်းရင်းသားအားလုံးတို့နဲ့လည်း စည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေဖို့ ဖြစ်ပါတယ်၊ မရမာကြီးတိုင်းရင်းသားတို့ရဲ့ သမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ထုတ်လိုစိတ်နဲ့ ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ကို ခေတ်လူငယ်တွေ သိရှိလာစေဖို့အတွက်လည်း ဖြစ်ပါတယ်၊ အခုနှစ် တတိယအကြိမ်မြောက် အမျိုးသားနေ့ကိုတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ရန်ပုံငွေ ၁၅ သိန်းချပေးလို့ ယခင်နှစ်ကထက် ပိုမိုစည်ကားအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ အမျိုးသားနေ့ကျင်းပရေးအတွက် မေ ၂၀ ရက်က စစ်တွေမြို့ မရမာကြီးကျောင်းဟောင်း ပရိယတ္တိစာတိုက်တွင် မြို့ပေါ်ရှိ မရမာကြီးတိုင်းရင်းသားတွေကို အစည်းအဝေးဖိတ်ခေါ်ပြီး တွေ့ဆုံညှိနှိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု အမျိုးသားနေ့ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်နုက ပြောသည်။

မရမာကြီးတိုင်းရင်းသားတို့သည် ရခိုင်မျိုးနွယ်စု ခုနစ်စုထဲတွင် မျိုးနွယ်စုတစ်စုအနေဖြင့် ပါဝင်ပြီး အမျိုးသားနေ့ကို ရိုးရာအကပဒေသာများ၊ ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမည့် အစီအစဉ်များလည်း ပါဝင်အောင် စီစဉ်ဆောင်ရွက်ထားရှိကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ စစ်တွေမြို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စာရေးဆရာ၊ သတင်းစာဆရာများ၊ မီဒီယာများနှင့် ရခိုင်ပြည်နယ်ရှိ ညီနောင်တူဖွား ရခိုင်၊ သက်၊ မရမာကြီး၊ သက္ကမ (ဒိုင်းနက်)၊ ခမီ၊ မြို၊ ချင်း၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ဖိတ်ကြား၍ စုပေါင်းအင်အားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

